ဓမ္မ၀၁
ပါဠိ မြန်မာ



切株に鶯とまる二月かな　石竹

၀၂

なくて、アシンメトリー即ち、アンバランスのバランスが、盆栽や生花で追求される

# ခုဒ္ဒကနိကာယ်

# ဓမ္မပဒပါဠိတော်

## မြန်မာပြန်

မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ ၂၅၃၂ ကောဇာ ၁၃၅၀ ၁၉၈၈

# ဓမ္မပဒပါဠိတော်မြန်မာပြန်

၁။ စတင်ရိုက်နှိပ်ခြင်း .... .... ၁၉၆၂-ခု

၂။ ပဋ္ဌမအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း ၁၉၆၈-ခု

အမှတ်...... ...... ......

ရက်စွဲ...... ...... ...... ......

[illegible]—၁၀,၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေး အရာရှိချုပ်) ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင် အမှတ် ၀၀၇၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

# ဓမ္မပဒပါဠိတော်

## မြန်မာပြန် နိဒါန်း

---

ဗုဒ္ဓသာသနာတော်သည် အင်္ဂါ ၉-ပါး အပြားရှိ၍ ဓမ္မပဒ ပါဠိတော်သည် ဂါထာဟူသော အင်္ဂါ၌ ပါဝင်ပြီးလျှင် ဝဂ်အားဖြင့် ၂၆-ဝဂ် ဂါထာအားဖြင့် ၄၂၃-ဂါထာ ရှိသည်။

ဓမ္မပဒဟူသော ပါဠိပုဒ်ကို အနက်ပြန်ရာ အကျယ်ဖွင့်ရာတို့၌ အောက်ပါအတိုင်း စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။

၁။ ပါရမီကျင့်စဉ်, သာသနာ့အခြေခံ, သာသနာ့မိန့်ခွန်းတော်(ဆရာမာကရစ်သျှနန်၏ အင်္ဂလိပ်ဘာသာပြန်။)

၂။ တရားအဖို့ (အံ၊ဌ၊၂။၂၂၈။နေတ္တိ၊ဌ။၂၅၅။)

၃။ စျာန် ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ဟူသော တရားအဖို့ (နေတ္တိ၊ဝိဘာ။၃၂၅။)

၄။ ဗောဓိပက္ခိယတရား ၃၇-ပါးဟု ဆိုအပ်သော တရားအဖို့ (ဓမ္မ၊ဌ၊၁။၂၁၂။)

၅။ အကျိုးကို ပြီးစေတတ်သော ခန္ဓာစသည်နှင့် စပ်သော အနဘိဇ္ဈာစသော တရားအဖို့ ၄-ခုတို့တွင် ၁-ခုခု(ဓမ္မ၊ဌ၊၁။၄၁၇။)

၆။ စျာန်စသည် အပြားရှိသော တရားကို ရကြောင်း, သိကြောင်းဖြစ်သော နည်းလမ်း (အံ၊ဋီ၊၂။၂၇၇။)

၇။ နိဗ္ဗာန်၏ ခရီးလမ်းကြောင်း (သုတ္တနိ၊ဌ။၁။၁၄၇။)

၈။ တရားဟူသောအဖို့, သဘာဝတ္တအဖို့ (ဓမ္မ၊ဋ္ဌ၊၁၁၂-ပဏ္ဏာမနှင့် ဂန္ထာရမ္ဘဂါထာ။)

၉။ ဥဒယျမ်ာရား ၅-ပါးတို့ကို သိရာသိကြောင်း ဖြစ်သော-ယင်းတရားတို့၏ အဖို့ရှိသော-ကျမ်း။

၁၀။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ စသည်ဖြင့် ဂါထာ သိကုံး၍ ဟောအပ်သော ပရိယတ္တိဓမ္မကို သိရာသိကြောင်းဖြစ်သော-ယင်းပရိယတ္တိဓမ္မတို့၏ အဖို့ရှိသော-ကျမ်း(ဓမ္မ၊ဋ္ဌီ။၇။)

ဤသို့စသည်ဖြင့် အသီးသီးအနက်ပြန်ကြ အကျယ်ဖွင့်ဆိုကြသည်၊ သဒ္ဒတ္ထအားဖြင့် အကျဉ်းချုံးသော် နိဗ္ဗာန်၏ခရီးလမ်းကြောင်း, တရားကို သိရာသိကြောင်း, တရားအဖို့ဟု အနက်သုံးမျိုးသာလျှင် ရသည်။

သို့ရာတွင် စျာန် ဝိပဿနာ မဂ်ဖိုလ်တို့နှင့် ပြည့်စုံစေ၍ နိဗ္ဗာန်သို့ ရောက်စေနိုင်သော ဂါထာညွန့်ပေါင်း, ဒေသနာညွန့်ပေါင်း ပါဠိတော် တရားတော် ဟု အလျော်အားဖြင့် အနက်ပြန်၍ ခေါ်ဆိုမည်ဆိုလျှင်လည်း ခေါ်ဆိုနိုင်ရာသည်။

ထို့ကြောင့် ယင်းဓမ္မပဒပါဠိတော်လာ တဂါထာမျှကို ကြားနာရခြင်းဖြင့် နိဗ္ဗာန်သို့ရောက်သွားကြသော သတ္တဝါဝေနေယျကိုဂ ား ဂဏန်းချ၍ မရေတွက်နိုင်လောက်အောင် များလှတော့သည်။

အထူးအားဖြင့် ဂျူနိုယနိုင်ငံ အသောကမင်းတရားသည် နိဂြောဓသာမဏေ ရှင်ဆို ဟောကြားအပ်သော "အပ္ပမာဒေါ အမတပဒံ" အစရှိသည့် ဓမ္မပဒဂါထာကို ကြားနာရခြင်း

The Buddha's Way of Virtue (Wagiswara & Saunders)

ကြောင့် မိစ္ဆာအယူကိုစွန့်၍ ဗုဒ္ဓဝါဒကို သက်ဝင်ယုံကြည်ပြီး လျှင် ဗုဒ္ဓဘာသာဝင် ကေရာဇ်ဘုရင်တပါးအဖြစ်ဖြင့် သာသနာ ပြုခဲ့လေသည်။

မြန်မာနိုင်ငံ အနော်ရထာမင်းစောသည်လည်း ရဟန္တာ ရှင်အရဟံ ရွတ်ဆို ဟောကြားအပ်သော "အပ္ပမာဒေါ အမတပဒံ" အစရှိသည့် ယင်း ဓမ္မပဒဂါထာကိုပင် ကြား နာရခြင်းကြောင့် အရည်းကြီး အယူကိုစွန့်၍ဗုဒ္ဓဝါဒကိုသက်ဝင် ယုံကြည်ပြီးလျှင် ဗုဒ္ဓဘာသာဝင် ကေရာဇ်ဘုရင်တပါးအဖြစ် ဖြင့် သာသနာပြုခဲ့လေသည်။

ဓမ္မပဒပါဠိတော်သည် ဗုဒ္ဓသာသနာ၌ရင်း ဗုဒ္ဓဝါဒကို စုံစမ်းလေ့လာသူ ပညာရှိလောကနှင့် စာပေလောက၌ရင်း အထင်ရှားဆုံး အပျံ့နှံ့ဆုံးဖြစ်သည်။

ဓမ္မပဒပါဠိတော်နှင့်စပ်လျဉ်း၍ ဒေါက်တာ ကဿိယပ်စ် အေပရဲရှားခေါ် ပညာရှိတဦးက "ပိဋကတ်သုံးပုံထဲမှ စာတအုပ် ကို အမည်ပြောစမ်းပါဆိုလျှင် နှောင့်နှေးခြင်းမရှိ ဓမ္မပဒကို ရွေးချယ်လိမ့်မည်။ အကြောင်းမှာ ကျွန်ုပ်အား ကျေးဇူး အများဆုံးဖြစ်သောကြောင့်ရင်း, စာပေလောက၌ တခုတည်း သော အကောင်းဆုံးစာအုပ်ဟု ပြောဖွယ်မလိုသောကြောင့် ရင်းဖြစ်သည်။ နှစ်ပေါင်း လေးဆယ်ကျော်အတွင်း ကံ မကောင်း အကြောင်းမသင့်ခြင်းနှင့် စိတ်နှလုံးပူပန်ဆင်းရဲ ခြင်း ဖြစ်ပေါ်သည့်အခါတိုင်း၌ သစ္စာရှိသော မိတ်ဆွေ တယောက်ဖြစ်၍ မပျက်မကွက် ဖြေဖျောက်သက်သာစေ သည်။ မနိုင်းယှဉ်နိုင်အောင် လှပသောဂါထာတို့သည် အကြံ

ဉာဏ် ပေး ရန် အတွက် ဖြစ်စေ, အမျိုးမျိုးသော ဆင်းရဲ ဒုက္ခလျော့ပေါ့ သက်သာရန်အတွက်ဖြစ်စေ, ကောင်းသတင်း ကျော်စောရန် အတွက် ဖြစ်စေ, ထိုးထွင်း၍သိမြင်ရန် အတွက် ဖြစ်စေ ဘယ်အခါမှ အချည်းနှီးမဖြစ်၊ တခုခုအတွက် အကျိုး ရှိသည်သာ ဖြစ်သည်”ဟု သီဟိုဠ်သားအရှင်နာရဒ၏ အင်္ဂလိပ် ဘာသာပြန် ဓမ္မပဒ နိဒါန်း၌ ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယ အမျိုးသား ဆရာရာဓာကရစ်သျှနန်ခေါ် ပညာရှိကြီး တဦး ကလည်း “ယခုအခါ ကမ္ဘာ တဝန်းလုံး ခေတ်စားနေသော အရေးတခုရှိသည်၊ ကမ္ဘာ တခုတည်းသာ ရှိသည်၊ သို့မဟုတ် ကမ္ဘာဟူ၍ လုံးဝမရှိဟု ကျွန်ုပ်တို့ အသိ အမှတ်ပြုရန် ရောက်ကြပြီ၊ တခုတည်းသော ကမ္ဘာကို တည် ဆောက်ရန် ကြိုးပမ်းမှုသည် ကမ္ဘာသူ ကမ္ဘာသား အချင်း ချင်း, သူတို့၏ယဉ်ကျေးမှုအချင်းချင်း တဦးနှင့်တဦး တခုနှင့် တခုနားလည်မှု ဆက်စပ်မှု ညီညွတ်မှုကို လိုသည်၊ ကမ္ဘာ့ နားလည်မှု, ကမ္ဘာ့ဆက်စပ်မှု, ကမ္ဘာ့ညီညွတ်မှုအားအထောက် အပံ့ အကူအညီ အဖြစ်ဖြင့် ဗုဒ္ဓသာသနာ ပိဋကတ် စာပေ၌ အထင်ရှား အကျော်စောဆုံး, တန်ခိုး အရှိန်အဝါ အကြီးဆုံး သော ဓမ္မပဒ ဘာသာပြန်ကို ပေးအပ်သည်၊ ဓမ္မပဒပါဠိတော် ၏ ပဓာနအချက်သည် (ဖန်ဆင်းသူ ကယ်တင်သူ စသော) တန်ခိုးရှင်တို့ အကြောင်းကို တွေးခေါ်အောက်မေ့ခြင်းထက် (လောကဝတ်, ဖြောင့်မှန်သောအမူအကျင့်, သုံးသပ်ဆင်ခြင်မှု, ထိုးထွင်း သိမြင်မှု) သီလ သမာဓိ ပညာ တို့က အရေး ကြီးကြောင်း ဖော်ပြခြင်း ဖြစ်သည်။ ခေတ် အတွေးအခေါ် စဉ်းစားဉာဏ်တို့နှင့် တိုက်ဆိုင်ဆီလျော်သည်။

စိတ်ကို လုံ့ဝ ချုပ်တည်း ခြင်းသည် ရှူးသွပ် ခြင်းကို ဖြစ်စေ တတ်သည်၊ ယင်းစိတ်ကို အထိန်းမဲ့ လွှတ်ထား လိုက်ခြင်းသည် အပြီးတိုင် ရူးသွပ်သွားတတ်သည်၊ (မလျော့ မတင်း စောင်းကြိုးမျှင်း ကဲ့သို့ကျင့်ရမည်၊ အစွန်းနှစ်ဖက်သို့ မကပ်မူ၍ အလယ်လမ်းဖြင့် လိုက်ရမည်) ဟူသော ယင်း ဓမ္မပဒပါဠိတော်၏ သင်ပြ ညွှန်ကြားချက်ကို ခေတ်စိတ္တဗေဒ ပညာက ထောက်ခံသည်၊ လူမျိုးတိုင်းသည် မိမိတို့ အသီး အသီး၏ ပြဿနာနှင့်စပ်လျဉ်း၍ ဖတ်ဖွယ် မှတ်သားဖွယ် လိုက်နာ ကျင့်သုံးဖွယ် ဒွေးကြွယ် ပြည့်စုံလှသော ဓမ္မပဒကဲ့သို့ သော ကျမ်းစာကို သိသင့် သိထိုက် သိအပ်လှပေသည်'' ဟု သူ့ ကိုယ်တိုင် ရေးသားသော အင်္ဂလိပ်ဘာသာပြန် ဓမ္မပဒ၌ ဖော်ပြထားသည်။

ယင်းဓမ္မပဒပါဠိတော်ကို သီဟိုဠ် ဟိန္ဒီ လက်တင် အင်္ဂလိပ် ဂျာမနီ ပြင်သစ် အီတလီဘာသာစသည်တို့ဖြင့် ဘာသာပြန် ထားကြသည်၊ မကြာမီက တမယ်လ်ဘာသာဖြင့်လည်း ဘာ သာပြန်ပြီးပြီဟု သိရသည်။

သသ်ကရိုက်မှ တရုပ်၊ တရုပ်မှ အင်္ဂလိပ်ဘာသာပြန်ထား သော မြောက်ပိုင်း ဗုဒ္ဓဘာသာကျမ်းစာတခုသည် ဓမ္မပဒဟု အမည်တွင်၍ ဂါထာ ၅၀၀-ကျော်ရှိပြီးလျှင် ထေရဝါဒ ဓမ္မပဒ နှင့် အချို့အချက်တို့၌ ခြားနားသည်ဟု အင်္ဂလိပ်ဘာသာပြန် ဆရာတို့က ဆိုကြသည်။

သသ်ကရိုက်မှ တိဘက်၊ တိဘက်မှ အင်္ဂလိပ်ဘာသာ ပြန် ထားသော ဥဒါနဝဂ္ဂခေါ် ကျမ်းတကျမ်းလည်းရှိသည်၊ ၎င်း

ကျမ်းတွင် အချို့မှာ ဓမ္မပဒနှင့်တူ၍ အချို့မှာဥဒါနနှင့်တူသည်ဟု အင်္ဂလိပ်ဘာသာပြန်ဆရာတို့ အဆိုအရ သိရပေသည်။

မြန်မာနိုင်ငံ၌လည်း ဓမ္မပဒပါဠိတော်နိဿယ ဓမ္မပဒဝတ္ထုနှင့် ဓမ္မပဒဝတ္ထုတော်ကြီးများသည် ရှေးနှစ်ပေါင်းများစွာက ပေါ်ထွက်ပြီး ရှိခဲ့သည်။

ယခုအခါ ဗုဒ္ဓသာသနာတော်သည် နိုင်ငံတော်ဘာသာ သာသနာဖြစ်လာရာ အထက်တွင်ဆိုခဲ့သော သာသနာဘက်ဆိုင်ရာ ကောင်းခြင်းဂုဏ် လောကဘက်ဆိုင်ရာ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသောကြောင့်ရင်း လူတန်းစားအမျိုးမျိုး လူရွယ်အစားစား သိသင့်သိထိုက်သော အချိန်အခါ ဖြစ်နေသောကြောင့်ရင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့က ပဋိဝိသော ဓက ညြသာနသောဓကအဖွဲ့ဝင် ဆရာတော်တို့ သုဓ်သင်ပြင်ဆင်ထားတော်မူသည့် ခုဒ္ဒကနိကာယ်မြန်မာပြန်မှ ထုတ်နုတ်၍ ပါဠိတော်ကို မူတည်ပြီးလျှင် မြန်မာဘာသာသက်သက်ဖြင့် ရဟန်း, ရှင်,လူ အပေါင်းတို့ လွယ်ကူစွာ ကြည့်ရှုနိုင်ရန် အိတ်ဆောင်သဖွယ် ဓမ္မပဒပါဠိတော်မြန်မာပြန် ဟူသောစာအုပ်ငယ်ကို သီးခြားပုံနှိပ် ဖြန့်ချိလိုက်ရပေသည်။ ဗုဒ္ဓဝါဒကိုသိရှိသိနားလည်လိုသူတို့နှင့် ဈာန်ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသောတရားအဖိုကို ရယူလိုသူ အပေါင်းတို့သည် ဤစာအုပ်ကို အမြဲမပြတ် ဖတ်ရှုလေ့လာ ကျင့်ကြံအားထုတ်နိုင်ကြပါစေသတည်း။

သာသနာ ၂၅၀၅
မြန်မာ ၁၃၂၃-ခု
တပို့တွဲလဆန်း ၁၀-ရက်နေ့။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့
ကမ္ဘာအေး။

ဓမ္မပဒပါဠိတော် မြန်မာပြန်

# မာတိကာ


| ဦးရေ | ဝဂ်အမည် | မျက်နှာအမှတ် |
|---|---|---|
| ၁ | ယမကဝဂ် | ၁ |
| ၂ | အပ္ပမာဒဝဂ် | ၉ |
| ၃ | စိတ္တဝဂ် | ၁၄ |
| ၄ | ပုပ္ဖဝဂ် | ၁၈ |
| ၅ | ဗာလဝဂ် | ၂၄ |
| ၆ | ပဏ္ဍိတဝဂ် | ၃၀ |
| ၇ | အရဟန္တဝဂ် | ၃၅ |
| ၈ | သဟဿဝဂ် | ၄၀ |
| ၉ | ပါပဝဂ် | ၄၆ |
| ၁၀ | ဒဏ္ဍဝဂ် | ၅၂ |
| ၁၁ | ဇရာဝဂ် | ၅၈ |
| ၁၂ | အတ္တဝဂ် | ၆၂ |
| ၁၃ | လောကဝဂ် | ၆၆ |
| ၁၄ | ဗုဒ္ဓဝဂ် | ၇၁ |
| ၁၅ | သုခဝဂ် | ၇၇ |
| ၁၆ | ပိယဝဂ် | ၈၁ |

# မာတိကာ


| ဦးရေ | ဝဂ်အမည် | | | မျက်နှာအမှတ် |
|---|---|---|---|---|
| ၁၇-ကောဓဝဂ် | .... | .... | .... | ၈၆ |
| ၁၈-မလဝဂ် .... | .... | .... | .... | ၉၁ |
| ၁၉-ဓမ္မဋ္ဌဝဂ် .... | .... | .... | .... | ၉၆ |
| ၂၀-မဂ္ဂဝဂ် .... | .... | .... | .... | ၁၀၅ |
| ၂၁-ပကိဏ္ဏကဝဂ် | .... | .... | .... | ၁၁၂ |
| ၂၂-နိရယဝဂ် | .... | .... | .... | ၁၁၈ |
| ၂၃-နာဂဝဂ်.... | .... | .... | .... | ၁၂၃ |
| ၂၄-တဏှာဝဂ် | .... | .... | .... | ၁၂၉ |
| ၂၅-ဘိက္ခုဝဂ် ... | .... | .... | .... | ၁၄၀ |
| ၂၆-ဗြာဟ္မဏဝဂ် | .... | .... | .... | ၁၄၉ |

# ခုဒ္ဒကနိကာယ်

# ဓမ္မပဒပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ယမကဝဂ် ၁-စက္ခုပါလတ္ထေရဝတ္ထု

၁။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

၁။ နာမ်ခန္ဓာ (လေး ပါး) တို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ ပြစ်မှားလိုသော စိတ်ဖြင့် အကယ်၍ ပြောဆို သော်ငြားပြုလုပ်သော်ငြား ကြံစည်သော်ငြား ထို (ပြောဆိုပြုလုပ်ကြံစည်မှု) ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ခြေရာသို့ အစဉ်လိုက်ဘိသကဲ့သို့ ထိုသူသို့ ဆင်းရဲသည် အစဉ်လိုက်လေ၏။

## ၂-မဋ္ဌကုဏ္ဍလီဝတ္ထု

၂။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနပါယိနီ။

၂။ နာမ်ခန္ဓာ(လေးပါး)တို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့် ပြီးကုန်၏၊ သန့်ရှင်း ကြည်လင်သော စိတ်ဖြင့် အကယ်၍ ပြောဆိုသော်ငြင်း ပြုလုပ်သော်ငြင်း ကြံစည်သော်ငြင်း ထို (ပြောဆိုပြုလုပ်ကြံစည်မှု)ကြောင့် အရိပ်သည်(လူကို) မစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

## ၃-တိဿတ္ထေရဝတ္ထု

၃။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။

၃။ ဤသူသည် ငါ့ကို ဆဲရေးဘူးပြီ၊ ငါ့ကို ညှဉ်းဆဲဘူးပြီ၊ ငါ့ကို အောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဘူးပြီ ဟု ထိုသူ့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏၊ ထိုသူတို့အား (ဖြစ်ပေါ်လာသည့်) ရန်သည် မငြိမ်းအေးနိုင်။

၄။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေ စ တံ နုပနယှန္တိ၊ ဝေရံ တေသူပသမ္မတိ။

၄။ ဤသူသည် ငါ့ကို ဆဲရေးဘူးပြီ၊ ငါ့ကိုညှဉ်းဆဲဘူးပြီး၊ ငါ့ကိုအောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာဆောင်ယူဘူးပြီဟု သူ့အပေါ်၌

ရန်ငြိုးမဖွဲ့ကုန်၊ ထိုသူတို့အား (ဖြစ်ပေါ်လာသည့်) ရန်သည် ပြေငြိမ်းနိုင်၏။

## ၄-ကာဠယက္ခိနီဝတ္ထု

၅။ န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

၅။ ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှမပြေငြိမ်းနိုင်ကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်ပြေငြိမ်းနိုင်ကုန်၏၊ဤသဘောကား အစဉ်အလာ ဓမ္မတာသဘောပင်တည်း။

## ၅-ကောသမ္ဗကဝတ္ထု

၆။ ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

၆။ ဤလောက၌ လူမိုက်တို့သည် ငါတို့ သေကြလိမ့်မည်ဟု မသိကြကုန်၊ ထိုမသိမှုကြောင့် ခိုက်ရန် ငြင်းခုံမှုတို့သည် မပြေငြိမ်းနိုင်ကုန်၊ ဤလောက၌ ပညာရှိသူတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏၊ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ပြေငြိမ်းနိုင်ကုန်၏။

## ၆-မဟာကာဠတ္ထေရဝတ္ထု

၇။ သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။

၇။ တင့်တယ်၏ဟု အဖန်ဖန် ရှု၍နေသော ဣန္ဒြေတို့၌ မစောင့်စည်းပဲ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိမူ၍ ဝီရိယ ယုတ်လျော့ ပျင်းရိသူကို လေမုန်တိုင်းသည် အားနည်းသော သစ်ပင်ကို နှိပ်စက်ညွှတ်ဆဲဘိသကဲ့သို့ (ကိလေသာ)မာရ်သည် စင်စစ် နှိပ်စက်နိုင်၏။

၈။ အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။<br>
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။<br>
တံ ဝေ နပ္ပသဟတိ မာရော၊ဝါတော သေလံဝ ပဗ္ဗတံ။

၈။ မတင့်တယ်ဟု အဖန်ဖန်ရှု၍ နေသော ဣန္ဒြေတို့၌ ကောင်းစွာစောင့်စည်းလျက် ဘောဇဉ်၌ အတိုင်းအရှည်ကို သိ၍ သဒ္ဓါတရားရှိသဖြင့် ထက်သန်သော လုံ့လရှိသူကို လေမုန်တိုင်းသည် ကျောက်တောင်ကြီးကို မနှိပ်စက် မညွှတ်ဆဲနိုင်ဘိသကဲ့သို့ (ကိလေသာ) မာရသည် စင်စစ် မနှိပ်စက်နိုင်။

## ၇-ဒေဝဒတ္တဝတ္ထု

၉။ အနိက္ကသာဝေါ ကာသာဝံ၊<br>
ယော ဝတ္ထံ ပရိဒဟိဿတိ။<br>
အပေတော ဒမသစ္စေန၊<br>
န သော ကာသာဝမရဟတိ။

၉။ (ဣန္ဒြေကို) ဆုံးမခြင်းကင်း၍ မှန်ကန်စွာ ပြောဆိုခြင်း မရှိသော ကိလေသာ ဖန်ရည်မကင်းပဲလျက် ဖန်ရည်စွန်းသောအဝတ်(သင်္ကန်း)ကိုဝတ်သောသူသည် ဖန်ရည်စွန်းသောအဝတ်(သင်္ကန်း)နှင့် မထိုက်တန်။

၁၀။ ယော စ ဝန္တကသာဝ’သာ၊
သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊
သ ဝေ ကာသာဝမရဟတိ။

၁၀။ ဤခန္ဓာတို့ကို ဆုံးမလျက် မှန်ကန်စွာ ပြောဆိုခြင်းရှိသော ကိလေသာ ဖန်ရည်ကို ထွေးအန်ပြီး၍ သီလတို့၌ ကောင်းစွာ စောင့်ထိန်းသူသည်သာလျှင် ဖန်ရည်စွန်းအဝတ်နှင့် ထိုက်တန်၏။

## ဂ-သာရိပုတ္တတ္ထေရဝတ္ထု

၁၁။ အသာရေ သာရမတိနော၊
သာရေ စာသာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊
မိစ္ဆာသင်္ကပ္ပဂေါစရာ။

၁၁။ အနှစ်မရှိသော တရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏ အနှစ်ရှိသောတရား၌မူကား အနှစ်မရှိ ဟု အယူရှိကြကုန်၏၊ ထိုသူတို့သည် မှားသော ကြံစည်မှုလျှင် အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။

၁၂။ သာရဉ္စ သာရတော ဉတွာ၊
အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊
သမ္မာသင်္ကပ္ပဂေါစရာ။

၁၂။ အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသောတရားဟူ၍ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရား

ဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

## ၉-နန္ဒတ္ထေရဝတ္ထု

၁၃။ ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌီ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။

၁၃။ အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို(သမထ ဝိပဿနာ တို့ဖြင့်) ကောင်းစွာ မပွါးထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင် နိုင်၏။

၁၄။ ယထာ အဂါရံ သုဆန္နံ၊ ဝုဋ္ဌီ န သမတိဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိဝိဇ္ဈတိ။

၁၄။ အိမ်ကို ကောင်းစွာ မိုးအပ်သည်ရှိသော် မိုးရေသည် မဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထဝိပဿနာ တို့ဖြင့်) ကောင်းစွာ ပွါးထုံအပ်သည်ရှိသော် ရာဂသည် မဖောက်ဝင်နိုင်။

## ၁၀-စုန္ဒသူကရိကဝတ္ထု

၁၅။ ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

၁၅။ မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏၊ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း စိုးရိမ်ရ၏၊ ထိုမကောင်းမှုပြုသူသည် မိမိ၏ညစ်နွမ်းသော ကံကို သိမြင်၍ စိုးရိမ်ရ ပင်ပန်းရ၏။

## ၁၁- ဓမ္မိကဥပါသကဝတ္ထု

၁၆။ ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

၁၆။ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန် တမလွန်ဘဝနှစ်တန်တို့၌လည်း ဝမ်းမြောက်ရ၏၊ ထိုကောင်းမှုပြုသူသည် မိမိ၏စင်ကြယ်သော ကံကို သိမြင်ရ၍ ဝမ်းမြောက်ရအလွန်ဝမ်းမြောက်ရ၏။

## ၁၂-ဒေဝဒတ္တဝတ္ထု

၁၇။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊
ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
"ပါပံ မေ ကတ"န္တိ တပ္ပတိ၊
ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။

၁၇။ မကောင်းမှု ပြုသူသည် ဤဘဝ၌လည်း ပူပန်ရ၏၊ တမလွန်ဘဝ၌လည်း ပူပန်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း ပူပန်ရ၏၊ "ငါသည် မကောင်းမှုကိုပြုမိပြီ" ဟု ပူပန်ရ၏၊ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ပါမူကား အလွန်ပူပန်ရ၏။

## ၁၃-သုမနဒေဝီဝတ္ထု

၁၈။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊
ကတပုညော ဥဘယတ္ထ နန္ဒတိ။
"ပုညံ မေ ကတ"န္တိ နန္ဒတိ၊
ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။

၁၈။ ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏၊ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏၊ ပစ္စုပ္ပန်တမလွန် ဘဝ နှစ်တန်တို့၌လည်း နှစ်သက်ရ၏၊ "ငါသည် ကောင်းမှုကို ပြုအပ်ပြီ"ဟု နှစ်သက်ရ၏၊ သုဂတိဘုံဘဝသို့ ရောက်ပါမူကား အလွန်နှစ်သက်ရ၏။

## ၁၄-ဒွေသဟာယကဘိက္ခုဝတ္ထု

၁၉။ ဗဟုမ္ပိ စေ သံဟိတဘာသမာနော၊
န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
န ဘာဂဝါ သာမညဿ ဟောတိ။

၁၉။ နွားရှင်တို့အား နွားတို့ကို ငွေတွက်အပ်နှင်းလိုက်ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွါးနှင့်စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို များစွာပြောဟောနေသော်လည်း မကျင့်မကြံ မေ့လျော့ပေါ့တန်နေသော သူသည် ပြုထိုက်သည်ကို ပြုသည် မမည်၊ မဂ်ဖိုလ်အရသာကို မခံစားရ။

၂၀။ အပ္ပမ္ပိ စေ သံဟိတဘာသမာနော၊
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊
သ ဘာဂဝါ သာမညဿ ဟောတိ။

၂၀။ နိဗ္ဗာန်ရောက်သည်အထိ အကျိုးစီးပွါးနှင့် စပ်သော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို အနည်းငယ်မျှပင် ပြောဟောနေပါသော်လည်း တရားအားလျော်သော အကျင့်ကိုကျင့်လေ့ရှိသူဖြစ်ခဲ့မူ ရာဂ ဒေါသ မောဟကို ပယ်ပြီးလျှင် ကောင်းစွာ အပြားအားဖြင့် သိသည်ဖြစ်၍ (ကိလေသာတို့မှ) လွတ်သော စိတ်ရှိသည်ဖြင်လျက် ဤလောကဥ္စရင်း တမလွန်လောကဥ္စရင်း စွဲလမ်းမှု မရှိတော့ပြီ၊ ထိုသူသည်သာ မဂ်ဖိုလ်အရသာကို ခံစားရ၏။

ရှေးဦးစွာသော ယမကဝဂ် ပြီး၏။

---

## ၂-အပ္ပမာဒဝဂ် ၁-သာမာဝတီဝတ္ထု

၂၁။ အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

၂၁။ မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း၊ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့သူတို့သည် သေသည် မည်ကုန်၏။

၂၂။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

၂၂။ မမေ့မလျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားကြောင်းကိုသိ၍ မမေ့မလျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက် ကုန်လျက် အရိယာတို့၏ ကျက်စားရာ လောကုတ္တရာတရား ကိုးပါး၌ မွေ့လျော်ကြကုန်၏။

၂၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

၂၃။ ထိုပညာရှိတို့သည် (သမထဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာကို) ရှို့မြိုက်ကုန်ပြီးလျှင် အမြဲမပြတ်လုံ့လပြုကုန်၍ မတွန့်မဆုတ် လုံ့လသုတ်ကုန်လျက် ယောဂလေးပါး၏ကုန်ရာ အတုမရှိ မြတ်သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

## ၂-ကုမ္ဘဃောသကသေဋ္ဌိဝတ္ထု

၂၄။ ဥဋ္ဌာနဝတော သတီမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။

၂၄။ ထကြွ လုံ့လရှိသူ သတိရှိသူ စင်ကြယ်သောကံသုံးပါး ရှိသူ စူးစမ်း၍ပြုလေ့ရှိသူ (ဣန္ဒြေကို) စောင့်စည်းသူ တရားသဖြင့် အသက်မွေးသူ မမေ့လျော့သူအား အခြံအရံ အကျော်အစောသည် တိုးပွါး၏။

## ၃-စူဠပန္ထကဝတ္ထု

✓ ၂၅။ ဥဋ္ဌာနေန'ပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ။

၂၅။ ထကြွလုံ့လနှင့်၎င်း မမေ့မလျော့ခြင်းနှင့်၎င်း (သီလ) စောင့်စည်းခြင်းနှင့်၎င်း (ဣန္ဒြေကို) ဆုံးမခြင်းနှင့်၎င်း ပြည့်စုံသော ပညာရှိသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ အရဟတ္တဖိုလ် တည်းဟူသော မှီခိုရာ ကျွန်းကို ပြုလုပ်ရာ၏၊ ယင်းသည့်ကျွန်းကို ကိလေသာ ရေယဉ်သည် မဖျက်ဆီးနိုင်တော့ပြီ။

## ၄-ဗာလနက္ခတ္တဝတ္ထု

၂၆။ ပမာဒမနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။
အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။

၂၆။ ပညာမဲ့၍ မိုက်သောသူတို့သည် မေ့လျော့မှုကို အားထုတ်ကြကုန်၏၊ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံး ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

၂၇။ မာ ပမာဒမနုယုဉ္ဇေထ၊ မာ ကာမရတိသန္ထဝံ။
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပောတိ ဝိပုလံ သုခံ။

၂၇။ ထို့ကြောင့် သင်တို့သည် မေ့လျော့မှုကို အားမထုတ်ကြကုန်လင့်၊ ကာမတို့၌ မွေ့လျော်မှုဟု ဆိုအပ်သော တဏှာနှင့် အကျွမ်းဝင်မှုကို အားမထုတ်ကြကုန်လင့်၊ အဘယ့်ကြောင့် ဆိုသော် မမေ့မလျော့ (သမထဝိပဿနာ) ဈာန်နှစ်ပါးဖြင့်

ကိလေသာကို ရှို့မြိုက်တတ်သောသူသည် မြတ်သော(နိဗ္ဗာန်) ချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း။

## ၅-မဟာကဿပတ္ထေရဝတ္ထု

၂၈။ ပမာဒံ အပ္ပမာဒေန၊
ယဒါ နုဒတိ ပဏ္ဍိတော။
ပညာပါသာဒမာရုယှ၊
အသောကော သောကိနိံ ပဇံ။
ပဗ္ဗတဋ္ဌောဝ ဘုမ္မဋ္ဌေ၊
ဓီရော ဗာလေ အဝေက္ခတိ။

၂၈။ ပညာရှိသည် မေ့လျော့မှုကို မမေ့မလျော့မှုဖြင့် ပယ်ဖျောက်၍၊ စိုးရိမ်မှုကင်းသော ရဟန္တာသည် ဒိဗ္ဗစက္ခုဟု ဆိုအပ်သော ပညာပြာသာဒ်ထက်သို့ တက်၍ စိုးရိမ်မှုရှိသော သတ္တဝါအပေါင်းကို ရှုကြည့်၏၊ တောင်ထိပ်၌ တည်သောသူသည် မြေပြင်၌ တည်သောသူတို့ကို ရှုကြည့်သကဲ့သို့ ပညာရှိရဟန္တာသည် (ပုထုဇဉ်) သူမိုက်တို့ကို ရှုကြည့်၏။

## ၆-ဒွေသဟာယကဘိက္ခုဝတ္ထု

၂၉။ အပ္ပမတ္တော ပမတ္တေသု၊
သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊
ဟိတွာ ယာတိ သုမေဓသော။

၂၉။ လျင်မြန်သော မြင်းသည် ခွန်အားနည်းသော မြင်းကို ချန်ထား၍ သွားသကဲ့သို့ မေ့လျော့သူအပေါင်းတို့

တွင် မမေ့မလျော့သော ပညာရှိသည် (မေ့လျော့သူကို) ချန်ထား၍ သွား၏၊ သတိလွတ်ကင်း နိုးကြားခြင်း မရှိသူအပေါင်းတို့တွင် သတိပွါးများ နိုးကြားသူသည် (သတိလွတ်ကင်းနိုးကြားခြင်း မရှိသူများကို)စွန့်ထား၍ သွား၏။

## ၇-မဃဝတ္ထု

၃၀။ အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

၃၀။ မာဃလုလင်သည် (ကုသိုလ်ကောင်းမှု၌) မမေ့ မလျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ ရောက်၏၊ (ပညာရှိတို့သည် ကုသိုလ်ကောင်းမှု၌) မမေ့မလျော့ ခြင်းကို ချီးမွမ်းကုန်၏၊ (ကုသိုလ်ကောင်းမှု၌) မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏။

## ၈-အညတရဘိက္ခုဝတ္ထု

၃၁။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
သံယောဇနံ အဏုံ ထူလံ၊ ဍဟံ အဂ္ဂီဝ ဂစ္ဆတိ။

၃၁။ မီးသည် ကြီးငယ်မရှောင် လောင်စာဟူသမျှကို လောင်ကျွမ်းသကဲ့သို့ မမေ့မလျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသောရဟန်းသည် ကြီးငယ်မဟူ သံယောဇဉ်အားလုံးကို လောင်ကျွမ်းစေလျက် (နိဗ္ဗာန်သို့) သွား၏။

## ၉-နိဂမဝါသိတိဿတ္ထေရဝတ္ထု

၃၂။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။

၃၂။ မမေ့လျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် (မဂ်ဖိုလ်တို့မှ) ဆုတ်ယုတ်ခြင်းငှါ မထိုက်၊ နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်၏။

နှစ်ခုမြောက် အပ္ပမာဒဝဂ် ပြီး၏။

---

## ၃-စိတ္တဝဂ် ၁-မေဃိယတ္ထေရဝတ္ထု

၃၃။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

၃၃။ လေးသမားသည် မြားကို ဖြောင့်အောင်ပြုသကဲ့သို့ ပညာရှိသည် (အာရုံတို့၌) တုန်လှုပ်၍ လျှပ်ပေါ်လော်လည်ခြင်းသဘောရှိသော စောင့်ထိန်းရန် တားမြစ်ရန် ခက်ခဲသော စိတ်ကို ဖြောင့်အောင် ပြု၏။

၃၄။ ဝါရိဇောဝ ထလေ ခိတ္တော၊
ဩကမောကတဥဗ္ဘတော။
ပရိဖန္ဒတိဒံ စိတ္တံ၊
မာရဓေယျံ ပဟာတဝေ။

၃၄။ ရေတည်းဟူသော မှီရာ တည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သောငါးသည် တဖျပ်ဖျပ် တုန်လှုပ်သကဲ့သို့ ကိလေသာမာရ်၏ ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

## ၂-အညတရဘိက္ခုဝတ္ထု

၃၅။ ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

၃၅။ နှိပ်နင်းရန် ခဲယဉ်း၍ လျင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ (ဆုံးမပြီး၍) ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

## ၃-အညတရဥက္ကဏ္ဌိတဘိက္ခုဝတ္ထု

၃၆။ သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

၃၆။ အလွန်အလွန် မြင်နိုင်ခဲသော အလွန်အလွန်သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

## ၄-သံဃရက္ခိတဘာဂိနေယျတ္ထေရဝတ္ထု

၃၇။ ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

၃၇။ အဝေးသို့ သွားတတ်သော တဦးတည်း ကျက်စားသော ကိုယ်ကောင်အထည်မရှိသော (ဟဒယဝတ္ထု) လိုဏ်ဂူ၌ မှီသောစိတ်ကို အကြင်သူတို့သည် စောင့်စည်း (ချုပ်

တည်း) ကြကုန်၏၊ (ထိုသူတို့သည်) မာရ်အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ္တံ့။

## ၃-စိတ္တဝဂ္ဂ၊ ဟတ္ထတ္ထေရဝတ္ထု

၃၈။ အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။

၃၈။ မတည်တံ့သော စိတ်ရှိသော သူတော်ကောင်းတရားကို မသိသော ပေါလောပေါ်သော ယုံကြည်မှုရှိသူအား ပညာသည် မပြည့်စုံ။

၃၉။ အနဝဿုတစိတ္တဿ၊ အနန္ဝါဟတစေတသော။
ပုညပါပပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

၃၉။ (ရာဂ)မစိုစွတ်သော စိတ်ရှိသော (ဒေါသ)ထိခိုက်သော စိတ်မရှိသော ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော နိုးကြားသောပုဂ္ဂိုလ်အား ဘေးသည် မရှိ။

## ၄-ပဉ္စသတဘိက္ခုဝတ္ထု

၄၀။ ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊
နဂရူပမံ စိတ္တမိဒံ ဌပေတွာ။
ယောဓေထ မာရံ ပညာဝုဓေန၊
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ။

၄၀။ ဤ(သုံးဆယ့်နှစ်ကောဋ္ဌာသ) ခန္ဓာကိုယ်ကို အိုးနှင့်တူ၏ဟုသိ၍ ဤစိတ်ကို မြို့နှင့်တူ၏ဟု ဉာဏ်၌ သက်ဝင်စေလျက် ပညာလက်နက်ဖြင့် ကိလေသာမာရ်ကို တိုက်ခိုက်ရာ၏။

(တိုက်ခိုက်၍) အောင်သောတရားကိုလည်း ကပ်ငြိတွယ်တာခြင်း မရှိပဲ စောင့်ရှောက်ထားရာ၏။

## ၇-ပူတိဂတ္တတိဿတ္ထေရဝတ္ထု

၄၁။ အစိရံ ဝတ'ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

၄၁။ ဤခန္ဓာကိုယ်သည် ဝိညာဏ်ကင်းခဲ့သော် အသုံးမကျသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်သည်ဖြစ်၍ မကြာမီသာလျှင် မြေပေါ်၌ အိပ်ရလိမ့်တကား။

## ၈-နန္ဒဂေါပါလကဝတ္ထု

၄၂။ ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။

၄၂။ ခိုးသူတယောက်သည် ခိုးသူတယောက်ကိုမြင်သော် ပျက်စီးအောင် ပြုရာ၏၊ ရန်သူတယောက်သည် ရန်သူတယောက်ကို မြင်သော် ပျက်စီးအောင်ပြုရာ၏၊မကောင်းသဖြင့်ထားအပ်သော စိတ်သည်ကား ထိုစိတ်ရှိသူကို ထို့ထက်ပင် ယုတ်ညံ့အောင် ပြုနိုင်၏။

## ၉-သောရေယျဝတ္ထု

၄၃။ န တံ မာတာ ပိတာ ကယိရာ၊
အညေဝါပိ စ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ၊
သေယျသော နံ တတော ကရေ။

၄၃။ ထိုလူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို အမိအဖသည် မပြုနိုင်၊ တပါးသော ဆွေမျိုးတို့သည်လည်း မပြုစွမ်းနိုင်ကုန်၊ ထိုလူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုမိဖဆွေမျိုး တို့ထက် တဆင့်ထက်တဆင့် မြင့်မြတ်အောင် ပြုစွမ်းနိုင်၏။

သုံးခုမြောက် စိတ္တဝဂ် ပြီး၏။

---

## ၄-ပုပ္ဖဝဂ် ၁-ပဉ္စသတဘိက္ခုဝတ္ထု

၄၄။ ကော ဣမံ ပထဝိံ ဝိစေဿတိ၊
ယမလောကဉ္စ ဣမံ သဒေဝကံ။
ကော ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ပစေဿတိ။

၄၄။ ဤအတ္တဘော တည်းဟူသော မြေကြီးကိုရင်း (အပါယ်လေးဝ) ယမမင်း လောကကိုရင်း နတ်လောကနှင့်တကွ ဤလူ့လောကကိုရင်း အဘယ်သူသည် ဉာဏ်ဖြင့် ရွေးချယ်စီစစ်နိုင်အံ့နည်း၊ လိမ္မာကျွမ်းကျင်သော ပန်းသည်သည် ပန်းကို ရွေးချယ်စီစစ်သကဲ့သို့ ကောင်းစွာဟောအပ်သော တရားအစုကို အဘယ်သူသည် ရွေးချယ် စီစစ်နိုင်အံ့နည်း။

၄၅။ သေခေါ ပထဝိံ ဝိစေဿတိ၊
ယမလောကဉ္စ ဣမံ သဒေဝကံ။
သေခေါ ဓမ္မပဒံ သုဒေသိတံ၊
ကုသလော ပုပ္ဖမိဝ ပစေဿတိ။

၄၅။ ဤအတ္တဘော တည်းဟူသော မြေကြီးကိုရင်း (အပါယ်လေးဝ) ယမမင်း လောကကိုရင်း နတ်လောကနှင့်တကွ ဤလူ့လောကကိုရင်း သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့်ရွေးချယ်စီစစ်နိုင်လတ္တံ့၊ လိမ္မာကျွမ်းကျင်သော ပန်းသည်သည် ပန်းကို ရွေးချယ်စီစစ်သကဲ့သို့ ကောင်းစွာ ဟောအပ်သော တရားအစုကို သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ရွေးချယ်စီစစ်နိုင်လတ္တံ့။

## ၂-မရီစိကမ္မဋ္ဌာနိကဘိက္ခုဝတ္ထု

၄၆။ ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊
မရီစိဓမ္မံ အဘိသမ္ဗုဓာနော။
ဆေတွာန မာရဿ ပပုပ္ဖကာနိ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

၄၆။ ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့် တူသည်ဟု သိ၍ တံလျှပ်သဘောရှိသည်ဟု (ဉာဏ်ဖြင့်) ထိုးထွင်း၍သိလျက် မာရ်နတ်၏ ပန်းခိုင်သဖွယ် ဖြစ်ကုန်သော ဝဋ်သုံးပါးတို့ကို ဖြတ်ပြီးလျှင် သေမင်းမမြင်ရာ (နိဗ္ဗာန်)သို့ သွားရာ၏။

## ၃-ဝိဠွဋ္ဌဘူဝတ္ထု

၄၇။ ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

၄၇။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ ရပြီးသည်ကို တွယ်တာ လွန်စွာ ကပ်ငြိသည့်စိတ်ရှိသော သူကို ကြီးစွာ

သော ရေအယဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍သွား၏။

## ၄-ပတိပူဇိကကုမာရီဝတ္ထု

၄၈။ ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
အတိတ္တညေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။

၄၈။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို ဆွတ်ခူးလျက် မရသေးသည်ကို တောင့်တ ရပြီးသည်ကိုတွယ်တာ လွန်စွာကပ်ငြိသည့်စိတ်ရှိသော ကာမ ဂုဏ်တို့၌ မရောင့်ရဲနိုင်သောသူကို သေမင်းယုတ်သည် မိမိ အလိုအတိုင်း ပြုနိုင်၏။

## ၅-မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု

၄၉။ ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

၄၉။ ပျားပိတုန်းသည် ပန်းပွင့်ကိုရင်း အဆင်း အနံ့ ကိုရင်း မပျက်စီးစေပဲ ပန်းဝတ်ရည်ကိုသာ စုတ်ယူပျံသွား သကဲ့သို့ ရွာ၌ ရဟန်းသည် ပန်းတည်းဟူသောသဒ္ဓါတရားနှင့် အဆင်းအနံ့ဟူသော စည်းစိမ်ဥစ္စာကို မပျက်စီးစေပဲ ကျင့် ရာ၏။

## ၆-ပါဝေယျအာဇီဝကဝတ္ထု

၅၀။ န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။

၅၀။ သူတပါးတို့၏ မလျော်သော အပြစ်အနာအဆာ တို့ကို မကြည့်ရှုရာ၊ သူတပါးတို့၏ ကောင်းမှု မကောင်းမှု ပြုမပြုကိုမကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု မကောင်းမှု ပြုမပြု ကိုသာလျှင် ကြည့်ရှုရာ၏။

## ၇-ဆတ္တပါဏိဥပါသကဝတ္ထု

၅၁။ ယထာပိ ရုစိရံ ပုပ္ဖံ၊
ဝဏ္ဏဝန္တံ အဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊
အဖလာ ဟောတိ အကုဗ္ဗတော။

၅၁။ အဆင်းသာရှိ၍ အနံ့မရှိသော တင့်တယ် လှပသော (ပေါက်ပွင့်စသော)ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူ သော အကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟော ကြားတော်မူအပ်သော (ပိဋကတ်)စကားတော်သည် မလိုက် နာ မကျင့်ကြံသူအား အကျိုးကို မဆောင်နိုင်။

၅၂။ ယထာပိ ရုစိရံ ပုပ္ဖံ၊
ဝဏ္ဏဝန္တံ သဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊
သဖလာ ဟောတိ ကုဗ္ဗတော။

၅၂။ အဆင်းအနံ့ ပြည့်စုံ၍ တင့်တယ်လှပသော စမွယ် စကားစသော ပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားတော် မူအပ်သော (ပိဋကတ်)စကားတော်သည် လိုက်နာကျင့်ကြံ သူအား အကျိုးကို ဆောင်နိုင်၏။

## ၈-ဝိသာခါဝတ္ထု

၅၃။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

၅၃။ ပန်းစု ပန်းပုံအတွင်းမှ များစွာသော ပန်းကုံးတို့ကို သီကုံး ပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါသည် ဥစ္စာသဒ္ဓါတည်းဟူသော အစုအပုံအတွင်းမှ မြောက်များစွာသော ကုသိုလ်ကောင်းမှုကို ပြုရာ၏။

## ၉-အာနန္ဒတ္ထေရပဉှာဝတ္ထု

၅၄။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
န စန္ဒနံ တဂရမလ္လိကာ ဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

၅၄။ ပန်းအနံ့သည် လေညာသို့ မသွား၊ စန္ဒကူးအနံ့ တောင်ဇလပ်ပန်းအနံ့ စပယ်ကြက်ရုံး ပန်းအနံ့သည်လည်း လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏၊ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့ လှိုင်ကြူ၏။

၅၅။ စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။

၅၅။ စန္ဒကူး အနံ့သည်ရင်း တောင်ဇလပ်ပန်း အနံ့သည်ရင်း ကြာညိုပန်းအနံ့သည်ရင်း မြလေးပန်း အနံ့သည်

ၡင်း ရှိ၏၊ ထိုပန်းရနံ့ အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိ မြတ်၏။

## ၁၀-မဟာကဿပတ္ထေရဝတ္ထု

၅၆။ အပ္ပမတ္တော အယံ ဂန္ဓော၊ ယာယံ တဂရစန္ဒနီ။
ယော စ သီလဝတံ ဂန္ဓော၊ဝါတိ ဒေဝေသု ဥတ္တမော။

၅၆။ တောင်ဇလပ် စန္ဒကူးပန်းတို့၏ အနံ့သည် (မပြောပလောက်)အနည်းငယ်မျှသာ ဖြစ်၏၊ ဤသီလရှိသောသူတို့၏ (သီလ) အနံ့သည်သာ ထူးကဲ လွန်မြတ်သည်ဖြစ်၍ နတ်ပြည်တို့၌ လှိုင်၏။

## ၁၁-ဂေါဓိကတ္ထေရဝတ္ထု

၅၇။ တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒဝိဟာရိနံ။
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ န ဝိန္ဒတိ။

၅၇။ ပြည့်စုံသော သီလရှိကုန်သော မမေ့မလျော့နေလေ့ရှိကုန်သော ကောင်းစွာ (ဉာဏ်ဖြင့်) သိ၍ ကိလေသာမှ လွတ်မြောက်သော ထိုသူတို့၏ သွားရာ လမ်းကြောင်းကို မာရ်နတ်သည် မတွေ့မမြင်နိုင်။

## ၁၂-ဂရဟဒိန္နဝတ္ထု

၅၈။ ယထာ သင်္ကာရဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။

၅၈။ လမ်းမကြီးဝယ် စွန့်ပစ် ထားသော အမှိုက်ပုံ၌ မွှေးကြိုင်လှိုင်ထုံ၍ နှစ်သက်ဖွယ်ရှိသော ပဒုမာကြာပန်းသည် ပေါက်ရောက်သကဲ့သို့။

၅၉။ ဧဝံ သင်္ကာရဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

၅၉။ အမှိုက်ပုံသဖွယ် ဖြစ်သော သတ္တဝါတို့ အလယ်၌ နေသည့် မြတ်စွာဘုရား၏ တပည့်သည် အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်တို့ကို ပညာဖြင့် လွန်၍ တင့်တယ်၏။

လေးခုမြောက် ပုပ္ဖဝဂ် ပြီး၏။

---

## ၅-ဗာလဝဂ် ၁-ဒ ညတရပုရိသဝတ္ထု

၆ဝ။ ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

၆ဝ။ အိပ်မပျော် နိုးနေသောသူအား ညဉ့်တာ ရှည်လျား၏၊ ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လျား၏၊ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်လျား၏။

## ၂-မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထု

၆၁။ စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။
ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ။

၆၁။ လူမိုက်၌ တရားကျင့်ရန် အဆွေခင်ပွန်းအဖြစ် မရှိရကား တရားကျင့်သူသည် မိမိထက်သာလွန်သူ မိမိနှင့်တူမျှသူကို မရနိုင်ပါမူ တယောက်တည်း ကျင့်ခြင်းကို သာလျှင် မြဲမြံစွာ ပြုကျင့်ရာ၏။

## ၃-အာနန္ဒသေဋ္ဌိဝတ္ထု

၆၂။ ပုတ္တာ မ'တ္ထိ ဓနံ မ'တ္ထိ၊
ဣတိဗာလော ဝိဟညတိ။
အတ္တာ ဟိ အတ္တနော နတ္ထိ၊
ကုတော ပုတ္တာ ကုတော ဓနံ။

၆၂။ လူမိုက်သည် ငါ့အား သားသမီးတို့ရှိကုန်၏၊ ဥစ္စာတို့သည်လည်း ရှိကုန်၏ဟု (စွဲလမ်းမှုတဏှာဖြင့်) ဆင်းရဲပင်ပန်းရ၏၊ အမှန်သော်ကား မိမိအား အတ္တသည်လည်း မရှိပါပဲလျက် အဘယ်မှာ သားသမီးရှိအံ့နည်း၊ အဘယ်မှာလျှင် ဥစ္စာရှိပါအံ့နည်း။

## ၄-ဂဏ္ဌိဘေဒကစောရဝတ္ထု

၆၃။ ယော ဗာလော မညတိ ဗာလျံ၊
ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊
သ ဝေ "ဗာလော" တိ ဝုစ္စတိ။

၆၃။ မိုက်သောသူသည် မိမိမိုက်သည့် အဖြစ်ကို သိ၏၊ ထိုသိမှုကြောင့် ပညာရှိ ဖြစ်နိုင်သေး၏၊ မိုက်သောသူသည် ငါပညာရှိ ဟု မိမိကိုယ်ကို ထင်မှတ် နေပါမူကား ထိုသူကို စင်စစ် လူမိုက်ဟူ၍ဆိုအပ်၏။

## ၅-ဥဒါယိတ္ထေရဝတ္ထု

၆၄။ ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။

၆၄။ ယောက်မသည် ဟင်း၏အရသာကို မသိ သကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်စေကာမူ (သူတော်ကောင်း) တရားကို မသိနိုင်။

## ၆-တိံသပါဝေယျကဘိက္ခုဝတ္ထု

၆၅။ မုဟုတ္တမပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ ဇိဝှါ သူပရသံ ယထာ။

၆၅။ လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ သိကြား လိမ္မာသူသည် တခဏမျှ ပညာရှိကို ဆည်းကပ် ရစေကာမူ (သူတော်ကောင်း)တရားကို လျင်မြန်စွာ သိနိုင်၏။

## ၇-သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

၆၆။ စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။

၆၆။ စပ်ရှား ခံခက်သော အကျိုးရှိသည့် မကောင်းမှု အကုသိုလ်ကံကို ပြုကြကုန်သော ပညာမဲ့ကုန်သော သူမိုက်တို့ သည် မိမိသည်ပင် ရန်သူကဲ့သို့ဖြစ်၍ လှည့်လည်ကြရကုန်၏။

## ၈-ကဿကဥပါသကဝတ္ထု

၆၇။ န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

၆၇။ အကြင်ကံကို ပြုလုပ်ခြင်းကြောင့် နောင်တတတဖန် ပူပန်ရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း၊ မျက်ရည်

စက်လက် ငိုကြွေးလျက် အကြင်ကံ၏အကျိုးကို ခံစားရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း။

## ၉-သုမနမာလာကာရဝတ္ထု

၆၈။ တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

၆၈။ အကြင်ကံကို ပြုလုပ်ခြင်းကြောင့် နောင်တတဖန် မပူပန်ရ၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည်သာ ကောင်း၏၊ နှစ်သက်ဝမ်းမြောက်လျက် အကြင်ကံ၏ အကျိုးကိုခံစားရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။

## ၁၀-ဥပ္ပလဝဏ္ဏာတ္ထေရီဝတ္ထု

၆၉။ မဓုံ ဝါ မညတိ ဗာလော ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ဒုက္ခံ နိဂစ္ဆတိ။

၆၉။ မိုက်သောသူသည် အကြင်ရွှေလောက် မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုရွှေလောက် မကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏၊ အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ ဆင်းရဲသို့ ရောက်ရ၏။

## ၁၁-ဇမ္ဗုကတ္ထေရဝတ္ထု

၇၀။ မာသေ မာသေ ကုသဂ္ဂေန၊
ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခါတဓမ္မာနံ၊
ကလံ အဂ္ဃတိ သောဠသိံ။

၇၀။ မိုက်သောသူသည် လစဉ်လတိုင်း သမန်းမြက်ဖျား ဖြင့် အနှစ်တရာပတ်လုံး ခြိုးခြံသော အကျင့်ကို ကျင့်အံ့ဟု ဘောဇဉ်ကို စာ စေကာမူ ထိုမိုက်သူ၏ အကျင့်သည် တရား သိပြီးသော အရိယာပုဂ္ဂိုလ်တို့၏ ခြိုးခြံသော အကျင့်ကို တဆယ့်ခြောက်စိတ် စိတ်၍ တစိတ်လောက်မျှ အဖိုးမထိုက်။

## ၁၂-အဟိပေတဝတ္ထု

၇၁။ န ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ။
ဍဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မစ္ဆန္နောဝ ပါဝကော။

၇၁။ ညှစ်ပြီးစ နို့ ရည်သည် ပြကတေ့သဘောမှ ရုတ် တရက် မပြောင်းလဲသကဲ့သို့ ပြုသစ်စဖြစ်သော မကောင်းမှု သည် (ရုတ်တရက်) အကျိုးမပေးသေး၊ (အကျိုးပေးသော အခါ) ပြာဖုံးသော မီးခဲကဲ့သို့ သူမိုက်ကို လောင်ကျွမ်းစေ လျက် အစဉ်လိုက်၏။

## ၁၃-သဋ္ဌိကူဋပေတဝတ္ထု

၇၂။ ယာဝဒေဝ အနတ္ထာယ ဉတ္တံ ဗာလဿ ဇာယတိ။
ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ။

၇၂။ သူမိုက်၏ အတတ်ပညာသည် သူမိုက်အား အကျိုး မဲ့ရန်အတွက်သာ ဖြစ်၏၊ ကုသိုလ်အဖို့အစုကို ဖျက်ဆီး၏ ပညာ ဦးထိပ်ကို ပြတ်၍ ကျစေတတ်၏။

## ၁၄-စိတ္တဂဟပတိဝတ္ထု

၇၃။ အသန္တံ ဘာဝနမိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု စ ဣဿရိယံ၊ ပူဇာ ပရကုလေသု စ။

၇၃။ မလိမ္မာသော ရဟန်းသည် ရဟန်းတို့၏အလယ်၌ မိမိတွင် ထင်ရှားမရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုရင်း ခြံရံလျက် မိမိအား ရွေဆောင်ပြုခြင်းကိုရင်း ကျောင်း အိပ်ရာ နေရာတို့၌ အစိုးရခြင်းကိုရင်း ဆွေမျိုးမဟုတ်သော ဒါယကာတို့၏(ပစ္စည်းလေးပါးတို့ဖြင့်)ပူဇော်ခြင်းကိုရင်း အလိုရှိ၏။

၇၄။ မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော။
မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဍတိ။

၇၄။ ငါ့ကြောင့်သာ အမှုကြီးငယ်တို့ ပြီးစီးကုန်၏ဟု လူရှင်ရဟန်းနှစ်ဦးတို့ မှတ်ထင်စေကုန်သတည်း၊ တစုံတခုအမှုကြီးငယ်တို့၌ ငါ့အလိုသို့ လိုက်ကြစေကုန်သတည်းဟု မိုက်သောရဟန်းအား အကြံအစည် အလိုရမ္မက် မာန်မာနသည် တိုးပွါးလေ၏။

## ၁၅-ဝနဝါသီတိဿသာမဏေရဝတ္ထု

၇၅။ အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေကမနုဗြူဟယေ။

၇၅။ လာဘ်ရကြောင်းအကျင့်သည် တမျိုးတခြားတည်း၊ နိဗ္ဗာန်ရကြောင်းအကျင့်သည် တမျိုးတခြားတည်း၊ ဤသို့ ဤအကျင့်နှစ်မျိုးနှစ်စားကို ခွဲခြားသိ၍ မြတ်စွာဘုရား၏ တပည့်သား ရဟန်းသည် လာဘ်ပူဇော်သကာကို မနှစ်သက်ရာ။ ဝိဝေကသုံးပါးကိုသာ တိုးပွါးစေရာ၏။

ငါးခုမြောက် ဗာလဝဂ် ပြီး၏။

## ၆-ပဏ္ဍိတဝဂ် ၁-ရာဓတ္ထေရဝတ္ထု

၇၆။ နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။

၇၆။ အပြစ်ဖော်ပြ နှိပ်ချဆုံးမလေ့ရှိသော ထိုသို့သဘောရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏၊ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သောသူအား မြတ်၏၊ မယုတ်ညံ့ပေ။

## ၂-အဿဇိပုနဗ္ဗသုကဝတ္ထု

၇၇။ ဩဝဒေယျာ’နုသာသေယျ၊
အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

၇၇။ ဆုံးမရာ၏၊ ကြိုတင်ဆုံးမရာ၏၊ မကောင်းသော အပြုအမူတို့မှလည်း တားမြစ်ရာ၏၊ ထိုသူကို သူတော်ကောင်းတို့ ချစ်ခင်နှစ်သက်အပ်၏၊ မသူတော်တို့ကား မချစ်မနှစ်သက်ပေ။

## ၃-ဆန္နတ္ထေရဝတ္ထု

၇၈။ န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

၇၇။ ယုတ်မာသော မိတ်ဆွေတို့ကို မဆည်းကပ်ရာ၊ ယုတ်မာသော ပုဂ္ဂိုလ်တို့ကို မဆည်းကပ်ရာ၊မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ရာ၏၊ပုဂ္ဂိုလ်မြတ်တို့ကို ဆည်းကပ်ရာ၏။

## ၄-မဟာကပ္ပိနတ္ထေရဝတ္ထု

၇၉။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

၇၉။ တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏၊ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

## ၅-ပဏ္ဍိတသာမဏေရဝတ္ထု

၈၀။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

၈၀။ မြောင်းတူးရေယူသမားတို့သည် (အလိုရှိရာသို့) ရေကို ဆောင်ယူကုန်၏၊ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏၊ သစ်ခွဲသမားတို့သည်(လိုတိုင်းရအောင်)သစ်ကို ခွဲကုန်၏၊ ပညာရှိတို့သည် မိမိကိုယ်ကို(ယဉ်ကျေးအောင်)ဆုံးမကုန်၏။

## ၆-သကုဏ္ဍကဘဒ္ဒိယဝတ္ထု

၈၁။ သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ။

၈၁။ တခဲနက်ဖြစ်သော ကျောက်တောင်သည် (အရပ်လေးမျက်နှာမှ) လာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

## ၇-ကာဏမာတာဝတ္ထု

၈၂။ ယထာပိ ရဟဒေါ ဂမ္ဘီရော၊
ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတွာန၊
ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။

၈၂။ နက်လှစွာသော သမုဒ္ဒရာသည် နောက်ကျုခြင်းမရှိ အထူးကြည်လင်ဘိသကဲ့သို့ ပညာရှိတို့သည် မြတ်စွာဘုရား ဟောကြားအပ်သောတရားတို့ကို ကြားနာရ၍ အထူးကြည်လင်ကုန်၏။

## ၈-ပဉ္စသတဘိက္ခုဝတ္ထု

၈၃။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊
န ကာမကာမာ လပယန္တိ သန္တော။
သုခေန ဖုဋ္ဌာ အထ ဝါ ဒုခေန၊
န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။

၈၃။ သူတော်ကောင်းတို့သည် (ခန္ဓာငါးပါးစသော) သဘောတရားအားလုံးတို့၌ (တပ်မက်မောမှုကို) စင်စစ်

စွန့်လွှတ်ကုန်၏၊ သူတော်ကောင်းတို့သည် ကာမဘို့ကို အလိုရှိကုန်သည်ဖြစ်၍ မပြောဆိုကုန်၊ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း နှလုံးမသာခြင်းသဘောကို မဖော်ပြကြကုန်။

## ၉-ဓမ္မိကတ္ထေရဝတ္ထု

၈၄။ န အတ္တဟေတု န ပရဿဟေတု၊
န ပုတ္တမိစ္ဆေ န ဓနံ န ရဋ္ဌံ။
န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော၊
သ သီလဝါ ပညဝါ ဓမ္မိကော သိယာ။

၈၄။ ပညာရှိမည်သည် မိမိအကြောင်းကြောင့်ဖြစ်စေ သူတပါး အကြောင်းကြောင့်ဖြစ်စေ မကောင်းမှုကို မပြု၊ မကောင်းမှုဖြင့် သားသမီး ဥစ္စာ တိုင်းပြည်ကို အလိုမရှိရာ၊ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ ပညာရှိသူ တရားရှိသူဖြစ်၏။

## ၁၀-ဓမ္မဿဝနတ္ထေရဝတ္ထု

၈၅။ အပ္ပကာ တေ မနုဿေသု၊ ယေ ဇနာ ပါရဂါမိနော။
အထာယံ ဣတရာ ပဇာ၊ တီရမေဝါနုဓာဝတိ။

၈၅။ လူအပေါင်းတို့တွင် ထိုမှာဖက်စွန်း နိဗ္ဗာန်ကျွန်းသို့ ကူးမြောက်သော လူတို့သည် နည်းပါးကုန်၏၊ နိဗ္ဗာန်ကူးမြောက်သူမှတပါး ကြွင်းလူများသည် (သက္ကာယဒိဋ္ဌိတည်းဟူသော) ဤမှာဖက်ကမ်း၌သာလျှင် ခေါက်တုံခေါက်ပြန် ပြေးသွားနေ၏။

၈၆။ ယေ စ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

၈၆။ ကောင်းစွာ ဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်ကုန်လတ္တံ့။

## ၁၁-ပဏ္ဍိတအာဂန္တုကဘိက္ခုဝတ္ထု

၈၇။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။

၈၇။ ပညာရှိသည် မည်းညစ်သော (အကုသိုလ်တရားကိုပယ်စွန့်၍ တဏှာတည်းဟူသော တည်ရာမှ (ထွက်ကာ) တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဖြူစင်သော ကုသိုလ်ကို ပွါးများရာ၏။

၈၈။ တတြာဘိရတိမိစ္ဆေယျ၊ ဟိတွာ ကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။

၈၈။ ပညာရှိသည် ကာမတို့ကိုစွန့်၍ စိုးရိမ်ခြင်းမရှိပဲ မွေ့လျော်နိုင်ခဲသော ဝိဝေကသုံးပါး၌ အလွန်မွေ့လျော်ခြင်းကို အလိုရှိရာ၏။စိတ်ညစ်ညူးကြောင်း နီဝရဏတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

၈၉။ ယေသံ သမ္ဗောဓိယင်္ဂေသု၊သမ္မာ စိတ္တံ သုဘာဝိတံ။
အာဒါနပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ။
ခီဏာသဝါ ဇုတိမန္တော၊တေ လောကေ ပရိနိဗ္ဗုတာ။

၈၉။ အကြင် ပုဂ္ဂိုလ်တို့သည် ဗောဇ္ဈင် တရားတို့၌ စိတ်ကို ကောင်းစွာ ပွါးများအပ်၏၊ မစွဲလမ်းမူ၍ ဥပါဒါန်ကို စွန့်လွှတ်ရာ (နိဗ္ဗာန်)၌ မွေ့လျော်ကုန်၏၊ လောက၌ အာသဝေါကုန်ပြီးသော ကြီးသော တန်ခိုးရှိကုန်သော ထိုပုဂ္ဂိုလ်တို့သည် (နိဗ္ဗာန်စိတ်ဖြင့်) ငြိမ်းကုန်၏။

ခြောက်ခုမြောက် ပဏ္ဍိတဝဂ် ပြီး၏။

---

## ၇-အရဟန္တဝဂ် ၁-ဇီဝကပဉှာဝတ္ထု

၉၀။ ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။

၉၀။ စိုးရိမ်ခြင်း ကင်းသော အလုံးစုံ (ခန္ဓာစသည့်) တရားတို့မှ လွတ်မြောက်သော အလုံးစုံ အထုံးအဖွဲ့ကို ပယ်ပြီးသော သံသရာခရီးသွားပြီးသော (ရဟန္တာ)ပုဂ္ဂိုလ်အား ပူပန်မှု မရှိတော့ချေ။

## ၂-မဟာကဿပတ္ထေရဝတ္ထု

၉၁။ ဥယျုဉ္ဇန္တိ သတီမန္တော၊ န နိကေတေ ရမန္တိ တေ။
ဟံသာဝ ပလ္လလံ ဟိတွာ၊ ဩကမောကံ ဇဟန္တိ တေ။

၉၁။ သတိရှိသော ပုဂ္ဂိုလ်တို့သည် (ဈာန်ဝိပဿနာ တရားတို့၌) လုံ့လပြုကြကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် တည်ရာ ကာမဂုဏ်၌ မမွေ့လျော်ကြကုန်၊ ဟင်္သာငှက်တို့သည် (ကျက်စားရာ) ရွှံ့ညွန်အိုင်ကို စွန့်ခွါလျက် ပျံသွားသကဲ့သို့ မှီရာ တဏှာဟူသမျှကို စွန့်၍သွားကုန်၏။

### ၃-ဗေလဋ္ဌသီသတ္ထေရဝတ္ထု

၉၂။ ယေသံ သန္နိစယော နတ္ထိ၊
ယေ ပရိညာတဘောဇနာ။
သုညတော အနိမိတ္တော စ၊
ဝိမောက္ခော ယေသံ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊
ဂတိ တေသံ ဒုရန္နယာ။

၉၂။ အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား သိုမှီး သိမ်းဆည်းခြင်းသည် မရှိ၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိညာ သုံးပါးဖြင့် ပိုင်းခြားလျက် ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ကုန်၏၊ ရာဂစသည် ကင်းဆိတ်လျက် ရာဂစသော နိမိတ်မရှိသော နိဗ္ဗာန်သည် အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏ ကျက်စားရာ အာရုံဖြစ်၏၊ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကြောင်းကို မမြင်နိုင်သကဲ့သို့ ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ သွားရာကို မသိနိုင်ကုန်။

### ၄-အနုရုဒ္ဓတ္ထေရဝတ္ထု

၉၃။ ယဿာသဝါ ပရိက္ခီဏာ၊
အာဟာရေ စ အနိဿိတော။
သုညတော အနိမိတ္တော စ၊
ဝိမောက္ခော ယဿ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊
ပဒံ တဿ ဒုရန္နယံ။

၉၃။ အကြင်ပုဂ္ဂိုလ်တို့အား အာသဝေါ ကုန်ခန်း၍၊ **အစာအာဟာရ၌လည်း** (တဏှာဒိဋ္ဌိဖြင့်) စွဲမှီခြင်း မရှိ၊ ရာဂစသည် ဆိတ်သုဉ်းသော ရာဂစသော နိမိတ်မရှိသော နိဗ္ဗာန်သည် အကြင်ရဟန္တာပုဂ္ဂိုလ်၏ ကျက်စားရာ အာရုံ ဖြစ်၏၊ ကောင်းကင်၌ ငှက်တို့၏ခြေရာကို မသိနိုင်သကဲ့သို့ ထိုရဟန္တာ ပုဂ္ဂိုလ်၏ ခြေရာ ဟူသော လားကြောင်းကို မသိနိုင်။

## ၅-မဟာကစ္စာယနတ္ထေရဝတ္ထု

၉၄။ ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊
အဿာ ယထာ သာရထိနာ သုဒန္တာ။
ပဟီနမာနဿ အနာသဝဿ၊
ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

၉၄။ ရထားထိန်း ကောင်းစွာ ဆုံးမပြီးသော မြင်းတို့သည် ငြိမ်သက် တည်ကြည်ကုန်သကဲ့သို့ အကြင်ရဟန္တာ ပုဂ္ဂိုလ်၏ ဣန္ဒြေ(ခြောက်ပါး)တို့သည် ငြိမ်သက် တည်ကြည်ခြင်းသို့ ရောက်ကုန်၏၊ မာနကို ပယ်ပြီးသော အာသဝေါမရှိသော တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုရဟန္တာပုဂ္ဂိုလ်အား နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။

## ၆ သာရိပုတ္တတ္ထေရဝတ္ထု

၉၅။ ပထဝိသမော နော ဝိရုဇ္ဈတိ၊
ဣန္ဒခိလုပမော တာဒိ သုဗ္ဗတော။
ရဟဒေါဝ အပေတကဒ္ဒမော၊
သံသာရာ န ဘဝန္တိ တာဒိနော။

၉၅။ တာဒိဂုဏ်နှင့် ပြည့်စုံသော ကောင်းသောအကျင့်ရှိသော ရဟန္တာပုဂ္ဂိုလ်သည် မြေကြီးကဲ့သို့ရင်း တံခါးတိုင်ကဲ့သို့ရင်း သည်းခံသောစိတ် ရှိသည်ဖြစ်၍ (အမျက်ဒေါသဖြင့်) ဆန့်ကျင်မှုမပြု၊ ရွံ့ညွန်ကင်းသော ရေအိုင်ကဲ့သို့ တာဒိဂုဏ်ရှင် ရဟန္တာသခင်အား ကျင်လည်ခြင်းတို့သည် မဖြစ်ကုန်။

## ၇-ကောသမ္ဗိဝါသီတိဿတ္ထေရသာမဏေရဝတ္ထု

၉၆။ သန္တံ တဿ မနံ ဟောတိ၊
သန္တာ ဝါစာ စ ကမ္မ စ။
သမ္မဒညာ ဝိမုတ္တဿ၊
ဥပသန္တဿ တာဒိနော။

၉၆။ အကြောင်းအားလျော်စွာ(တရားကို)သိ၍ ကိလေသာမှ လွတ်သော ငြိမ်သက်သော ဖောက်ပြန်ခြင်း သဘောမရှိသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်လည်း ငြိမ်သက်၏၊ နှုတ်အမူအရာ သည်ရင်း ကိုယ်အမူအရာ သည်ရင်း ငြိမ်သက်၏။

## ၈-သာရိပုတ္တတ္ထေရဝတ္ထု

၉၇။ အဿဒ္ဓေါ အကတညူ စ၊
သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာဝကာသော ဝန္တာသော၊
သ ဝေ ဥတ္တမပေါရိသော။

၉၇။ အကြင်သူသည် သူပြောစကား ဖြင့်သာ ယုံကြည်သူမဟုတ်၊ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူလည်း ဖြစ်၏၊ ဝဋ္ဋသုံးပါး၏အစပ်ကို ဖြတ်တောက် ပြီးသူလည်း ဖြစ်၏၊ ကုသိုလ် အကုသိုလ်၏ အကျိုးပေးခွင့်ကို သတ်ဖြတ်ပြီးသူလည်း ဖြစ်၏၊ အလုံးစုံသော တဏှာကို ထွေးအန်ပြီးသူလည်း ဖြစ်၏၊ ထိုသူသည်သာ စင်စစ် ယောကျ်ားမြတ်ဖြစ်၏။

## ၉-ခဒိရဝနိယရေဝတတ္ထေရဝတ္ထု

၉၈။ ဂါမေ ဝါ ယဒိ ဝါရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိရာမဏေယျကံ။

၉၈။ ရွာ၌ဖြစ်စေ တော၌ဖြစ်စေ နိမ့်ရာ၌ဖြစ်စေ ကုန်းမြင့်၌ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏၊ ထိုပုဂ္ဂိုလ်တို့ နေရာ မြေအရပ်သည် မွေ့လျော်ဖွယ်ရှိ၏။

## ၁၀-အညတရဣတ္ထိဝတ္ထု

၉၉။ ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတီ ဇနော။
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမဂဝေသိနော။

၉၉။ တောတို့သည် မွေ့လျော်ဖွယ်ရှိကုန်၏၊ ယင်း တောတို့၌ ကာမရှာမှီးသူ လူအပေါင်းသည်ကား မမွေ့လျော်နိုင်၊ ရာဂကင်းသော ပုဂ္ဂိုလ်တို့သည်သာ မွေ့လျော်ကုန်လတ္တံ့၊ ထိုရာဂကင်းသော ပုဂ္ဂိုလ်တို့သည် ကာမကို မရှာမှီးကြကုန်။

ခုနစ်ခုမြောက် အရဟန္တဝဂ် ပြီး၏။

## ၈-သဟဿဝဂ် ၁-တမ္ဗဒါဌိကစောရဃာတကဝတ္ထု

၁၀၀။ သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

၁၀၀။ (တောဖွဲ့ တောင်ဖွဲ့)အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သော စကားသည် အခွန်းတထောင် ရှိစေကာမူ(မမြတ်)၊ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်၍ အကျိုးရှိသော ပုဒ်တပုဒ်သည်သာ ပိုလွန်၍ မြတ်၏။

## ၂-ဗာဟိယဒါရုစီရိယဝတ္ထု

၁၀၁။ သဟဿမပိ စေ ဂါထာ၊
အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊
ယံ သုတွာ ဥပသမ္မတိ။

၁၀၁။ အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သော ဂါထာသည် တထောင်ပင် ဖြစ်စေကာမူ (မမြတ်)၊ ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်သော ဂါထာတဂါထာသည်သာ ပိုလွန်၍ မြတ်၏။

## ၃-ကုဏ္ဍလကေသီထေရီဝတ္ထု

၁၀၂။ ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

၁၀၂။ အကျိုးမဲ့ပုဒ်နှင့်သာ ဆိုင်သော ဂါထာတရာကို ရွတ်ဆိုစေကာမူ (မမြတ်)၊ ကြားနာရသဖြင့် ရာဂစသည် ငြိမ်းအေးကြောင်းဖြစ်သော တရားတပါးကို ရွတ်ဆိုခြင်းသည်သာ ပိုလွန်၍ မြတ်၏။

၁၀၃။ ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

၁၀၃။ အကြင် စစ်သူရဲတယောက်သည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တသန်း အောင်နိုင်ရာ၏၊ အကြင်သူရဲကောင်း တယောက်သည်ကား ကိုယ်တွင်းကိလေသာကို တကြိမ်တခါမျှ အောင်နိုင်ရာ၏၊ ကိုယ်တွင်းကိလေသာကို တကြိမ်အောင်နိုင်သော ထိုသူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

## ၄-အနုတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု

၁၀၄။ အတ္တာ ဟဝေ ဇိတံ သေယျော၊
ယာ စာယံ ဣတရာ ပဇာ။
အတ္တဒန္တဿ ပေါသဿ၊
နိစ္စံ သညတစာရိနော။

၁၀၅။ နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

၁၀၄-၁၀၅။ (ကိုယ်တွင်းကိလေသာတို့ကိုနိုင်ခြင်းဖြင့်) မိမိကိုယ်ကို အောင်နိုင်ခြင်းသည် မြတ်၏၊ (လောင်းတန်းကစားခြင်း စစ်တိုက်ခြင်းစသည်ဖြင့် သူတပါးကိုအောင်နိုင်ခြင်းသည် မမြတ်)၊ မိမိကိုယ်ကို ဆုံးမပြီးသော (ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို) အမြဲစောင့်စည်းသော အကျင့်ရှိသော ထိုသို့သဘောရှိသော သတ္တဝါ၏အောင်ခြင်းကို နတ်သည်ရင်း ဂန္ဓဗ္ဗနတ်သည်ရင်း ဗြဟ္မာနှင့်တကွသော မာရ်နတ်သည်ရင်း ရှုံးအောင် မပြုနိုင်ရာ။

## ၅-သာရိပုတ္တတ္ထေရဿမာတုလဗြာဟ္မဏဝတ္ထု

၁၀၆။ မာသေ မာသေ သဟဿေန၊
ယော ယဇေထ သတံ သမံ။
ဧကဉ္စ ဘာဝိတတ္တာနံ၊
မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊
ယဉ္စေ ဝဿသတံ ဟုတံ။

၁၀၆။ အနှစ်တရာပတ်လုံး လတိုင်း လတိုင်း(တက္ကတွန်းတို့အား)ငွေတထောင်အကုန်ခံ၍ ပူဇော်ရာ၏၊ဝိပဿနာပွါးသောစိတ်ရှိသောရဟန်းတို့အား တကြိမ်တခဏမျှ ပူဇော်ရာ၏။ (ပူဇော်ခြင်းနှစ်မျိုးတို့တွင်)ထိုဝိပဿနာပွါးများသော ရဟန်းတို့အား ထိုတခဏမျှ ပူဇော်ခြင်းသည်သာ မြတ်၏၊ တက္ကတွန်းတို့အား အနှစ်တရာပတ်လုံး ပူဇော်ခြင်းသည် မမြတ်။

## ၆-သာရိပုတ္တတ္ထေရဿဘာဂိနေယျဝတ္ထု

၁၀၇။ ယော စ ဝဿသတံ ဇန္တု၊
အဂ္ဂိံ ပရိစရေ ဝနေ။
ဧကဉ္စ ဘာဝိတတ္တာနံ၊
မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊
ယဉ္စေ ဝဿသတံ ဟုတံ။

၁၀၇။ အကြင်သူသည် အနှစ်တရာပတ်လုံး တောဝ၌ မီးကို လုပ်ကျွေးပူဇော်ရာ၏၊ အကြင်သူသည်ကား ဝိပဿနာပွါး များသော စိတ်ရှိသော ရဟန်းတို့အား တကြိမ်တခါမျှ ပူဇော် ရာ၏၊ (ထိုသူတို့၏ ပူဇော်ခြင်းနှစ်မျိုးတို့တွင်) ထိုဝိပဿနာ ပွါးများသော ရဟန်းဘိုအား ထိုတခဏမျှ ပူဇော်ခြင်းသည် သာ မြတ်၏၊ အနှစ်တရာပတ်လုံး မီးပူဇော်ခြင်းသည် မမြတ်။

## ၇-သာရိပုတ္တတ္ထေရဿသဟာယကဗြာဟ္မဏဝတ္ထု

၁၀၈။ ယံကိဉ္စိ ယိဋ္ဌံ ဝ ဟုတံ ဝ လောကေ၊
သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။
သဗ္ဗမ္ပိ တံ န စတုဘာဂမေတိ၊
အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။

၁၀၈။ လောက၌ ကောင်းမှုကို လိုလားငဲ့ကွက်သောသူသည် ယဇ်ကြီးပူဇော်ခြင်းကိုရင်း ယဇ်ငယ်ပူဇော်ခြင်းကိုရင်း တနှစ် ပတ်လုံးပူဇော်ရာ၏၊ ထိုပူဇော်ခြင်းအလုံးစုံသည် ဖြောင့်မတ် စွာကျင့်သော အရိယာပုဂ္ဂိုလ်တို့ကို (ရှိခိုးခြင်းစေတနာ၏)

လေးဖို့တဖို့ကိုမျှ မမှီ၊ အရိယာပုဂ္ဂိုလ်တို့၌ ရှိခိုးခြင်းစေတနာသည်သာ မြတ်၏။

## ၈-အာယုဝဍ္ဎနကုမာရဝတ္ထု

၁၀၉။ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

၁၀၉။ အမြဲရှိခိုးလေ့ရှိ၍ မိမိထက်ဂုဏ် အသက်သိက္ခာအားဖြင့် ကြီးသော သူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာခြင်း ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွါးကုန်၏။

## ၉-သံကိစ္စသာမဏေရဝတ္ထု

၁၁၀။ ယော စ ဝဿသတံ ဇီဝေ၊
ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊
သီလဝန္တဿ ဈာယိနော။

၁၁၀။ သီလမရှိ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုနေသောသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၀-ခါဏုကောဏ္ဍညတ္ထေရဝတ္ထု

၁၁၁။ ယော စ ဝဿသတံ ဇီဝေ၊
ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊
ပညဝန္တဿ ဈာယိနော။

၁၁၁။ ပညာမရှိ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် တရားပညာရှိ၍ သမထဝိပဿနာကို ရှုသောပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၁-သပ္ပဒါသတ္ထေရဝတ္ထု

✓ ၁၁၂။ ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။

၁၁၂။ ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိပဲ အနှစ်ဘရာပဘ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တရက်မျှအသက်ရှည်ရခြင်းသည် မြဘ်၏။

## ၁၂-ပဋာစာရာထေရီဝတ္ထု

✓ ၁၁၃။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

၁၁၃။ (ခန္ဓာငါးပါးတို့၏) အဖြစ်အပျက်ကို မရှုမမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၃-ကိသာဂေါတမီဝတ္ထု

၁၁၃။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

၁၁၄။ သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်ပဲ အနှစ်တရာ ပတ်လုံး အသက်ရှည်ရခြင်းထက် သေခြင်းကင်းသောနိဗ္ဗာန်

ကို မြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## ၁၄-ဗဟုပုတ္တိကတ္ထေရီဝတ္ထု

၁၁၅။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။

၁၁၅။ မြတ်သော လောကုတ္တရာတရားကို မမြင်ပဲ အနှစ်တရာပတ်လုံးအသက်ရှည်ရခြင်းထက်မြတ်သောလောကုတ္တရာတရားကို မြင်သော ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

ရှစ်ခုမြောက် သဟဿဝဂ် ပြီး၏။

---

## ၉-ပါပဝဂ် ၁-စူဠေကသာဋကဝတ္ထု

၁၁၆။ အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော။

၁၁၆။ မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန် ဆောစွာ ပြုလုပ်ရာ၏။

## ၂-သေယျသကတ္ထေရဝတ္ထု

၁၁၇။ ပါပဉ္စေ ပုရိသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ။
န တမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။

၁၁၇။ ပုဂ္ဂိုလ်သည် မကောင်းမှုပြုမိစေကာမူ ထိုမကောင်းမှုကို ထပ်ကာ ထပ်ကာ မပြုမိစေရာ၊ ထိုမကောင်းမှု၌ စိတ်အလိုဆန္ဒကို မပြုရာ၊ မကောင်းမှုကိုပွါးစေခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။

## ၃-လာဇဒေဝဓီတာဝတ္ထု

၁၁၈။ ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

၁၁၈။ ပုဂ္ဂိုလ်သည် ကောင်းမှုကို ပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာ ထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကို ပြုရာ၏၊ ကောင်းမှုကို ပွါးစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။

## ၄-အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု

၁၁၉။ ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။

၁၁၉။ မကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း မကောင်းမှု အကျိုးမပေးသေးသရွေ့ကာလပတ်လုံး ကောင်းမြတ်သော အာရုံကို တွေ့မြင်နိုင်သေး၏၊ မကောင်းမှု အကျိုးပေးသောအခါ၌မူကား မကောင်းမှု ပြုသူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရတော့၏။

၁၂၀။ ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ အထ ဘဒြော ဘဒြာနိ ပဿတိ။

၁၂၀။ ကောင်းမှုပြုသော သူပင်ဖြစ်သော်လည်း ကောင်းမှု အကျိုးမပေးသေးသရွေ့ ကာလပတ်လုံး မကောင်းသော အာရုံကို တွေ့မြင်နိုင်သေး၏၊ ကောင်းမှု အကျိုးပေးသော အခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရလေတော့၏။

## ၅-အသံယတပရိက္ခာရဝတ္ထု

၁၂၁။ မာဝမညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ထောကံ ထောကမ္ပိ အာစိနံ။

၁၂၁။ အနည်းငယ်သော မကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည်မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ သူမိုက်သည် အနည်းငယ် အနည်း ငယ်မျှသော မကောင်းမှုကို ပြုဆည်းပူးဖန်များလတ်သော် မကောင်းမှုဖြင့် ပြည့်၏။

## ၆-ဗိဠာလပါဒကသေဋ္ဌိဝတ္ထု

၁၂၂။ မာဝမညေထ ပုညဿ၊
န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊
ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊
ထောကံ ထောကမ္ပိ အာစိနံ။

၁၂၂။ အနည်းငယ်သော ကောင်းမှုသည် (ငါ့အား) အကျိုးရောက်လိမ့်မည် မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှသော ကောင်းမှုကို ပြုဆည်းပူးဖန်များ လတ်သော် ကောင်းမှုဖြင့် ပြည့်၏။

## ၇-မဟာဓနဝါဏိဇဝတ္ထု

၁၂၃။ ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။

၁၂၃။ အဖော်နည်းသော များသော ဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကို ရှောင်ကြဉ်သကဲ့သို့ရင်း အသက်ရှင်လိုသော သူသည် (လတ်တလော သေစေတတ်သော) အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့ရင်း ပညာရှိ သည် မကောင်းမှုတို့ကို ရှောင်ကြဉ်ရာ၏။

## ဂ-ကုက္ကုဋမိတ္တနေသာဒဝတ္ထု

၁၂၄။ ပါဏိမှိ စေ ဝဏော နာဿ၊
ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသမန္ဝေတိ၊
နတ္ထိ ပါပံ အကုဗ္ဗတော။

၁၂၄။ လက်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင် ဆောင်နိုင်၏၊ အဆိပ်သည် အနာမရှိသော လက်သို့ အစဉ်

မလိုက်၊စေတနာမရှိပဲ ပြုသောသူအား မကောင်းမှုကံ မည်သည် မရှိ။

## ၉-ကောကသုနခလုဒ္ဒကဝတ္ထု

၁၂၅။ ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

၁၂၅။ အကြင်သူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာကင်းသော ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှား၏၊ လေညာသို့ပစ်လွှင့်အပ်သော သိမ်မွေ့သောမြူမှုန့်သည် ထိုပစ်လွှင့်သူသို့သာ ပြန်ကျလာဘိသကဲ့သို့ မကောင်းမှုသည် ထိုသူမိုက်သို့သာ ရှေးရှုပြန်ကျလာ၏။

## ၁၀-မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု

၁၂၆။ ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ၊
နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊
ပရိနိဗ္ဗန္တိ အနာသဝါ။

၁၂၆။ အချို့သော သူတို့သည် (ဤလူ့ပြည်၌) အမိဝမ်းဝယ် ပဋိသန္ဓေ နေရကုန်၏၊ မကောင်းမှု ပြုသူတို့သည် ငရဲ၌ ဖြစ်ရကုန်၏၊ကောင်းသော ပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏၊ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

## ၁၁-တယောဇနဝတ္ထု

၁၂၇။ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

၁၂၇။ မကောင်းမှု ပြုသူသည် ကောင်းကင်၌ တည်နေသော်ရင်း သမုဒ္ဒရာအလယ်၌ တည်နေသော်ရင်း တောင်ခေါင်းသို့ဝင်၍ တည်နေသော်ရင်း မကောင်းမှုမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် မကောင်းမှုမှ လွတ်ရာ၏၊ ထိုအရပ်မျိုး မရှိနိုင်သည်သာတည်း။

## ၁၂-သုပ္ပဗုဒ္ဓသက္ကျဝတ္ထု

၁၂၈။ န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
နဝိဇ္ဇတီ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

၁၂၈။ မကောင်းမှု ပြုသူသည် ကောင်းကင်၌ တည်နေသော်ရင်း သမုဒ္ဒရာအလယ်၌ တည်နေသော်ရင်း တောင်ခေါင်းသို့ဝင်၍ တည်နေသော်ရင်း သေမင်းမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် သေမင်းသည် မညှဉ်းဆဲနိုင်ရာ၊ ထိုအရပ်မျိုး မရှိနိုင်သည်သာတည်း။

ကိုးခုမြောက် ပါပဝဂ် ပြီး၏။

## ၁၀-ဒဏ္ဍဝဂ် ၁-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု

၁၂၉။ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။

၁၂၉။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်ကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်မညှဉ်းဆဲရာ။

## ၂-ဆဗ္ဗဂ္ဂိယဝတ္ထု

၁၃၀။ သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။

၁၃၀။ အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် (မိမိတို့၏)အသက်ကို ချစ်၏၊ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်မညှဉ်းဆဲရာ။

## ၃-သမ္ဗဟုလကုမာရဝတ္ထု

၁၃၁။ သုခကာမာနိ ဘူတာနိ၊
ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခမေသာနော၊
ပေစ္စ သော န လဘတေ သုခံ။

၁၃၁။ အကြင်သူသည် မိမိ၏ ချမ်းသာကို ရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှံကန်ဖြင့် ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲသောသူသည် တမလွန်ဘဝ၌ ချမ်းသာကို မရနိုင်။

၁၃၂။ သုခကာမာနိ ဘူတာနိ၊
ယော ဒဏ္ဍေန န ဟိံသတိ။
အတ္တနော သုခမေသာနော၊
ပေစ္စ သော လဘတေ သုခံ။

၁၃၂။ အကြင်သူသည် မိမိ၏ ချမ်းသာကို ရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှံကန်ဖြင့် မညှဉ်းဆဲ၊ ထိုမညှဉ်းဆဲသောသူသည် တမလွန်ဘဝ၌ ချမ်းသာကို ရနိုင်၏။

## ၄-ကောဏ္ဍဓာနတ္ထေရဝတ္ထု

၁၃၃။ မာဝေါစ ဖရုသံ ကဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျု တံ။
ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယျု တံ။

၁၃၃။ တစုံတယောက်ကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုလင့်၊ အဆိုခံရသူတို့သည် သင့်ကို ပြန်လှန်ဆိုကုန်ရာ၏၊ ချုတ်ချယ်သော စကားသည် ဆင်းရဲ၏ အကြောင်းတည်း၊ (သူတပါးကို ဒဏ်ပြုက) အတုံ့အလှည့်ဒဏ်တို့သည် သင့်ထံသို့ ရောက်ကုန်ရာ၏။

၁၃၄။ သစေ နေရေသိ အတ္တာနံ၊
ကံသော ဥပဟတော ယထာ။
ဧသ ပတ္တောသိ နိဗ္ဗာနံ၊
သာရမ္ဘော တေ န ဝိဇ္ဇတိ။

၁၃၄။ အနားပြတ်သောကြေးခေါင်းလောင်းသည် အသံမထွက် ငြိမ်သက်သကဲ့သို့ မိမိကိုယ်ကို ငြိမ်သက်တည်ကြည်

အောင် စောင့်ရှောက်နေသောသူသည် နိဗ္ဗာန်သို့ ရောက်နိုင်၏၊ ချွတ်ချော်မှု မရှိ။

## ၅-ဥပေါသထိကကညာတ္ထိနံ့ဝတ္ထု

၁၃၅။ ယထာ ဒဏ္ဍေန ဂေါပါလော၊
ဂါဝေါ ပါစေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊
အာယုံ ပါစေန္တိ ပါဏိနံ။

၁၃၅။ နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်သကဲ့သို့ ဤအတူ အိုခြင်းသည်ငှင်း သေခြင်းသည်ငှင်း သတ္တဝါတို့၏ အသက်ကို မောင်းနှင်ကုန်၏။

## ၆-အဇဂရပေတဝတ္ထု

၁၃၆။ အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဍဍ္ဎောဝ တပ္ပတိ။

၁၃၆။ မကောင်းမှု အကုသိုလ်ကံတို့ကို ပြုသော သူမိုက်သည် ထိုပြုသောအခါ၌ မသိ၊ ပညာမဲ့သူသည် ထိုမိမိပြုသော မကောင်းမှုကံတို့ကြောင့် မီးလောင်သောသူကဲ့သို့ ပူပန်ရ၏။

## ၇-မဟာမောဂ္ဂလ္လာနဝတ္ထု

၁၃၇။ ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

၁၃၇။ အကြင်သူသည် အပြစ်ဒဏ် ကင်းကြ၍ မပြစ်မှားထိုက်သော (ရဟန္တာ) ပုဂ္ဂိုလ်တို့၌ တုတ်လုံ့ကန်စသည်ဖြင့်

ပြစ်မှား၏၊ ထိုသူသည် ဆင်းရဲကြောင်း ဒဏ်ဆယ်ပါးတို့တွင် တပါးပါးသော ဆင်းရဲခြင်းအကြောင်းသို့ လျင်မြန်စွာပင် ရောက်ရ၏။

၁၃၇။ ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ ဝ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။

၁၃၉။ ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။

၁၃၇-၁၃၉။ ပြင်းထန်သော ဝေဒနာသို့ရင်း ဥစ္စာဆုံးရှုံးခြင်းသို့ရင်း (လက်ပြတ်ခြေပြတ်စသော) ကိုယ်အင်္ဂါပျက်စီးခြင်းသို့ရင်း ကြီးလေးသော(နူနာစသော) အနာစွဲကပ်ခြင်းသို့ရင်း ရူးခြင်း စိတ်ပျံ့လွင့်ခြင်းသို့ရင်း မင်းဘေးရင်း ကြမ်းကြုတ်စွာသော အစွပ်စွဲ ခံရခြင်းသို့ရင်း ဆွေမျိုး တို့၏ ပျက်ပြားခြင်းသို့ရင်း စည်းစိမ်ဥစ္စာတို့၏ ယိုယွင်းခြင်းသို့ရင်း ရောက်၏။

၁၄၀။ အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

၁၄၀။ ထိုပြင် ထိုပြစ်မှားသူ၏ အိမ်တို့ကို ပကတိမီးသည်ရင်း လောင်မီးသည်ရင်း လောင်၏၊ပညာမဲ့သော ထိုသူသည် ခန္ဓာကိုယ်ပျက်စီးသည်မှ နောက်၌ ငရဲသို့ ရောက်ရ၏။

## ဂ-ဗဟုဘာဏဝါကဝဂ္ဂဝဏ္ဏ

✓ ၁၄၁။ န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

၁၄၁။ အဝတ်မဝတ်ပဲ ကျင့်ခြင်းတို့သည်၎င်း ဆံကျစ် အကျင့်တို့သည်၎င်း ရွှံ့ညွှန်အလိမ်းလိမ်း ကပ်၍ ကျင့်ခြင်းတို့ သည်၎င်း အစာဖြတ်၍ အငတ်ကျင့်ခြင်းတို့သည်၎င်း မြေ၌ အိပ်၍ နေခြင်းတို့သည်၎င်း မြူမှုန့်အလိမ်းလိမ်း တင်စေလျက် ကျင့်ခြင်းသည်၎င်း ဆောင့်ကြောင့်ထိုင်၍ ကျင့်ခြင်းသည်၎င်း ဝိစိကိစ္ဆာမှ မလွှတ်မြောက်သေးသော သတ္တဝါကို မစင်ကြယ် စေနိုင်ကုန်။

၉-သန္တတိမဟာမတ္တဝတ္ထု

၁၄၂။ အလင်္ကတော စေပိ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။

၁၄၂။ အကြင်သူသည် ကိလေသာ ငြိမ်း၏၊ ဣန္ဒြေကို ဆုံးမပြီးဖြစ်၏၊ မဂ်လေးပါးဖြင့်မြဲ၏၊ မြတ်သော အကျင့်ရှိ၏၊ အလုံးစုံသောသတ္တဝါတို့၌ လက်နက်ကို ပယ်ချထားသည်ဖြစ် ၍မေတ္တာဖြင့် အညီအမျှ ကျင့်၏၊ ထိုသူသည် အဝတ်တန်ဆာ ဆင်စေကာမူ မကောင်းမှုမှ အပပြုသူ 'ဗြာဟ္မဏ' မည်၏၊ ကိလေသာငြိမ်းပြီးသူ 'သမဏ'မည်၏၊ ကိလေသာဖျက်ဆီး ပြီးသူ 'ဘိက္ခု'မည်၏။

၁၀-ပိလောတိကတိဿတ္ထေရဝတ္ထု

၁၄၃။ ဟိရီနိသေဓော ပုရိသော၊
ကောစိ လောကသ္မိ ဝိဇ္ဇတိ။
ယော နိဒ္ဒံ အပဗောဓေတိ၊
အဿော ဘဒြော ကသာမိဝ။

၁၄၃။ မြင်းကောင်းသည် ကြိမ်လုံးကို ကြဉ်ရှောင်သကဲ့သို့ အကြင်သူသည် မိမိ၏အိပ်ပျော်ခြင်းကို နှိုးကြားစေ၏၊ မိစ္ဆာဝိတက်ကို ရှက်ကြောက်ခြင်းဖြင့် တားမြစ်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် လောက၌ တယောက်တလေသာ ရှိ၏။

၁၄၄။ အဿော ယထာ ဘဒြော ကသာ နိဝိဋ္ဌော၊
အာတာပိနော သံဝေဂိနော ဘဝါထ။
သဒ္ဓါယ သီလေန စ ဝီရိယေန စ၊
သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊
ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

၁၄၄။ မြင်းကောင်းသည် ကြိမ်လုံးဖြင့် ပုတ်ခတ်သည်ရှိသော် လုံ့လရှိသကဲ့သို့ လုံ့လရှိကုန်သည် ထိတ်လန့်ကုန်သည်ဖြစ်ကုန်လော့၊ ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့်၎င်း သီလဖြင့်၎င်း ဝီရိယဖြင့်၎င်း တည်ကြည်ခြင်း'သမာဓိ'ဖြင့်၎င်း တရားဆုံးဖြတ်ကြောင်း ဉာဏ်ဖြင့်၎င်း ပြည့်စုံသော ဝိဇ္ဇာစရဏ ရှိကုန်သည်ဖြစ်၍ ထင်သော သတိရှိကုန်လျက် အတိုင်းမသိ အလွန်ရှည်လျားသော သံသရာဆင်းရဲကို စွန့်လွှတ်ကုန်လတ္တံ့။

## ၁၁-သုခသာမဏေရဝတ္ထု

၁၄၅။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

၁၄၅။ မြောင်းတူး ရေယူသမားတို့သည် (အလိုရှိရာသို့) ရေကို ဆောင်ယူကုန်၏၊ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏၊ သစ်ရွေသမားတို့သည် သစ်ကို လိုတိုင်းရအောင် ရွေကုန်၏၊ ကောင်းသော အကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဆယ်ခုမြောက် ဒဏ္ဍဝဂ်ပြီး၏။

---

## ၁၁-ဇရာဝဂ် ၁-ပဉ္စသတဥပါသိကာဝတ္ထု

၁၄၆။ ကော နု ဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊
ပဒီပံ န ဂဝေသထ။

၁၄၆။ (လူ့အပေါင်း၌) အမြဲ (ကိလေသာမီး)တောက်လောင်နေပါလျက် အဘယ့်ကြောင့် ပျော်မြူး ရယ်ရွှင်ဘိသနည်း၊ အဘယ့်ကြောင့် နှစ်လိုဝမ်းသာခြင်း ဖြစ်ဘိသနည်း၊ အဝိဇ္ဇာ မိုက်မှောင်ကြီးဖြင့် ပိတ်ဆီး(မြေးယှက်) အပ်ကုန်သည်ဖြစ်ပါလျက် (သင်တို့သည်) အဘယ့်ကြောင့် ပညာဆီမီးကို မရှာပဲ နေကြကုန်သနည်း။

## ၂-သိရိမာဝတ္ထု

၁၄၇။ ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

၁၄၇။ အဆန်းတကြယ် ပြုလုပ်အပ်သော အရုပ်နှင့်တူသော (အရိုးစုသုံးရာတို့ဖြင့်) ထောက်ထားအပ်သော နာ

ကျင်တတ်သော များစွာသော သူတို့ ကြံစည်အပ်သော (ကိုးပေါက်ဒွါရ) အမာဝရှိသော ကိုယ်ကို ကြည့်ရှုလော့၊ ယင်းကိုယ်၏ အမြဲအရှည်တည်ခြင်းသည် မရှိချေတကား။

## ၃-ဥတ္တရာထေရီဝတ္ထု

၁၄၈။ ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

၁၄၈။ ဤရုပကာယသည် ဆွေးမြေ့ အိုမင်းတတ်၏၊ အနာရောဂါတို့၏ တည်နေရာလည်း ဖြစ်၏၊ ယိုယွင်းပျက်စီးတတ်၏၊ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။

## ၄-သမ္ဗဟုလအဓိမာနိကဘိက္ခုဝတ္ထု

၁၄၉။ ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန ကာ ရတိ။

၁၄၉။ တန်ဆောင်မုန်းလ အခါ၌ စွန့်ပစ် ထားသော ဘူးသီးခြောက်ကဲ့သို့ စွန့်ပစ်အပ်သော ခိုအဆင်းကဲ့သို့ ဖြူမွဲသော အရိုးတို့ကိုမြင်ရ၍ အဘယ်မှာ မွေ့လျော်ဖွယ် ရှိနိုင်အံ့နည်း။

## ၅-ဇနပဒကလျာဏီရူပနန္ဒာထေရီဝတ္ထု

၁၅၀။ အဋ္ဌီနံ နဂရံ ကတံ၊
မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊
မာနော မက္ခော စ ဩဟိတော။

၁၅၀။ အရိုးတို့ကို (စိုက်ထူ၍) အသားအသွေးတို့ဖြင့် လိမ်းကျံလျက် အတ္တဘောတည်းဟူသော မြို့ကို (တဏှာ လက်သမားသည်) ဆောက်လုပ်အပ်၏၊ ယင်းမြို့၌ အိုခြင်း သေခြင်း မာနထောင်လွှားခြင်း သူ့ကျေးဇူးကို ချေဖျက် ခြင်းသည်သာ တည်ရှိလေ၏။

## ၆-မလ္လိကာဒေဝီဝတ္ထု

၁၅၁။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

၁၅၁။ (ရတနာတို့ဖြင့်) ကောင်းစွာ ဆန်းကြယ်သော မင်း၏ရထားတို့သည် ဆွေးမြေ့အိုမင်းကြကုန်သေး၏၊ ခန္ဓာ ကိုယ်သည်လည်း ထိုအတူပင် ဆွေးမြေ့ အိုမင်းခြင်းသို့ ရောက်ရသေး၏၊ သူတော်ကောင်းတို့၏ တရားတော်သည် ကား ဆွေးမြေ့အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော် ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်း ဆွေး နွေးပြောကြားကြကုန်၏။

## ၇-လာဠုဒါယီထေရဝတ္ထု

၁၅၂။ အပ္ပဿုတာယံ ပုရိသော၊ ဗလီဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

၁၅၂။ အကြားအမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီး ကြီးထွားလာ၏၊ ထိုယောကျ်ား အား အသားတို့သာ တိုးပွါးကုန်၏၊ ပညာမူကား မတိုးပွါး။

## ၈–ဥဒါနဝတ္ထု

* ၁၅၃။ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၁၅၃။ အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ (တဏှာလက်သမား)ကို ရှာသော ငါသည် (ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ်) မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

* ၁၅၄။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

၁၅၄။ ခန္ဓာအိမ်ကို ဆောက်လုပ် တတ်သော ဟယ် တဏှာလက်သမား ငါသည် သင့်ကို (ပညာမျက်စိဖြင့်)ယခု မြင်အပ်ပြီ၊ ခန္ဓာအိမ်ကို နောင်တဖန် သင်ဆောက်လုပ်ရတော့မည်မဟုတ်၊ သင်၏ ကိလေသာတည်းဟူသော အခြင်ရနယ်အားလုံးတို့ကို (ငါ)ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကို ဖျက်ဆီးအပ်ပြီ၊(ငါ၏)စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊တဏှာကုန်ရာ ကုန်ကြောင်းအရဟတ္တဖိုလ်ကို ရပြီ။

## ၉-မဟာဓနသေဋ္ဌိဝတ္ထု

၁၅၅။ အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။

၁၅၅။ (သူမိုက်တို့သည်)အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသောကြောင့် ငါး ကုန် ခန်း သော ညွန်အိုင်၌ အတောင် ကျွတ်သော ကြိုးကြာအိုတို့ကဲ့သို့ (အရွယ်လွန်သောအခါ) ကြံမှိုင်၍သာ နေကြရကုန်၏။

၁၅၆။ အစရိတွာ ဗြဟ္မစရိယံ၊အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။

၁၅၆။ ( သူမိုက်တို့သည် ) အရွယ်ရှိခိုက် မြတ်သော အကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာကိုလည်း မရလိုက်မိသော ကြောင့် လေးမှလွတ်ပြီးနောက် အရှိန်ကုန်သော မြားတို့ ကဲ့သို့ ရှေးဖြစ်ဟောင်း(သုခ)တို့ကို ညည်းတွား အောက်မေ့၍သာ နေကြရကုန်၏။

တဆယ့်တခုမြောက် ဇရာဝဂ် ပြီး၏။

---

## ၁၂-အတ္တဝဂ် ၁-ဗောဓိရာဇကုမာရဝတ္ထု

၁၅၇။ အတ္တာနဉ္စေ ပိယံ ဇညာ၊ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

၁၅၇။ မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက် ရာ၏၊ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ (လုံ့လထုတ်ကာ)သုတ်သင်ရာ၏။

## ၂-ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု

✓ ၁၅၈။ အတ္တာနမေဝ ပဌမံ၊
ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊
န ကိလိဿေယျ ပဏ္ဍိတော။

၁၅၈။ ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏၊ထို့နောက်မှ သူတပါးကို ဆုံးမရာ၏၊ ပညာရှိသည် သူတပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

## ၃-ပဓာနိကတိဿတ္ထေရဝတ္ထု

၁၅၉။ အတ္တာနဉ္စေ တထာ ကယိရာ၊
ယထာညမနုသာသတိ။
သုဒန္တော ဝတ ဒမေထ၊
အတ္တာ ဟိ ကိရ ဒုဒ္ဒမော။

၁၅၉။ သူတပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ် တိုင် လိုက်နာပြုကျင့်ရာ၏၊ မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော် မှသာ (သူတပါးကို) ဆုံးမရာ၏၊ မိမိကိုယ်ကို ယဉ်ကျေး အောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား။

## ၄-ကုမာရကဿပမာတာဝတ္ထု

✓ ၁၆၀။ အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

၁၆၀။ မိမိသည်သာ မိမိ၏ကိုးစားရာ ဖြစ်၏၊ သူတပါးသည် မိမိ၏ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်အံ့နည်း၊ မိမိသည် ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးစားရာ အရဟတ္တဖိုလ်ကို ရနိုင်၏။

## ၅-မဟာကာလဥပါသကဝတ္ထု

၁၆၁။ အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံဝ’သ္မမယံ မဏိံ။

၁၆၁။ ကျောက်မှ ဖြစ်သော စိန်သည် (မိမိမှီရာ) ကျောက်ကို ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော မိမိမှဖြစ်သော မိမိကြောင့် ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ ပညာမဲ့သူကို ဖျက်ဆီး၏။

## ၆-ဒေဝဒတ္တဝတ္ထု

၁၆၂။ ယဿ အစ္စန္တဒုဿီလျံ၊
မာလုဝါ သာလမိဝေါတ္ထတံ။
ကရောတိ သော တထ’တ္တာနံ၊
ယထာ နံ ဣစ္ဆတီဒိသော။

၁၆၂။ မာလောနွယ်သည် မှီရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ်သကဲ့သို့ စင်စစ် သီလမရှိသောသူ၏ အဖြစ်တည်းဟူသော တဏှာအလွှမ်းမိုးခံရသူသည် ရန်သူအလိုရှိတိုင်း (မိမိအကျိုးမဲ့ကို) မိမိကိုယ်တိုင်ပင် ပြုလုပ်လေ၏။

## ၇-သံဃဘေဒပရိသက္ကနဝတ္ထု

၁၆၃။ သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိ စ။
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ။

၁၆၃။ အပြစ်ရှိ၍ မိမိ၏အကျိုးစီးပွါးမရှိကုန်သော အမှုတို့ကို ပြုလွယ်ကုန်၏၊ အပြစ်ကင်း၍ အကျိုးစီးပွါး ရှိသော အမှုကို အလွန်ပြုနိုင်ခဲ၏။

## ၈-ကာလတ္ထေရဝတ္ထု

၁၆၄။ ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိံ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ။

၁၆၄။ ပညာမဲ့သူသည် ယုတ်မာသော မိစ္ဆာအယူကို အမှီပြု၍ ပူဇော်အထူးကို ခံထိုက်ကုန်သော တရားသဖြင့် အသက်မွေးကုန်သော အရိယာ ပုဂ္ဂိုလ်တို့၏ အဆုံးအမကို တားမြစ်၏၊ ဝါးသီးတို့သည် ဝါးပင်ကို သတ်ရန်အလို့ငှါ သီးကုန်သကဲ့သို့ ထိုပုဂ္ဂိုလ်၏ မိစ္ဆာအယူသည် မိမိကိုယ်ကို သတ်ရန်အလို့ငှါသာ ဖြစ်၏။

## ၉-စူဠကာလဥပါသကဝတ္ထု

၁၆၅။ အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓီ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

၁၆၅။ မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏၊ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင် စင်ကြယ်၏၊ စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာ ဖြစ်၏၊ သူတယောက်သည် အခြားသူတယောက်ကို (ကိလေသာ အညစ်အကြေးမှ စင်ကြယ်အောင်) မသုတ်သင်နိုင်။

## ၁၀-အတ္တဒတ္ထတ္ထေရဝတ္ထု

၁၆၆။ အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထမဘိညာယ၊ သဒတ္ထပသုတော သိယာ။

၁၆၆။ သူတပါး၏ များစွာသော အကျိုးစီးပွါးအတွက်ကြောင့် မိမိ၏အကျိုးစီးပွါးကို (အနည်းငယ်မျှ)မဆုတ်ယုတ်စေရာ၊ မိမိအကျိုးစီးပွါးကို သိ၍ မိမိအကျိုးစီးပွါးကို တိုးပွါးအောင် လေ့ကျက် အားထုတ်ရာ၏။

တဆယ့်နှစ်ခုမြောက် အတ္တဝဂ် ပြီး၏။

---

## ၁၁-လောကဝဂ် ၁-ဒဟရဘိက္ခုဝတ္ထု

✓ ၁၆၇။ ဟီနံ ဓမ္မံ န သေဝေယျ၊
ပမာဒေန န သံဝသေ။
မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊
န သိယာ လောကဝဍ္ဎနော။

၁၆၇။ (ကာမဂုဏ်) အယုတ်တရားကို မမှီဝဲရာ၊ မေ့မေ့လျော့လျော့ မနေရာ၊ မှားသောအယူကို မယူရာ၊ လောကကြီးပွါးရေးအတွက် သက်သက်မဖြစ်ရာ။

## ၂-သုဒ္ဓေါဒနဝတ္ထု

၁၆၈။ ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။

ဓမ္မံ ။

၁၆၈။ ဆွမ်းခံဝတ်၌ မမေ့မလျော့ရာ၊ကောင်းစွာ ကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏၊တရားကို ကျင့်သောသူသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ချမ်းသာစွာ နေရ၏။

၁၆၉။ ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊အသ္မိံ လောကေ ပရမှိ စ။

၁၆၉။ သုစရိုက်တရားကို ကျင့်ရာ၏၊ ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကို ကျင့်သောသူသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ချမ်းသာစွာ နေရ၏။

## ၃-ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု

၁၇၀။ ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

၁၇၀။ ရေပြင်ကို ရှုမြင်ရသကဲ့သို့ရင်း တံလျှပ်ကို ရှုမြင်ရသကဲ့သို့ရင်း ဤအတူ (ခန္ဓာငါးပါးဟူသော) လောကကို ရှုကြည့်သူကို သေမင်းသည် မမြင်နိုင်။

## ၄-အဘယရာဇကုမာရဝတ္ထု

၁၇၁။ ဧထ ပဿထိမံ လောကံ၊စိတ္တံ ရာဇရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊နတ္ထိ သင်္ဂေါ ဝိဇာနတံ။

၁၇၁။ လာကြကုန်လော့ (ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့၊ ယင်းလောက၌ မိုက်သူ

တို့သည် နှစ်မြုပ်ကြကုန်၏၊ ပညာရှိတို့အား ကပ်ငြိတွယ်တာ မှုသည် မရှိ။

## ၅-သမ္မဇ္ဇနတ္ထေရဝတ္ထု

၁၇၂။ ယော စ ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော'မံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝ စန္ဒိမာ။

၁၇၂။ ရှေး(ငယ်စဉ်)အခါက (ကုသိုလ်၌) မေ့လျော့ခဲ့၍ နောင် (ကြီးပြင်းသော) အခါ၌ မမေ့မလျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို (မဂ်ဉာဏ် ရောင်ဖြင့်) ထွန်းလင်းတောက်ပစေ၏။

## ၆-အင်္ဂုလိမာလတ္ထေရဝတ္ထု

၁၇၃။ ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ။
သော'မံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝစန္ဒိမာ။

၁၇၃။ မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို (အရဟတ္တမဂ်)ကုသိုလ်ဖြင့် ဖုံးအုပ်သူသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို (အရဟတ္တမဂ်ဉာဏ်ရောင်ဖြင့်) ထွန်း လင်းတောက်ပစေ၏။

## ၇-ပေသကာရဓီတာဝတ္ထု

၁၇၄။ အန္ဓဘူတော အယံ လောကော၊
တနုကေ'တ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊
အပ္ပော သဂ္ဂါယ ဂစ္ဆတိ။

၁၇၄။ ဤလူအပေါင်းသည် (ပညာမျက်စိမရှိသဖြင့်) အကန်းအတိသာဖြစ်၏၊ ဤလောက၌ အနည်းငယ်မျှသော သူသည်သာ (အနိစ္စစသောသဘောအားဖြင့်) ရှုမြင်နိုင်၏၊ ပိုက်ကွန်မှ လွတ်သောငှက်သည် နည်းပါးသကဲ့သို့ လူအနည်း ငယ်မျှသာ နတ်ရွာနိဗ္ဗာန်သို့ ရောက်နိုင်၏။

## ၈-တိံသဘိက္ခုဝတ္ထု

၁၇၅။ ဟံသာဒိစ္စပထေ ယန္တိ၊
အာကာသေ ယန္တိ ဣဒ္ဓိယာ။
နီယန္တိ ဓီရာ လောကမှာ၊
ဇေတွာ မာရံ သဝါဟိနိံ။

၁၇၅။ ဟင်္သာတို့သည် နေမင်းလမ်းကြောင်းကောင်းကင် ခရီး၌ သွားကုန်၏၊ တန်ခိုးရှင်တို့သည် ကောင်းကင်၌သွား ကုန်၏၊ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ် မင်းကို အောင်၍ လောကမှ ထွက်မြောက်ကုန်၏။

## ၉-စိဉ္စမာဏဝိကာဝတ္ထု

၁၇၆။ ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

၁၇၆။ သစ္စာတရားတခုကိုလွန်၍ မုသားစကားကိုဆိုလေ့ ရှိသော နောင်ဘဝအတွက် ဆင်ခြင် စဉ်းစားခြင်း အလျင်း မရှိသောသူအား မပြုနိုင်မည့် မကောင်းမှု အကုသိုလ်မည်သည် မရှိ။

## ၁၀-အသဒိသဒါနဝတ္ထု

၁၇၇။ န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရော စ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

၁၇၇။ စေးနှဲဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်၊ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်၊ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏၊ ထိုဝမ်းမြောက်မှု ကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

## ၁၁-ဒ နာထပိဏ္ဍိက ပုတ္တကာလဝတ္ထု

၁၇၈။ ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

၁၇၈။ မြေတပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက်ရင်း နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရသည်ထက်ရင်း တလောကလုံးကို အစိုးရသည်ထက်ရင်း သောတာပန် ဖြစ်ရခြင်းသည် မြတ်၏။

တဆယ့်သုံးခုမြောက် လောကဝဂ် ပြီး၏။

## ၁၄-ဗုဒ္ဓဝဂ် ၁-မာရဓီတရဝတ္ထု

၁၇၉။ ယဿ ဇိတံ နာဝဇီယတိ၊
ဇိတံ ယဿ နော ယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

၁၇၉။ အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တဖန် အောင်ဖွယ်မလို၊ လောက၌ အကြင် မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာ နောက်သို့ ကိလေသာတစုံတခုမျှ အစဉ်မလိုက်တော့ချေ၊ အပိုင်းအခြား မရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိတော်မူသော ရာဂ စသော ခရီးလမ်းကြောင်း မရှိသော ထိုမြတ်စွာဘုရားကို အဘယ် ခရီးလမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန် အံ့နည်း။

၁၈၀။ ယဿ ဇာလိနီ ဝိသတ္တိကာ၊
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။
တံ ဗုဒ္ဓမနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။

၁၈၀။ အကြင်မြတ်စွာဘုရားအား တစုံတခုသော လောကသို့ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ ကပ်ငြိတတ်သော တဏှာ သည်မရှိ၊ အပိုင်းအခြားမရှိ၊ ကျက်စားနိုင်သည့် သဗ္ဗညုတ ဉာဏ်ရှိတော်မူသော ရာဂစသော ခရီးလမ်းကြောင်း မရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

## ၂-ဒေဝေါရောဟနဝတ္ထု

၁၈၁။ ယေ ဈာနပသုတာ ဓီရာ၊ နေက္ခမ္မူပသမေရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

၁၈၁။ အကြင်ပညာရှိတို့သည် သမထဈာန်၌ လေ့ကျက်အားထုတ်ကုန်၏၊ ကာမမှထွက်မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏၊ သစ္စာလေးပါးတရားကို ကောင်းစွာသိကုန်သော လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ဗြဟ္မာတို့သည်လည်း ချစ်မြတ်နိုးကြကုန်၏။

## ၃-ဧရကပတ္တနာဂရာဇဝတ္ထု

၁၈၂။ ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါနမုပ္ပါဒေါ။

၁၈၂။ လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

## ၄-အာနန္ဒတ္ထေရပဉှာဝတ္ထု

၁၈၃။ သဗ္ဗပါပဿ အကရဏံ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

၁၈၃။ မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်နှင့်ပြည့်စုံစေရာ၏၊ မိမိစိတ်ကို ဖြူစင်စေရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၁၈၄။ ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

၁၈၄။ တိတိက္ခာဟု အမည်ရသော သည်းခံမှု ခန္တီသည် မြတ်သောအကျင့်တည်း၊ နိဗ္ဗာန်ကို အလွန်မြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏၊ ရဟန်းဟူသည် သူတပါးကို မညှဉ်းဆဲ၊ သူတပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်။

✓ ၁၈၅။ အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။

၁၈၅။ သူတပါးကို မကဲ့ရဲ့ မစွပ်စွဲရ မညှဉ်းဆဲရ၊ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ရာ၏၊ စားဖွယ်၌ အတိုင်းအရှည်ကို သိရာ၏၊ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာသို့ ကပ်ရောက် နေထိုင်ရာ၏ သမာပတ်ရှစ်ပါးဟူသော အဓိစိတ္တသိက္ခာကို ပွါးများအားထုတ်ရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

## ၅-အနဘိရတိဘိက္ခုဝတ္ထု

၁၈၆။ န ကဟာပဏဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။

၁၈၇။ အပိ ဒိဗ္ဗေသု ကာမေသု၊
ရတိံ သော နာဓိဂစ္ဆတိ။
တဏှက္ခယရတော ဟောတိ၊
သမ္မာသမ္ဗုဒ္ဓသာဝကော။

၁၈၆-၁၈၇။ အသပြာမိုး ရွာသွန်းပေးသဖြင့်လည်း ကာမတို့၌ ရောင့်ရဲတင်းတိမ်မှု မရှိ၊ ကာမတို့သည် သာယာဖွယ်သဘောမရှိကုန်၊ ဆင်းရဲကုန်၏ဟု သိ၍ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ပညာရှိသည် နတ်၌ဖြစ်သော ကာမတို့၌သော်လည်း မမွေ့လျော်၊ တဏှာကုန်ရာနိဗ္ဗာန်၌သာ မွေ့လျော်တော့၏။

၆-အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု

၁၈၈။ ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

၁၈၈။ ကြောက်ရွံ့ထိတ်လန့်ကုန်သော များစွာသော လူတို့သည် တောင်တို့ကိုရင်း တောတို့ကိုရင်း အရံတို့ကိုရင်း အထိကရသစ်ပင်စသော ကိုးကွယ်ရာတို့ကိုရင်း ကိုးကွယ်ကြကုန်၏။

၁၈၉။ နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏမုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

၁၈၉။ ဤ တော တောင် အရံ အထိကရသစ်ပင်စသော ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်၊ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ဤ

ကိုးကွယ်ရာဟူသမျှကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခ ခပ်သိမ်းမှ မလွတ်မြောက်နိုင်။

၁၉၀။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

၁၉၁။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

၁၉၀-၁၉၁။ အကြင်သူသည် မြတ်စွာဘုရားကိုရင်း တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ဆည်းကပ်၏၊ ထိုသူသည် ဆင်းရဲအမှန် 'ဒုက္ခသစ္စာ' ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်'သမုဒယသစ္စာ' ဆင်းရဲလွန်မြောက်ရာအမှန် 'နိရောဓသစ္စာ'ဆင်းရဲငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအမှန် အင်္ဂါရှစ်ပါးရှိသော မြတ်သော 'မဂ္ဂသစ္စာ'ဟူသော အရိယသစ္စာလေးပါးတို့ကို ကောင်းစွာ မဂ်ပညာဖြင့် မြင်နိုင်၏။

၁၉၂။ ဧတံ ခေါ သရဏံ ခေမံ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

၁၉၂။ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏၊ မြတ်သော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏၊ ဤရတနာသုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

## ၇-အာနန္ဒတ္ထေရပဥှာဝတ္ထု

၁၉၃။ ဒုလ္လဘော ပုရိသာဇညော၊န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊တံ ကုလံ သုခမေဓတိ။

၁၉၃။ ယောကျ်ားအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏၊ ထိုယောကျ်ားအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည် ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏၊ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

## ဂ-သမ္ဗုဟုလဘိက္ခုဝတ္ထု

၁၉၄။ သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊သမဂ္ဂါနံ တပေါ သုခေါ။

၁၉၄။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏၊ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

## ၉-ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု

၁၉၅။ ပူဇာရဟေ ပူဇယတော၊ဗုဒ္ဓေ ယဒိ ဝ သာဝကေ။
ပပဉ္စသမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။

၁၉၆။ တေ တာဒိသေ ပူဇယတော၊
နိဗ္ဗုတေ အကုတော ဘယေ။
န သက္ကာ ပုညံ သင်္ခါတုံ၊
ဣမေတ္တမပိ ကေနစိ။

၁၉၅-၁၉၆။ ပူဇော်ထိုက်ကုန်သော တဏှာ မာန ဒိဋ္ဌိ ဟူသော သံသရာနှယ်ချဲ့တရားတို့ကို လွန်မြောက်ပြီးကုန်သော စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို လွန်မြောက်ပြီးကုန်သော ကိလေသာ ငြိမ်းအေးပြီးကုန်သော တစုံတခု ဘေးရန်မရှိကုန်သော ဘုရားရှင်တို့ကိုရင်း မြတ်စွာဘုရား၏ တပည့်တို့ကိုရင်း ပူဇော်သောသူ၏ ကောင်းမှုကို ဤကောင်းမှုသည် ဤမျှရှိ၏ဟု တစုံတယောက်သော သူသည်လည်း ရေတွက်ခြင်းငှါ မတတ်ကောင်း။

ဗုဒ္ဓဝဂ် ပြီး၏။ (ကဆယ့်လေးခုမြောက် ဗုဒ္ဓဝဂ် ပြီး၏။)
ပဥ္စမဘာဏဝါရ ပြီး၏။

---

## ၁၅-သုခဝဂ် ၁-ဉာတိကလဟဝူပသမနဝတ္ထု

၁၉၇။ သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။

၁၉၇။ ရန်ပြုတတ်သူတို့အလယ်၌ ရန်မပြုကြကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ ရန်ပြုသော သူတို့အလယ်၌ ရန်မရှိကုန်ပဲ ငါတို့ နေနိုင်ကြကုန်၏။

၁၉၈။ သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။

၁၉၈။ ကိလေသာ အနှိပ်စက်ခံရသော သူတို့အလယ်၌ ကိလေသာအနှိပ်စက် မခံရကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ ကိလေသာ အနှိပ်စက်ခံရသော

သူတို့အလယ်၌ ကိလေသာအနှိပ်စက်မခံရကုန်ပဲ ငါတို့ နေနိုင်ကြကုန်၏။

၁၉၉။ သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။

၁၉၉။ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကြကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော လူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကြကုန်ပဲ ငါတို့ နေနိုင်ကြကုန်၏။

## ၂-မာရဝတ္ထု

၂၀၀။ သုသုခံ ဝတ ဇီဝါမ၊
ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊
ဒေဝါ အာဘဿရာ ယထာ။

၂၀၀။ စိုးရိမ်ကြောင့်ကြဖွယ်ရာ တစုံတခုမျှ မရှိပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ အာဘဿရာဗြဟ္မာတို့ကဲ့သို့ နှစ်သက်ဝမ်းမြောက်မှု ပီတိတည်းဟူသော အစာကို အားထား၍ နေကြကုန်အံ့။

## ၃-ကောသလရညောပရာဇယဝတ္ထု

၂၀၁။ ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။
ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယပရာဇယံ။

၂၀၁။ အနိုင်ရသူသည် ရန်ကို ပွါးစေ၏၊ရှုံးသောသူသည် ဆင်းရဲစွာ နေရ၏၊ (ကိလေသာ) ငြိမ်းပြီးသောသူသည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာ နေရ၏။

## ၄-အညတရကုလဒါရိကာဝတ္ထု

၂၀၂။ နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိပရံ သုခံ။

၂၀၂။ ရာဂနှင့်တူသော မီးမရှိ၊ဒေါသနှင့်တူသော အပြစ်မရှိ၊ ခန္ဓာနှင့်တူသော ဆင်းရဲမရှိ၊ နိဗ္ဗာန်နှင့်တူသော ချမ်းသာ မရှိ။

## ၅-ကေဉပါသကဝတ္ထု

၂၀၃။ ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရပရမာ ဒုခါ။
ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။

၂၀၃။ ဆာလောင် မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်ကုန်၏၊ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း၊ ပညာရှိသည် ဤသို့ ဟုတ်တိုင်းမှန်စွာ သိ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏။

## ၆-ပသေနဒိကောသလဝတ္ထု

၂၀၄။ အာရောဂျပရမာ လာဘာ၊ သန္တုဋ္ဌိပရမံ ဓနံ။
ဝိဿာသပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

၂၀၄။ အနာရောဂါ ကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း၊ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း၊ ချစ်ကျွမ်း

ဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

## ၇-တိဿတ္ထေရဝတ္ထု

၂၀၅။ ပဝိဝေကရသံ ပိတွာ၊ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။

၂၀၅။ တရားတည်းဟူသော နှစ်သိမ့်မှု ပီတိအရသာကို သောက်ရသူသည် ဆိတ်ငြိမ်ရာ၌ ရသော (တရား) အရသာကိုလည်း ကိလေသာ အပူငြိမ်းရာ နိဗ္ဗာန်၏ အရသာကိုလည်း သောက်ရသောကြောင့် ပူပန်မှု ကင်း၏၊ မကောင်းမှုမှလည်း ကင်း၏။

## ၈-သက္ကဝတ္ထု

၂၀၆။ သာဟု ဒဿနမရိယာနံ၊သန္နိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။

၂၀၆။ သူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည် ကောင်း၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏၊ လူမိုက်တို့ကို မတွေ့မြင်ရခြင်းသည် အမြဲပင် ချမ်းသာ၏။

၂၀၇။ ဗာလသင်္ဂတစာရီ ဟိ၊
ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊
အမိတ္တေနေဝ သဗ္ဗဒါ။
ဓီရော စ သုခသံဝါသော၊
ဉာတီနံဝ သမာဂမော။

၂၀၇။ သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏၊ လူမိုက်တို့နှင့် အဘူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏၊ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေဆိုင်ရသကဲ့သို့ ချမ်းသာ၏။

၂၀၈။ တသ္မာ ဟိ --

ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊
ဓောရယှသီလံ ဝတဝန္တမရိယံ။
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ၊
ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

၂၀၈။ ထိုကြောင့်သာလျှင် တည်ကြည်လည်း တည်ကြည်သော ပညာလည်း ရှိသော အကြားအမြင်လည်း များသော မဂ်ဖိုလ်ဟူသော ဝန်ကိုသည်း ဆောင်လေ့ရှိသော သီလဓုတင် (ဖြူစင်သော)အကျင့်လည်း ရှိသော မြတ်သော ထိုသို့သဘော ရှိသော ပညာရှိသူတော်ကောင်းကို လမင်းသည် နက္ခတ်တို့ သွားရာလမ်းခရီးကို ချဉ်းကပ်သကဲ့သို့ မှီဝဲဆည်းကပ်ရာ၏။

တဆယ့်ငါးခုမြောက် သုခဝဂ် ပြီး၏။

---

## ၁၆-ပိယဝဂ် ၁-တယောဇနပဗ္ဗဇိတဝတ္ထု

၂၀၉။ အယောဂေ ယုဉ္ဇ'မတ္တာနံ၊
ယောဂသ္မိဉ္စ အယောဇယံ။
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ၊
ပိဟေတ'တ္တာနုယောဂိနံ။

၂၀၉။ မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ပဲ အကျိုးစီးပွါးကို စွန့်လွှတ်၍ ချစ်ဖွယ်အာရုံ ကာမဂုဏ်ကို စွဲလမ်းသူသည် ကိုယ်တိုင် အားထုတ်သူတို့၏ (အကျိုးစီးပွါးကို) လိုလားတောင့်တ၏။

၂၁၀။ မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ။

၂၁၀။ ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း တရံတဆစ်မျှ မပေါင်းဖော်ပါလင့်၊ ချစ်သောသူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏၊ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁။ တသ္မာ ပိယံ န ကယိရာထ၊
ပိယာပါယော ဟိ ပါပကော။
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ၊
ယေသံ နတ္ထိ ပိယာပ္ပိယံ။

၂၁၁။ ထို့ကြောင့် (လူကိုဖြစ်စေ ပစ္စည်းဥစ္စာကို ဖြစ်စေ) ချစ်ခင်စွဲလမ်းခြင်းကို မပြုရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာတည်း၊ ချစ်ခြင်းမုန်းခြင်းမရှိသော သူတို့အား အနှောင်အဖွဲ့ 'ဂန္ထ'တို့ မရှိကြကုန်။

## ၂-အညတရကုဋုမ္ဗိကဝတ္ထု

၂၁၂။ ပိယတော ဇာယတီ သောကော၊
ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

၂၁၂။ ချစ်ခင်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ချစ်ခင်မှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၃-ဝိသာခါဝတ္ထု

၂၁၃။ ပေမတော ဇာယတီ သောကော၊
ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

၂၁၃။ မြတ်နိုးမှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ မြတ်နိုးမှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၄-လိစ္ဆဝီဝတ္ထု

၂၁၄။ ရတိယာ ဇာယတီ သောကော၊
ရတိယာ ဇာယတီ ဘယံ။
ရတိယာ ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

၂၁၄။ မွေ့လျော်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မွေ့လျော်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ မွေ့လျော်မှုမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၅ အနိတ္ထိဂန္ဓကုမာရဝတ္ထု

၂၁၅။ ကာမတော ဇာယတီ သောကော၊
ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

၂၁၅။ ကာမကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ ကာမကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ကာမမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၆-အညတရဗြာဟ္မဏဝတ္ထု

၂၁၆။ တဏှာယ ဇာယတီ သောကော၊
တဏှာယ ဇာယတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊
နတ္ထိ သောကော ကုတော ဘယံ။

၂၁၆။ တဏှာကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ တဏှာကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ တဏှာမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

## ၇-ပဉ္စသတဒါရကဝတ္ထု

၂၁၇။ သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ။
အတ္တနော ကမ္မ ကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။

၂၁၇။ သီလနှင့်လည်း ပြည့်စုံ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်

သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

## ၈-ကေအနာဂါမိတ္ထေရဝတ္ထု

၂၁၈။ ဆန္ဒဇာတော အနက္ခာတေ၊
မနသာ စ ဖုဋ္ဌော သိယာ။
ကာမေသု စ အပ္ပဋိဗဒ္ဓစိတ္တော၊
"ဥဒ္ဓံ သောတော"တိ ဝုစ္စတိ။

၂၁၈။ နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ် မရှိသူကို "အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည့်သူ"ဟု ဆိုအပ်၏။

## ၉-နန္ဒိယဝတ္ထု

၂၁၉။ စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။

၂၁၉။ ကြာမြင့်စွာ ကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသူကို (မြင်၍) ဆွေမျိုး မိတ်ဆွေ ချစ်ကျွမ်းဝင်သူတို့သည် ပြန်လာပြီဟု နှစ်သက်ဝမ်းမြောက်ကုန်၏။

၂၂၀။ တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂဏှန္တိ၊ ပိယံ ဉာတီဝ အာဂတံ။

၂၂၀။ ထိုနည်းတူစွာလျှင် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသော ပြုပြီးသော ကောင်းမှု ရှိသူကိုလည်း

ဆွေမျိုးတို့သည် ပြန်ရောက် လာသော ချစ်ခင်သူကို ကြိုဆို ကြသကဲ့သို့ ကောင်းမှုတို့သည် ကြိုဆိုကြကုန်၏။

တဆယ့်ခြောက်ခုမြောက် ပိယဝဂ် ပြီး၏။

---

## ၁၇-ကောဓဝဂ် ၁-ရောဟိနီခတ္တိယကညာဝတ္ထု

၂၂၁။ ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊
သံယောဇနံ သဗ္ဗမတိက္ကမေယျ။
တံ နာမရူပသ္မိမသဇ္ဇမာနံ၊
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

၂၂၁။ အမျက် 'ဒေါသ' ကို စွန့်ရာ၏၊ မာနကို ပယ်ရာ၏၊ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏၊ နာမ်ရုပ်၌မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

## ၂-အညတရဘိက္ခုဝတ္ထု

၂၂၂။ ယော ဝေ ဥပ္ပတိတံ ကောဓံ၊
ရထံ ဘန္တံဝ ဝါရယေ။
တမဟံ သာရထိံ ဗြူမိ၊
ရသ္မိဂ္ဂါဟော ဣတရော ဇနော။

၂၂၂။ လိမ္မာသော ရထား ထိန်းသည် လျင်မြန်စွာ ပြေးသွားသော ရထားကို လမ်းမလွဲအောင် စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက်'ဒေါသ'ကို တားမြစ်နိုင်သူကို လိမ္မာသော ရထားထိန်းဟူ၍ ငါဆို၏၊ ဤမှတပါး ပြကတေ့ရထားထိန်းသည် ရထားကြိုးကိုင်သာ မည်၏။

## ၃-ဥတ္တရာဥပါသိကဝတ္ထု

၂၂၃။ အက္ကောဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေနာ’လိကဝါဒိနံ။

၂၂၃။ အမျက် ထွက်သော သူကို မေတ္တာ တရားဖြင့် အောင်ရာ၏၊ မကောင်းသော သဘောရှိသူကို ကောင်းသော သဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသော သူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောသော သူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏။

## ၄-မဟာမောဂ္ဂလ္လာနပဉ္ဟာဝတ္ထု

၂၂၄။ သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။

၂၂၄။ မှန်သော စကားကို ပြောဆိုရာ၏၊ အမျက် မထွက်ရာ၊ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏၊ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။

## ၅-ဗုဒ္ဓပိတုပြာဟ္မဏဝတ္ထု

၂၂၅။ အဟိံသကာ ယေ မုနယော၊
နိစ္စံ ကာယေန သံဝုတာ။
တေ ယန္တိ အစ္စုတံ ဌာနံ၊
ယတ္ထ ဂန္တွာ န သောစရေ။

၂၂၅။ သူတပါးတို့ကို မညှဉ်းဆဲတတ်၊ ကာယဒွါရစသည်တို့ဖြင့် အမြဲစောင့်စည်းတတ်ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည် စိုးရိမ်ခြင်းကင်းရာ သေခြင်းကင်းရာ ဖြစ်သော နိဗ္ဗာန်အရပ်သို့ ရောက်ကြရကုန်၏။

## ၆-ပုဏ္ဏဒါသီဝတ္ထု

၂၂၆။ သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနုသိက္ခိနံ။
နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

၂၂၆။ အခါခပ်သိမ်း နိုးကြား ထကြွကုန်သည် ဖြစ်၍ နေ့ညဉ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကြကုန်လျက် နိဗ္ဗာန်သို့ စိတ်ညွတ်ကြသူတို့အား အာသဝေါတရားတို့ ချုပ်ငြိမ်းကွယ်ပျောက်ကြကုန်၏။

## ၇-အတုလဥပါသကဝတ္ထု

၂၂၇။ ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ။
နိန္ဒန္တိ တုဏှိမာသိနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။

၂၂၇။ အိုအတုလ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း၊ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်၊ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏၊ များစွာ ပြောဟောသောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ နှိုင်းချိန်၍ ပြောဆိုသောသူကိုလည်း ကဲ့ရဲ့ကုန်၏၊ လောက၌ အကဲ့ရဲ့ လွတ်သောသူ မည်သည် မရှိပေ။

၂၂၈။ န စာဟု န စ ဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ။
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံသိတော။

၂၂၈။ လုံးဝ အကဲ့ရဲ့ ခံရသူ လုံးဝ အချီးမွမ်း ခံရသူ မည်သည် ရှေးကလည်း မရှိခဲ့စဘူး၊ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်း မရှိ။

၂၂၉။ ယံ စေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေ သုဝေ။
အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ၊ ပညာသီလသမာဟိတံ။

၂၃၀။ နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

၂၂၉-၂၃၀။ မကျိုးမပြတ်သော အကျင့်ရှိသော ဖောက်ခွဲနိုင်သော ပညာရှိသော ပညာဂုဏ် သီလဂုဏ် သမာဓိဂုဏ် ရှိသောသူကို ပညာရှိတို့သည် ဟုတ်မှန်စွာသိ၍ နေ့တိုင်း နေ့တိုင်း ချီးမွမ်းခဲ့ပါမူ ဇမ္ဗူရာဇ်ရွှေစင် နိက္ခနှင့် တူသူကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း၊ ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာမင်းသည်လည်း ချီးမွမ်း၏။

## ဂ-ဆဗ္ဗဂ္ဂိယဝတ္ထု

၂၃၁။ ကာယပ္ပကောပံ ရက္ခေယျ၊
ကာယေန သံဝုတော သိယာ။
ကာယဒုစ္စရိတံ ဟိတွာ၊
ကာယေန သုစရိတံ စရေ။

၂၃၁။ ကိုယ်အမူအရာပျက်စီးမှု (ကာယဒုစရိုက်သုံးပါး) ကို စောင့်ရှောက်ရာ၏၊ ကာယဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်

လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ကျင့်ရာ၏။

၂၃၂။ ဝစီပကောပံ ရက္ခေယျ၊
ဝါစာယ သံဝုတော သိယာ။
ဝစီဒုစ္စရိတံ ဟိတွာ၊
ဝါစာယ သုစရိတံ စရေ။

၂၃၂။ နှုတ်အမူအရာပျက်စီးမှု (ဝစီဒုစရိုက်လေးပါး)ကို စောင့်ရှောက်ရာ၏၊ ဝစီဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်ရာ၏။

၂၃၃။ မနောပကောပံ ရက္ခေယျ၊
မနသာ သံဝုတော သိယာ။
မနော ဒုစ္စရိတံ ဟိတွာ၊
မနသာ သုစရိတံ စရေ။

၂၃၃။ စိတ်အမူအရာပျက်စီးမှု (မနောဒုစရိုက် သုံးပါး) ကို စောင့်ရှောက်ရာ၏၊ မနောဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို)တားမြစ်ပိတ်ပင်ရာ၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်ရာ၏။

၂၃၄။ ကာယေန သံဝုတာ ဓီရာ၊
အထော ဝါစာယ သံဝုတာ။
မနသာ သံဝုတာ ဓီရာ၊
တေ ဝေ သုပရိသံဝုတာ။

၂၃၄။ ပညာရှိတို့သည် ကိုယ်ဖြင့် ဝင်ရောက် လာသော ဒုစရိုက် နှုတ်ဖြင့် ဝင်ရောက် လာသော ဒုစရိုက် စိတ်ဖြင့် ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင်ကုန်၏၊ ထိုပညာရှိတို့သည်သာ တားမြစ်ပိတ်ပင်သူတို့ မည်ကုန်၏။

တဆယ့်ခုနစ်ခုမြောက် ကောဓဝဂ် ပြီး၏။

---

## ၁၈-မလဝဂ် ၁-ဂေါဃာတကပုတ္တဝတ္ထု

၂၃၅။ ပဏ္ဍုပလာသောဝ ဒါနိသိ၊
ယမပုရိသာပိ စ တေ ဥပဋ္ဌိတာ။
ဥယျောဂမုခေ စ တိဋ္ဌသိ၊
ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။

၂၃၅။ (ဥပါသကာ)သင်သည် ယခုအခါ ဖျော့တော့သော ဖက်ရွက်လျော်ကဲ့သို့ ဖြစ်ခဲ့ပြီ၊ သေမင်းတမန်တို့သည်လည်း သင်၏အနီး၌ တည်ကုန်ပြီ၊ ဆုတ်ယုတ်ပျက်စီးခြင်း၏ အစ(ဘဝဆုံး)၌လည်း တည်ခဲ့ပြီ၊ သင့်အား (ဘဝတပါးသို့ သွားရန် ကောင်းမှု)ရိက္ခာလည်း မရှိ။

၂၃၆။ သော ကရောဟိ ဒီပမတ္တနော၊
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဓန္တမလော အနင်္ဂဏော၊
ဒိဗ္ဗံ အရိယဘူမိံ ဥပေဟိသိ။

၂၃၆။ ထိုသင်သည် မိမိ၏မှီရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊လျင်စွာ အားထုတ်၍ ပညာရှိသူဖြစ်လေလော့၊

အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ အရိယာတို့ နေရာ သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်ရလတ္တံ့။

၂၃၇။ ဥပနီတဝယောဝ ဒါနိသိ၊
သမ္ပယာတောသိ ယမဿ သန္တိကံ။
ဝါသောပိ တေ နတ္ထိ အန္တရာ၊
ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။

၂၃၇။ (ဥပါသကာ)သင်သည် ယခုအခါ အရွယ်လွန်ချေပြီ၊ သေမင်း၏အထံသို့ သွားချိန်ရောက်ခဲ့ပြီ၊ သင့်အား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိ၊ သင့်အား (ဘဝတပါးသို့ သွားရန်ကောင်းမှု)ရိက္ခာလည်း မရှိ။

၂၃၈။ သော ကရောဟိ ဒီပမတ္တနော၊
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဓန္တမလော အနင်္ဂဏော၊
န ပုနံ ဇာတိဇရံ ဥပေဟိသိ။

၂၃၈။ (ဥပါသကာ)သင်သည် မိမိ၏မှီရာ ကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊လျင်စွာအားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ တဖန် ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မရောက်ရတော့လတ္တံ့။

## ၂-အညတရဗြာဟ္မဏဝတ္ထု

၂၃၉။ အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။

၂၃၉။ ပန်းထိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တဖြည်းဖြည်း ထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိ၏ အညစ်အကြေးကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း (ရာဂစသော အညစ်အကြေးကို) ထုတ်ပယ်ရာ၏။ ၁၂၉၅

## ၃-တိဿထေရဝတ္ထု

၂၄၀။ အယသာဝ မလံ သမုဋ္ဌိတံ၊
တတုဋ္ဌာယ တမေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ၊
သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။

၂၄၀။ သံချေးသည် သံမှာပင် ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင် (ပြန်၍) စားသကဲ့သို့ ဤအတူ မကောင်းမှု၌ လွန်ကျူး၍ ကျင့်သောသူကို မိမိကျင့်ကြံမှုတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။

## ၄-လာလုဒါယိဝတ္ထု

၂၄၁။ အသဇ္ဈာယ မလာ မန္တာ၊
အနုဋ္ဌာနမလာ ဃရာ။
မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊
ပမာဒေါ ရက္ခတော မလံ။

၂၄၁။ စာပေကျမ်းဂန် အတတ်ပညာတို့သည် မရွတ်ဖတ် မသရဇ္ဈာယ်ခြင်းလျှင် (ပျက်စီးကြောင်း) အညစ်အကြေး ရှိကုန်၏၊ အိမ်တို့သည် ကြောင့်ကြတစိုက် မပြုပြင်ခြင်းလျှင်

(ပျက်စီးကြောင်း)အညစ်အကြေးရှိကုန်၏၊ ပျင်းရိခြင်းသည် အဆင်း(လှပခြင်း)၏ (ပျက်စီးကြောင်း) အညစ်အကြေး မည်၏၊ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ (ပျက်စီး ကြောင်း) အညစ်အကြေးမည်၏။

၅-အညတရကုလပုတ္တဝတ္ထု

၂၄၂။ မလိတ္ထိယာ ဒုစ္စရိတံ၊
မစ္ဆေရံ ဒဒတော မလံ။
မလာ ဝေ ပါပကာ ဓမ္မာ၊
အသ္မိံ လောကေ ပရမှိ စ။

၂၄၂။ (လင်ကို)လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ (ပျက်စီးကြောင်း)အညစ်အကြေးမည်၏၊ နှမြောဝန်တိုခြင်း သည် ပေးလှူသူ၏ (ပျက်စီးကြောင်း) အညစ်အကြေး မည်၏၊ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဤဘဝ၌ရင်း တမလွန်ဘဝ၌ရင်း ကေန် ပျက်စီးကြောင်း အညစ်အကြေး မည်ကုန်၏။

၂၄၃။ တတော မလာ မလတရံ၊ အဝိဇ္ဇာ ပရမံ မလံ။
ဧတံ မလံ ပဟန္တွာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ။

၂၄၃။ ထိုအညစ်အကြေးတို့ထက် အလွန်ကဲဆုံး အညစ် အကြေးကား အမှန်ကိုမသိမှု'အဝိဇ္ဇာ' ပင်တည်း၊ ရဟန်းတို့ ဤ(အလွန်ကဲဆုံး)အဝိဇ္ဇာ အညစ်အကြေးကိုသတ်၍ အညစ် အကြေး ကင်းစေကုန်လော့။

## ၆-စူဠသာရိဘိက္ခုဝတ္ထု

၂၄၄။ သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။

၂၄၄။ အရှက်မရှိသူသည် ရဲတင်းသောကျီးနှင့် တူသဖြင့်ရင်း သူတပါးဂုဏ်ကို ဖျက်ဆီးသဖြင့်ရင်း သူတပါးပြုသည်ကို မိမိပြုယောင် ဆောင်သဖြင့်ရင်း ကြမ်းကြုတ်သဖြင့်ရင်း ညစ်ညူးသောအကျင့်ဖြင့်ရင်း အသက်မွေးမှု ပြုသောကြောင့် အသက်မွေး လွယ်ကူ၏။

၂၄၅။ ဟိရီမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ။
အလီနေနာ'ပ္ပဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။

၂၄၅။ အရှက်ရှိသူသည် အမြဲစင်ကြယ်မှုကိုရှာသဖြင့်ရင်း မတွန့်တိုသဖြင့်ရင်း မကြမ်းကြုတ်သဖြင့်ရင်း စင်ကြယ်သော အသက်မွေးမှုဖြင့်ရင်း သင့်မသင့်ကို မြော်မြင် သဖြင့်ရင်း အသက်မွေးမှုပြုသောကြောင့် အသက်မွေး ခဲယဉ်း၏။

## ၇-ပဉ္စဥပါသကဝတ္ထု

၂၄၆။ ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နမာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။

၂၄၇။ သုရာမေရယပါနဉ္စ၊
ယော နရော အနုယုဉ္ဇတိ။
ဣဓေဝ မေသော လောကသ္မိံ၊
မူလံ ခဏတိ အတ္တနော။

၂၄၆-၂၄၇။ လောက၌ အကြင်သူသည် သူ့အသက်ကို သတ်၏၊ မဟုတ်မမှန်သောစကားကိုလည်း ပြောဆို၏၊ ပိုင်ရှင်မပေးသော သူ့ဥစ္စာကို ခိုးယူ၏၊ သူတပါးမယားကိုလည်း သွားလာ၏၊ သေရည်သေရက် ကိုလည်း သောက်စား၏၊ ထိုသူသည် ဤဘဝ၌ပင်လျှင် မိမိ၏ မူလရင်းအခြေအမြစ်ကို တူးဖြိုဖျက်ဆီးသည်မည်၏။

၂၄၈။ ဧဝံ ဘော ပုရိသ ဇာနာဟိ၊
ပါပဓမ္မာ အသညတာ။
မာ တံ လောဘော အဓမ္မော စ၊
စိရံ ဒုက္ခာယ ရန္ဓယုံ။

၂၄၈။ အိုယောကျ်ား ကိုယ်စသည်ကို စောင့်စည်းမှု ကင်းဝေးသူတို့သည် ယုတ်ညံ့သော သဘော ရှိကုန်၏ဟု သိလေလော့၊ လောဘသည်ရင်း ဒေါသသည်ရင်း သင့်ကို ကြာမြင့်စွာ ဆင်းရဲစေရန် မပြုလုပ်ပါစေလင့်။

ဂ–တိဿဒဟရဝတ္ထု

၂၄၉။ ဒဒါတိ ဝေ ယထာ သဒ္ဓံ၊
ယထာ ပသာဒနံ ဇနော။
တတ္ထ ယော စ မင်္ကု ဘဝတိ၊
ပရေသံ ပါနဘောဇနေ။
န သော ဒိဝါ ဝါ ရတ္တိံ ဝါ၊
သမာဓိမဓိဂစ္ဆတိ။

၂၄၉။ လူအပေါင်းသည် တစုံတယောက်အား ယုံကြည်သည့်အလျောက် ကြည်ညိုသည့်အလျောက် ပေးကမ်း လှူ

ဒါန်း၏၊ စားဖွယ် သောက်ဖွယ်စသည်ကို သူတပါးတို့ပေးလှူ ရာ၌ မျက်နှာမသာသူသည် နေ့အခါ၌ရင်း ညဉ့်အခါ၌ရင်း စိတ်၏တည်ကြည်မှုကို မရ။

၂၅၀။ ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။
သဝေ ဒိဝါ ဝါ ရတ္တိံ ဝါ၊ သမာဓိမဓိဂစ္ဆတိ။

၂၅၀။ အကြင်သူသည် ဤမျက်နှာမသာမှု သဘောကို အကြွင်းမဲ့ဖြတ်၏၊ အမြစ်ပြတ်ပယ်နုတ်ပြီး ဖြစ်၏၊ ထိုသူသည် နေ့အခါ၌ရင်း ညဉ့်အခါ၌ရင်း စိတ်၏ တည်ကြည်မှုကို ‌ကေန် ရ၏။

## ၉-ပဥ္စဥပါသကဝတ္ထု

၂၅၁။ နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော။
နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာသမာ နဒီ။

၂၅၁။ ရာဂနှင့်တူသော မီးသည် မရှိ၊ ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည် မရှိ၊ မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ၊ တဏှာနှင့်တူသော မြစ်သည် မရှိ။

## ၁၀-မေဏ္ဍကသေဋ္ဌိဝတ္ထု

၂၅၂။ သုဒဿံ ဝဇ္ဇမညေသံ၊
အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိ သော ဝဇ္ဇာနိ၊
ဩပုနာတိ ယထာ ဘုသံ။
အတ္တနော ပန ဆာဒေတိ၊
ကလိံဝ ကိတဝါ သဌော။

၂၅၂။ သူတပါးတို့၏အပြစ်ကို မြင်လွယ်၏၊ မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကို လွှင့်သကဲ့သို့ သူတပါးတို့၏အပြစ်ကို လွှင့်၏၊ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို (သစ်ရွက်စသည်ဖြင့်) ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကိုမူကား ဖုံးလွှမ်း၏။

## ၁၁-ဥဇ္ဈာနသညိတ္ထေရဝတ္ထု

၂၅၃။ ပရဝဇ္ဇာနုပဿိဿ၊
နိစ္စံ ဥဇ္ဈာနသညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊
အာရာ သော အာသဝက္ခယာ။

၂၅၃။ သူတပါး၏ အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့တတ်သူအား အာသဝေါတရားတို့သည် တိုးပွါးကုန်၏၊ ထိုသူသည် အာသဝေါကုန်ခြင်းမှ ဝေးကွာ၏။

## ၁၂-သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု

၂၅၄။ အာကာသေဝ ပဒံ နတ္ထိ၊
သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊
နိပ္ပပဉ္စာ တထာဂတာ။

၂၅၄။ ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မဂ်ရ ဖိုလ်ရ ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော (တဏှာမာနဒိဋ္ဌိ)တရား၌ မွေ့လျော်ကုန်၏၊ ဘုရားရှင်တို့သည် သံသရာချဲ့ထွင်တတ်သော တရားမှ ကင်းကုန်၏။

၂၅၅။ အာကာသေ၀ ပဒံ နတ္ထိ၊
သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊
နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

၂၅၅။ ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မဂ်ရ ဖိုလ်ရ ရဟန်းမရှိ၊ မြဲကုန်သော သင်္ခါရတရားတို့သည် မရှိကုန်။ ဘုရားရှင်တို့အား တုန်လှုပ်ခြင်း မရှိ။

တဆယ့်ရှစ်ခုမြောက် မလဝဂ် ပြီး၏။

---

## ၁၉-ဓမ္မဋ္ဌဝဂ် ၁-ဝိနိစ္ဆယမဟာမတ္တဝတ္ထု

၂၅၆။ န တေန ဟောတိ ဓမ္မဋ္ဌော၊
ယေနတ္ထံ သာဟသာ နယေ။
ယော စ အတ္ထံ အနတ္ထဉ္စ၊
ဥဘော နိစ္ဆေယျ ပဏ္ဍိတော။

၂၅၆။ ဆုံးဖြတ်အပ်သော (အမှု) သဘောကို နိုင်ထက်စီးနင်း ဆုံးဖြတ်ခြင်းကြောင့် တရား၌တည်သူ တရားသူကြီး မဟုတ်၊ ပညာရှိသည် ဟုတ်မှန်သောအကြောင်း မဟုတ်မမှန်သော အကြောင်းနှစ်ပါးစုံကို (စုံစမ်းမေးမြန်း၍) ဆုံးဖြတ်ရာ၏။

၂၅၇။ အသာဟသေန ဓမ္မေန၊
သမေန နယတီ ပရေ။
ဓမ္မဿ ဂုတ္တော မေဓာဝီ၊
“ဓမ္မဋ္ဌော”တိ ပဝုစ္စတိ။

၂၅၇။ မချွတ်မယွင်း တရားနှင့်အညီ သူတပါးတို့ကို နိုင်ခြင်း ရှုံးခြင်းသို့ ရောက်စေသော ပညာရှိကို တရားစောင့်သော တရား၌တည်သူ တရားသူကြီးဟု ဆိုအပ်၏။

## ၂-ဆဗ္ဗဂ္ဂိယဝတ္ထု

၂၅၈။ န တေန ပဏ္ဍိတော ဟောတိ၊
ယာဝတာ ဗဟု ဘာသတိ။
ခေမီ အဝေရီ အဘယော၊
“ပဏ္ဍိတော”တိ ပဝုစ္စတိ။

၂၅၈။ စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

## ၃-ဧကုဒါနခီဏာသဝဝတ္ထု

၂၅၉။ န တာဝတာ ဓမ္မဓရော၊
ယာဝတာ ဗဟု ဘာသတိ။
ယော စ အပ္ပမ္ပိ သုတွာန၊
ဓမ္မံ ကာယေန ပဿတိ။
သ ဝေ ဓမ္မဓရော ဟောတိ၊
ယော ဓမ္မံ နပ္ပမဇ္ဇတိ။

၂၅၉။ စကားများစွာ ပြောကာမျှဖြင့် တရားကို ဆောင်သူမမည်၊ အကြင်သူသည် အနည်းငယ်သော တရားစကားကို ကြားရရုံမျှဖြင့်လည်း သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် မြင်၏၊ ထိုသစ္စာလေးပါးတရား၌ မမေ့မလျော့သူသည်သာ စင်စစ် တရားဆောင်သူ မည်၏။

## ၄-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

၂၆၀။ န တေန ထေရော သော ဟောတိ၊
ယေနဿ ပလိတံ သိရော။
ပရိပက္ကော ဝယော တဿ၊
"မောဃဇိဏ္ဏော"တိ ဝုစ္စတိ။

၂၆၀။ ထိုရဟန်း၏ ဦးခေါင်းသည် ဖွေးဖွေးဖြူ၏၊ ထို ဦးခေါင်းဖွေးဖွေးဖြူကာမျှဖြင့် ထိုရဟန်းသည် မထေရ်မမည်၊ ထိုရဟန်း၏ အရွယ်ရင့်အိုမှုကို အကျိုးမဲ့ ရင့်အိုမှုဟု ဆိုအပ်၏။

၂၆၁။ ယမှိ သစ္စဉ္စ ဓမ္မော စ၊
အဟိံသာ သံယမော ဒမော။
သ ဝေ ဝန္တမလော ဓီရော၊
"ထေရော"ဣတိ ပဝုစ္စတိ။

၂၆၁။ အကြင်ပုဂ္ဂိုလ်၌ သစ္စာလည်းရှိ၏၊ တရားလည်း ရှိ၏၊ ညှဉ်းဆဲမှု မရှိ၊ သီလစောင့်ခြင်း ရှိ၏။ (ဣန္ဒြေကိုလည်း) ဆုံးမ၏၊ ကိလေသာ ပျို့အန်ပြီးသော ထိုပညာရှိပုဂ္ဂိုလ်ကိုသာ မထေရ်ဟု ဆိုအပ်၏။

## ၅-သမ္ဗဟုလဘိက္ခုဝတ္ထု

၂၆၂။ န ဝါက္ကရဏမတ္တေန၊
ဝဏ္ဏပေါက္ခရတာယ ဝါ။
သာဓုရူပေါ နရော ဟောတိ၊
ဣဿုကီ မစ္ဆရီ သဌော။

၂၆၂။ ငြူစူတတ်သော ဝန်တိုသော စဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် ကောင်းသောစကားကို ပြောတတ်ကာမျှဖြင့်ရင်း

ရှပ်အဆင်းလှပကာမျှဖြင့်ရင်း ကောင်းသော သဘောရှိသည် မမည်။

၂၆၃။ ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။
သ ဝန္တဒေါသော မေဓာဝီ၊ "သာဓုရူပေါ"တိ ဝုစ္စတိ။

၂၆၃။ အကြင်သူသည် ငြူစူခြင်း ဝန်တိုခြင်း စဉ်းလဲခြင်း ဟူသော ထိုသဘောကို အကြွင်းမဲ့ ဖြတ်၏၊ အမြစ်ဖြတ်ပယ် နုတ်ပြီးဖြစ်၏၊ ကိလေသာအမြစ်ကို ထွေးအန်ပြီးသော ထို ပညာရှိကို ကောင်းသော သဘောရှိသူ ဟု ဆိုအပ်၏။

## ၆-ဟတ္ထကဝတ္ထု

၂၆၄။ န မုဏ္ဍကေန သမဏော၊
အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘသမာပန္နော၊
သမဏော ကိံ ဘဝိဿတိ။

၂၆၄။ ဦးပြည်း ခေါင်းတုံးကာမျှဖြင့် ရဟန်းမည်သည် မဖြစ်၊ သီလ အကျင့် ဓုတင်အကျင့်လည်း မရှိသော ချွတ်ယွင်းသော စကားကိုလည်း ပြောတတ်သော လိုချင်မက်မောမှုနှင့် ပြည့်စုံသော သူသည် အဘယ်မှာ ရဟန်းဟုဘ်နိုင်ပါအံ့နည်း။

၂၆၅။ ယော စ သမေတိ ပါပါနိ၊
အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာ ဟိ ပါပါနံ၊
"သမဏော"တိ ပဝုစ္စတိ။

၂၆၅။ အကြင် ပုဂ္ဂိုလ်သည် အသေးအကြီး ဖြစ်သော မကောင်းမှုတို့ကို အချင်းခပ်သိမ်း ငြိမ်းစေ၏၊ ထိုပုဂ္ဂိုလ်ကို မကောင်မှု အလုံးစုံကို ငြိမ်းစေတတ်သောကြောင့် ရဟန်းဟူ၍ ဆိုအပ်၏။

## ၇-အညတရဗြာဟ္မဏဝတ္ထု

၂၆၆။ န တေန ဘိက္ခု သော ဟောတိ၊
ယာဝတာ ဘိက္ခတေ ပရေ။
ဝိဿံ ဓမ္မံ သမာဒါယ၊
ဘိက္ခု ဟောတိ န တာဝတာ။

၂၆၆။ သူတပါးတို့ထံ တောင်းစားကာမျှဖြင့် ရဟန်း မည်သည် မဖြစ်၊ တရားနှင့် မညီညွတ်သော အကျင့်ကိုယူ၍ ကျင့်ကာမျှဖြင့် ရဟန်းမည်သည် မဖြစ်။

၂၆၇။ ယောဓ ပုညဉ္စ ပါပဉ္စ၊
ဗာဟေတွာ ဗြဟ္မစရိယဝါ။
သင်္ခါယ လောကေ စရတိ၊
သ ဝေ "ဘိက္ခူ"တိ ဝုစ္စတိ။

၂၆၇။ ဤသာသနာတော်၌ အကြင်သူသည် မြတ်သော အကျင့်ရှိသည်ဖြစ်၍ ကောင်းမှု မကောင်းမှုကို ပယ်နုတ်လျက် ခန္ဓာငါးပါးဟူသော လောကကို ဉာဏ်ဖြင့် ဆင်ခြင်၍ ကျင့်၏၊ ထိုသူကို ရဟန်းဟု ဆိုအပ်၏။

## ၈-တိတ္ထိယဝတ္ထု

၂၆၈။ န မောနေန မုနီ ဟောတိ၊ မူဠှရူပေါ အဝိဒ္ဒသု။
ယော စ တုလံဝ ပဂ္ဂယှ၊ ဝရမာဒါယ ပဏ္ဍိတော။

၂၆၉။ ပါပါနိ ပရိဝဇ္ဇေတိ၊
သ မုနိ တေန သော မုနိ။
ယော မုနာတိ ဉဘော လောကေ၊
"မုနိ"တေန ပဝုစ္စတိ။

၂၆၈-၂၆၉။ အသိပညာ မရှိပါပဲ တွေဝေသော သဘော ရှိသော သူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိ မမည်၊ အကြင် ပညာရှိသည် ချိန်ခွင်ကို ကိုင်၍ ချိန်စက်သကဲ့သို့ ကောင်းမှု တည်းဟူသော အမြတ်တရားကိုယူ၍ မကောင်းမှု အကုသိုလ် တရားတို့ကို ကြဉ်ရှောင်၏၊ ထိုကြောင့် ထိုပညာရှိသည် မုနိ မည်၏၊ အကြင်သူသည် အဇ္ဈတ္တ ဗဟိဒ္ဓ ခန္ဓာနှစ်ပါးတို့ကို သိ၏၊ ထိုသူသည်လည်း မုနိ မည်၏၊ ထိုအကြောင်း နှစ်ပါး ကြောင့် မုနိ ဟု ဆိုအပ်၏။

## ၉-ဗာဠိသိကဝတ္ထု

၂၇၀။ န တေန အရိယော ဟောတိ၊
ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊
"အရိယော"တိ ပဝုစ္စတိ။

၂၇၀။ အကြင့်ကြောင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏၊ထိုညှဉ်း ဆဲခြင်းကြောင့် အရိယာ မဖြစ်၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်း ကြောင့် အရိယာဟူ၍ ဆိုအပ်၏။

## ၁၀-သမ္ဗဟုလသီလာဒိသမ္ပန္နဘိက္ခုဝတ္ထု

၂၇၁။ န သီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။

၂၇၂။ ဖုသာမိ နေက္ခမ္မသုခံ၊
အပုထုဇ္ဇနသေဝိတံ။
ဘိက္ခု ဝိဿာသမာပါဒိ၊
အပ္ပတ္တော အာသဝက္ခယံ။

၂၇၁-၂၇၂။ သီလ အကျင့် ရှိကာမျှဖြင့်ရင်း အကြား အမြင်များကာမျှဖြင့်ရင်း တည်ကြည်မှု သမာဓိရကာမျှဖြင့် ရင်း ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်ရင်း ရဟန်းသည် အာသဝေါ ကုန်ခန်းသော ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိဖိုလ်ချမ်းသာကို ရပေ၏ဟူ၍ သက်သာရာ (ရပ်နားခြင်း) သို့ မရောက်ပါစေလင့်။

တဆယ့်ကိုးခုမြောက် ဓမ္မဋ္ဌဝဂ် ပြီး၏။

---

## ၂၀-မဂ္ဂဝဂ် ၁-ပဉ္စသတဘိက္ခုဝတ္ထု

၂၇၃။ မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။

၂၇၃။ လမ်းခရီးအားလုံးတွင် အင်္ဂါရှစ်ပါးရှိသော လမ်း 'မဂ်'ခရီးသည် အမြတ်ဆုံးဖြစ်၏၊ သစ္စာအားလုံးတို့တွင် အရိယာသစ္စာလေးပါးသည် အမြတ်ဆုံး ဖြစ်၏၊ သဘောတရား အားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး ဖြစ်၏၊ အခြေနှစ်ချောင်းရှိ သတ္တဝါအားလုံးတို့တွင် မျက်စိငါးပါး ရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်၏။

၂၇၄။ ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။

၂၇၄။ ဤအင်္ဂါရှစ်ပါးရှိသော လမ်းခရီး'မဂ်'သည်သာလျှင် ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက် ခရီးမှန် ဖြစ်၏၊ ဤမဂ်လမ်းခရီးမှ တပါးသော ခရီးသည် မရှိတော့ပြီ၊ ထို့ကြောင့် သင်တို့သည် ဤခရီးမှန်ကိုသာ သွားကြကုန်လော့၊ ဤခရီးမှန်သည် မာရ်မင်း မမြင်နိုင်သော လမ်းခရီးတည်း။

၂၇၅။ ဧတဉှိ တုမှေ ပဋိပန္နာ၊
ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊
အညာယ သလ္လကန္တနံ။

၂၇၅။ သင်တို့သည် ဤမဂ်ဟူသော လမ်းမှန်ကို သွားကြကုန်သည်ရှိသော် ဆင်းရဲအဆုံးကို ပြုရကုန်လတ္တံ့၊ ငါသည် ရာဂစသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်ဟူသော လမ်းမှန်ကို ညွှန်ကြားအပ်ပြီ။

၂၇၆။ တုမှေဟိ ကိစ္စမာတပ္ပံ၊
အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊
ဈာယိနော မာရဗန္ဓနာ။

၂၇၆။ သင်တို့သည် ကိုယ်တိုင် ဒွားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် (လမ်းမှန်ကို) ညွှန်ကြားရုံမျှ ဖြစ်ကုန်၏၊ ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

## ၂-အနိစ္စလက္ခဏဝတ္ထု

၂၇၇။ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၇။ အကြင်အခါ "(ရုပ်နာမ်ခန္ဓာ) သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်"ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ခန္ဓာသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ၃-ဒုက္ခလက္ခဏဝတ္ထု

၂၇၈။ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၈။ အကြင်အခါ "(ရုပ်နာမ်ခန္ဓာ) သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏"ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ခန္ဓာသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ၄-အနတ္တလက္ခဏဝတ္ထု

၂၇၉။ "သဗ္ဗေ ဓမ္မာ အနတ္တာ"တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၉။ အကြင်အခါ "သဘာဝတရား အားလုံးတို့သည် အတ္တမဟုတ်ကုန်"ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

## ၅-ပဓာနကမ္မိကတိဿတ္ထေရဝတ္ထု

၂၈၀။ ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော၊
ယုဝါ ဗလီ အာလသိယံ ဥပေတော။
သံသန္နသင်္ကပ္ပမနော ကုသီတော၊
ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။

၂၈၀။ ပျိုမျစ်နုထွား ခွန်အားနှင့် ပြည့်စုံပါသော်လည်း ထကြွသင့်သောအခါ၌ ထကြွမှုလုံ့လမရှိ၍ ပျင်းရိထိုင်းမှိုင်းလျက် စိတ်အကြံ'ဝိတက်'များ၍ ထိုပျင်းရိသူသည် ပညာဖြင့်သာ ရယူနိုင်သော အရိယမဂ်ကို မရနိုင်။

## ၆-သူကရပေတဝတ္ထု

၂၈၁။ ဝါစာနုရက္ခီ မနသာ သုသံဝုတော၊
ကာယေန စ နာကုသလံ ကယိရာ။
ဧတေ တယော ကမ္မပထေ ဝိသောဓယေ၊
အာရာဓယေ မဂ္ဂ'မိသိပ္ပဝေဒိတံ။

၂၈၁။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းအားဖြင့် နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏၊ စိတ်ဖြင့် မနောဒုစရိုက်ကို ကောင်းစွာ စောင့်စည်းရာ၏ ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ၊ ထိုကမ္မပထတရား သုံးပါးတို့ကို သုတ်သင်ပြီးလျှင် မြတ်စွာဘုရား ဟောကြားအပ်သော မဂ်ကို ပြီးစေရာ၏။

## ၇-ပေါဋ္ဌိလတ္ထေရဝတ္ထု

၂၈၂။ ယောဂါ ဝေ ဇာယတီ ဘူရိ၊
အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊
ဘဝါယ ဝိဘဝါယ စ။
တထာ'တ္တာနံ နိဝေသေယျ၊
ယထာ ဘူရိ ပဝဍ္ဎတိ။

၂၈၂။ ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှု လုံ့လကြောင့် ပညာဖြစ်ပွါး၏၊ အားထုတ်မှု လုံ့လမရှိခြင်းကြောင့် ပညာ ကုန်ခန်း၏၊ ပညာဖြစ်ပွါးခြင်း ပညာဆုတ်ယုတ်ခြင်း၏ ဤခရီးလမ်းနှစ်သွယ်ကိုသိ၍ အကြင်လမ်းဖြင့် ပညာတိုးပွါး ၏၊ ထိုလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။

## ၈-သမ္ဗဟုလမဟလ္လကဘိက္ခုဝတ္ထု

၂၈၃။ ဝနံ ဆိန္ဒထ မာ ရုက္ခံ၊
ဝနတော ဇာယတေ ဘယံ။
ဆေတွာ ဝနဉ္စ ဝနထဉ္စ၊
နိဗ္ဗနာ ဟောထ ဘိက္ခဝေါ။

၂၈၃။ ရဟန်းတို့ တဏှာတည်းဟူသော တောကို ခုတ် ဖြတ်ကြကုန်လော့၊ (ပြကတေ့) သစ်ပင်ကို မခုတ်ဖြတ်ကုန် လင့်၊ (တဏှာဟူသော) တောကြောင့် (ဇာတိစသော) ဘေးဖြစ်၏၊ တဏှာဟူသော တောကြီး တောငယ်ကို ခုတ် ဖြတ်၍ တဏှာဟူသော တောမှ ထွက်မြောက်ကြကုန်လော့။

၂၈၄။ ယာဝ ဟိ ဝနထော န ဆိဇ္ဇတိ၊
အဏုမတ္တောပိ နရဿ နာရိသု။
ပဋိဗဒ္ဓမနောဝ တာဝ သော၊
ဝစ္ဆော ခီရပကောဝ မာတရိ။

၂၈၄။ နို့မကွာသေးသော နွားငယ်သည် အမိ(နွားမ) သို့ ကပ်သကဲ့သို့ ယောကျ်ားအား မိန်းမတို့၌ အနည်းငယ်မျှသော ကိလေသာတော မပြတ်သေးသမျှ ထိုယောကျ်ားသည် ကပ်ငြိသော စိတ်ရှိသည်ဖြစ်၍သာလျှင် သံသရာသို့ ကပ်ရောက်၏။

## ၉-သုဝဏ္ဏကာရတ္ထေရဝတ္ထု

၂၈၅။ ဥစ္ဆိန္ဒ သိနေဟမတ္တနော၊
ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊
နိဗ္ဗာနံ သုဂတေန ဒေသိတံ။

၂၈၅။ တန်ဆောင်မုန်းလရာသီ၌ (လရောင်ကြောင့်) ပွင့်သော ကုမုဒြာကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းတဏှာကို ဖြတ်လော့၊ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို ဟောတော်မူအပ်၏၊ နိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါရှစ်ပါး မဂ်တရားကိုသာလျှင် ပွါးများလေလော့။

## ၁၀-မဟာဓနဝါဏိဇဝတ္ထု

၂၈၆။ ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။
ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတိ။

၂၈၆။ ဤအရပ်၌ မိုးအခါပတ်လုံး ငါနေမည်၊ဤအရပ်၌ ဆောင်းအခါ နွေအခါတို့ပတ်လုံး ငါနေမည်ဟု လူမိုက်သည် အထူးထူးအထွေထွေ ကြံစည်၏၊ (ဘယ်အခါ ဘယ်အရပ်မှာ ငါသေမည်ဟု မိမိ၏)အသက်အန္တရာယ်ကိုမူကား မသိရှာလေ။

## ၁၁-ကိသာဂေါတမီဝတ္ထု

၂၈၇။ တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

၂၈၇။ သားသမီး ကျွဲနွားဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက် ကာမဂုဏ်တို့၌ မရသေးသည်ကို တောင့်တ ရပြီးသည်ကို တွယ်တာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသကဲ့သို့ သေမင်းသည် သိမ်းယူသွား၏။

## ၁၂-ပဋ္ဌာစာရာဝတ္ထု

၂၈၈။ န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

၂၈၈။ သေမင်းနှိပ်စက်ခံရသူအား (သေမင်းမှ) စောင့်ရှောက်ရန်အတွက် သားသမီးတို့ မရှိကုန်၊ အမိအဖတို့လည်း မရှိကုန်၊ အဆွေခင်ပွန်းတို့လည်း မရှိကုန်၊ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူလည်း မရှိ။

၂၈၉။ ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

၂၇၉။ ဤအကြောင်းထူးကိုသိ၍ ပညာရှိသည် သီလကို စောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်း အဋ္ဌင်္ဂိက မဂ်ကို လျင်စွာသာလျှင် သုတ်သင်ရာ၏။

နှစ်ဆယ်ခုမြောက် မဂ္ဂဝဂ် ပြီး၏။

---

## ✓ ၂၁-ပကိဏ္ဏကဝဂ် ၁-အတ္တနောပုဗ္ဗကမ္မဝတ္ထု

၂၉၀။ မတ္တာသုခပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာသုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။

၂၉၀။ အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို ရလိမ့်မည်ဟု မြင်ခဲ့မူ ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို မြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရာ၏။

## ၂-ကုက္ကုဋဏ္ဍခါဒိကာဝတ္ထု

၂၉၁။ ပရဒုက္ခူပဓာနေန၊ အတ္တနော သုခမိစ္ဆတိ။
ဝေရသံသဂ္ဂသံသဋ္ဌော၊ ဝေရာ သော န ပရိမုစ္စတိ။

၂၉၁။ သူတပါးအား ဆင်းရဲကိုဖြစ်စေလျက် မိမိ၏ချမ်းသာကို အလိုရှိသူသည် ရန်ရန်ချင်း ရောနှောသောအားဖြင့် ရောနှောသည် ဖြစ်ရကား ရန်မှ မလွတ်နိုင်။

## ၃-ဘဒ္ဒိယာနံ ဘိက္ခူနံ ဝတ္ထု

၂၉၂။ ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။

၂၉၂။ ပြုသင့်ပြုထိုက်သော အမှုကို (မပြုလုပ်ပဲ) စွန့်ပစ်၍ မပြုသင့် မပြုထိုက်သော အမှုကိုမူကား ပြုလုပ်ကာ မာနထောင်လွှားလျက် မေ့လျော့သူတို့အား အာသဝေါတရားတို့ တိုးပွါးကုန်၏။

၂၉၃။ ယေသဉ္စ သုသမာရဒ္ဓါ၊
နိစ္စံ ကာယဂတာ သတိ။
အကိစ္စံ တေ န သေဝန္တိ၊
ကိစ္စေ သာတစ္စကာရိနော။
သတာနံ သမ္ပဇာနာနံ၊
အတ္ထံ ဂစ္ဆန္တိ အာသဝါ။

၂၉၃။ အကြင်သူတို့ကား ကာယဂတာသတိကို အမြဲကောင်းစွာ အားထုတ်ကြကုန်၏၊ ထိုသူတို့သည် မပြုသင့် မပြုထိုက်သောအမှုကို မပြု မမှီဝဲကုန်၊ ပြုသင့်ပြုထိုက်သောအမှု၌ မပြတ်ပြုလုပ်ကြကုန်၏၊ သတိရှိသူ ကောင်းစွာ အပြားအားဖြင့် သိမှု သမ္ပဇဉ်ဉာဏ်ရှိသူတို့အား အာသဝေါတရားတို့ ချုပ်ခြင်းသို့ ရောက်ကုန်၏။

## ၄-လကုဏ္ဍကဘဒ္ဒိယဝတ္ထု

၂၉၄။ မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။
ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

၂၉၄။ ရဟန္တာပုဂ္ဂိုလ်သည် (တဏှာတည်းဟူသော) အမိကိုရင်း (မာနတည်းဟူသော) အဖကိုရင်း သတ်ပြီးလျှင် (သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိတည်းဟူသော) ရေမြေအရှင် ဘုရင်မင်းမြတ် နှစ်ပါးတို့ကိုရင်း နန္ဒီရာဂတည်းဟူသော အခွန်သိမ်းအမတ်နှင့်တကွ (အာယတနတဆယ့်နှစ်ပါးတည်းဟူသော)

တိုင်းပြည်ကိုရင်း သတ်ခြင်းကြောင့် ဆင်းရဲ ကင်းလျက် သွားရ၏။

၂၉၅။ မာတရံ ပိတရံ ဟန္တွာ၊
ရာဇာနော ဒွေ စ သောတ္ထိယေ။
ဝေယဂ္ဃပဉ္စမံ ဟန္တွာ၊
အနီဃော ယာတိ ဗြာဟ္မဏော။

၂၉၅။ ရဟန္တာပုဂ္ဂိုလ်သည် (တဏှာတည်းဟူသော)အမိကိုရင်း (မာနတည်းဟူသော) အဖကိုရင်း သတ်ပြီးလျှင် (သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိတည်းဟူသော) မင်းပုဏ္ဏားနှစ်ပါးတို့ကိုရင်း သတ်သောကြောင့် ကျားရဲရှိသော ခရီးနှင့်တူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက် (နီဝရဏ) အတားအဆီးကို ပယ်ဖျက်ကာ ဆင်းရဲကင်းလျက် သွားရ၏။

## ၅-ဒါရုသာကဋိကပုတ္တဝတ္ထု

၂၉၆။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

၂၉၆။ နေ့ရော ညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၂၉၇။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာ သတိ။

၂၉၇။ နေ့ရောညဉ့်ပါ အမြဲမပြတ် တရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်

တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၂၉၈။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာ သတိ။

၂၉၈။ နေ့ရောညဉ့်ပါ အမြဲမပြတ် သံဃာဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၂၉၉။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာ သတိ။

၂၉၉။ နေ့ရောညဉ့်ပါ အမြဲမပြတ် သုံးဆယ့်နှစ်ကောဋ္ဌာသကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၃၀၀။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊
သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊
အဟိံသာယ ရတော မနော။

၃၀၀။ နေ့ရောညဉ့်ပါ မညှဉ်းဆဲမှု ကရုဏာဘာဝနာ၌ မွေ့လျော်စိတ်ရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

၁၀၁။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော။

၁၀၁။ နေ့ရောညဉ့်ပါ မေတ္တာဘာဝနာ၌ မွေ့လျော်စိတ်ရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

## ၆-ဝဇ္ဇိပုတ္တကဘိက္ခုဝတ္ထု

၁၀၂။ ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ၊
ဒုရာဝါသာ ဃရာ ဒုခါ။
ဒုက္ခော'သမာနသံဝါသော၊
ဒုက္ခာနုပတိတဒ္ဓဂူ။
တသ္မာ န စဒ္ဓဂူ သိယာ၊
န စ ဒုက္ခာနုပတိတော သိယာ။

၁၀၂။ စည်းစိမ်ဥစ္စာကို စွန့်လွှတ်၍ ရဟန်းပြုနိုင်ခဲ၏၊ သူတော်အကျင့်၌ မွေ့လျော်နိုင်ခဲ၏၊ အိမ်၌ မပြည့်မစုံနေရခြင်းသည် ဆင်းရဲ၏၊ သဘောမတူသူတို့နှင့် နေရခြင်းသည် ဆင်းရဲ၏၊ သံသရာခရီး သွားရခြင်းသည် ဆင်းရဲသို့ ကျတတ်၏၊ ထို့ကြောင့် သံသရာခရီးသွား မဖြစ်ရာ၊ ဆင်းရဲသို့ ကျရောက်သူ မဖြစ်ရာ။

## ၇-စိတ္တဂဟပတိဝတ္ထု

၁၀၃။ သဒ္ဓေါ သီလေန သမ္ပန္နော၊
ယသောဘောဂသမပ္ပိတော။
ယံ ယံ ပဒေသံ ဘဇတိ၊
တတ္ထ တတ္ထေဝ ပူဇိတော။

၃၀၃။ သဒ္ဓါတရားလည်းရှိ သီလနှင့်လည်း ပြည့်စုံ အခြံ အရံစည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံသူသည် ရောက်လေရာရာ အရပ်တို့၌ အပူဇော် ခံရ၏။

## ဂ-စူဠသုဘဒ္ဒါဝတ္ထု

၃၀၄။ ဒူရေ သန္တော ပကာသေန္တိ၊
ဟိမဝန္တောဝ ပဗ္ဗတော။
အသန္တေတ္ထ န ဒိဿန္တိ၊
ရတ္တိံ ခိတ္တာ ယထာ သရာ။

၃၀၄။ ဟိမဝန္တာတောင်သည် အဝေး၌ တည်သော်လည်း ထင်ရှားသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင် နေသော်လည်း ထင်ရှားကုန်၏၊ ညဥ့်အခါ ပစ်လိုက်သည့် မြားတို့သည် မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် အနီး၌ ရှိနေကြကုန်သော်လည်း မထင်ရှားကုန်။

## ၉-ကေဝဋ္ဋပေတဝတ္ထု

၃၀၅။ ဧကာသနံ ဧကသေယျံ၊
ဧကော စရမတန္ဒိတော။
ဧကော ဒမယမတ္တာနံ၊
ဝနန္တေ ရမိတော သိယာ။

၃၀၅။ မပျင်းမရိမူ၍ တယောက်တည်းနေ တယောက်တည်းအိပ် တယောက်တည်း လှည့်လည်သွားလာလျက် မိမိကိုယ်ကို ဆုံးမပြီးလျှင် တယောက်တည်း တောင်၌ မွေ့လျော်ရာ၏။

နှစ်ဆယ့်တခုမြောက် ပကိဏ္ဏကဝဂ် ပြီး၏။

## ၂၂-နိရယဝဂ် ၁-သုန္ဒရီပရိဗ္ဗာဇိကာဝတ္ထု

၃၀၆။ အဘူတဝါဒီ နိရယံ ဥပေတိ၊
ယော ဝါပိ ကတွာ န ကရောမိ’စာဟ။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
နိဟီနကမ္မာ မနုဇာ ပရတ္ထ။

၃၀၆။ မဟုတ်မမှန် ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏၊ (မိမိ)ပြုလုပ်လျက် မပြုမလုပ်ဟု ပြောဆိုသော သူသည်လည်း ငရဲသို့ ရောက်ရ၏. ထိုသူနှစ်ယောက်တို့သည် လည်း ယုတ်သောအမှု ရှိကုန်သည်ဖြစ်၍ နောင်တမလွန် ဘဝ၌ (ငရဲခံရခြင်း)တူကုန်၏။

### ၂-ဒုစ္စရိတဖလပီဠိတဝတ္ထု

၃၀၇။ ကာသာဝကဏ္ဌာ ဗဟဝေါ
ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊
နိရယံ တေ ဥပပဇ္ဇရေ။

၃၀၇။ ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ (ကိုယ် နှုတ်နှလုံးကို)မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ် မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။

## ၃-ဝဂ္ဂုမုဒါတီရိယဘိက္ခုဝတ္ထု

၃၀၈။ သေယျော အယောဂုဠော ဘုတ္တော၊
တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊
ရဋ္ဌပိဏ္ဍမသညတော။

၃၀၈။ သီလလည်း မရှိ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းပဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သော သံတွေခဲကို စားရခြင်းက သာ၍ ကောင်းမြတ်သေး၏။

## ၄-ခေမကသေဋ္ဌိပုတ္တဝတ္ထု

၃၀၉။ စတ္တာရိ ဌာနာနိ နရော ပမတ္တော၊
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ န နိကာမသေယျံ၊
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။

၃၀၉။ (တရားလမ်းမှန်ကို) သတိမထားပဲ သူတပါး မယားကို မှီဝဲသူသည် အကုသိုလ်ရခြင်း အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း သူတပါးတို့ အကဲ့ရဲ့ခံရခြင်း ငရဲခံရခြင်း ဤလေးပါးသော ဆင်းရဲခြင်း၏ အကြောင်းတို့သို့ရောက်ရ၏။

၃၁၀။ အပုညလာဘော စ ဂတီ စ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီ စ ထောကိကာ။
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ၊
တသ္မာ နရော ပရဒါရံ န သေဝေ။

၃၁၀။ မကောင်းမှုကိုလည်း ရ၏၊ ယုတ်သော လားရာ 'ဂတိ'လည်း ရှိ၏၊ ကြောက်ရွံ့ထိတ်လန့်သော ယောကျ်ား၏ ကြောက်ရွံ့ထိတ်လန့်သော မိန်းမနှင့် မွေ့လျော်ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏၊ မင်းသည်လည်း ကြီးလေးသော အပြစ်ဒဏ်ကိုလည်း ပေး၏၊ ထို့ကြောင့် ယောကျ်ားသည် သူတပါးမယားကို မမှီဝဲရာ။

## ၅-ဒုဗ္ဗစဘိက္ခုဝတ္ထု

၃၁၁။ ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါ'နုကန္တတိ။
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယု'ပကဍ္ဎတိ။

၃၁၁။ မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် (ကိုင်သော)လက်ကိုသာလျှင် ခွဲရှသကဲ့သို့ မကောင်းသဖြင့် ကျင့်သုံးအပ်သော ရဟန်းအဖြစ်သည် (ထိုရဟန်းကိုပင်) ငရဲသို့ ဆွဲချ၏။

၃၁၂။ ယံကိဉ္စိ သိထိလံ ကမ္မံ၊ သံကိလိဋ္ဌဉ္စ ယံ ဝတံ။
သင်္ကဿရံ ဗြဟ္မစရိယံ၊ န တံ ဟောတိ မဟပ္ဖလံ။

၃၁၂။ ရော့ရဲစွာ ပြုအပ်သော အမှုကိစ္စတစုံတခုသည်၎င်း ညစ်နွမ်းသော အကျင့်သည်၎င်း ယုံမှားတွေးတောဖွယ် ဖြစ်သော ရဟန်းအကျင့်သည်၎င်း အကျိုးမကြီးချေ။

၃၁၃။ ကယိရာ စေ ကယိရာထေနံ၊
ဒဠ္ဟမေနံ ပရက္ကမေ။
သိထိလော ဟိ ပရိဗ္ဗာဇော၊
ဘိယျော အာကိရတေ ရဇံ။

၃၁၃။ အမှုကိစ္စကို ပြုလုပ်ခဲ့မူ ထိုအမှုကိစ္စကို(တိကျစွာ) ပြုလုပ်ရာ၏၊ ထိုအမှုကိစ္စကို မြဲမြံစွာ အားထုတ်ရာ၏၊ ရေ့ရဲစွာ ပြုအပ်သော ရဟန်းအဖြစ်သည် ကိလေသာမြူကို ထပ်လောင်း ကြဲဖြန့်တတ်၏။

## ၆-ဣဿာပကတဣတ္ထိဝတ္ထု

၃၁၄။ အကတံ ဒုက္ကဋံ သေယျော၊
ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊
ယံ ကတွာ နာနုတပ္ပတိ။

၃၁၄။ မကောင်းမှုကို မပြုခြင်းသည် မြတ်၏၊ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏၊ ကောင်းမှုကို ပြုခြင်းသည်သာလျှင် မြတ်၏၊ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တ တဖန် မပူပန်ရ။

## ၇-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၁၅။ နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊
ခဏော ဝေါ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊
နိရယမှိ သမပ္ပိတာ။

၃၁၅။ တိုင်းပြည်အစွန်ဖြစ်သော မြို့ကို အတွင်းအပြင်နှင့်တကွ လုံခြုံစေသကဲ့သို့ ထိုအတူ မိမိကိုယ်ကို (အတွင်း

အပြင်လုံခြုံအောင်) စောင့်ရှောက် ကုန်လော့၊ သင်တို့ကို (ဘုရားပွင့်ခြင်းစသော) အခွင့်အခါကောင်းသည် မလွန်ပါစေလင့်၊ အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ကြရကုန်၏၊

## ၈-နိရယဝဂ္ဂ

၃၁၆။ အလဇ္ဇိတာယေ လဇ္ဇန္တိ၊ လဇ္ဇိတာယေ န လဇ္ဇရေ။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

၃၁၆။ ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၍ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော မှားသောအယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၇။ အဘယေ ဘယဒဿိနော၊
ဘယေ စာဘယဒဿိနော။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊
သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

၃၁၇။ ကြောက်ဖွယ် မဟုတ် သည်၌ ကြောက်ဖွယ်ဟု ရှုလေ့ရှိကြကုန်၍ ကြောက်ဖွယ် ဟုတ်သည်၌ ကြောက်ဖွယ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

## ၉-တိတ္ထိယသာဝကဝတ္ထု

၃၁၈။ အဝဇ္ဇေ ဝဇ္ဇမတိနော၊ ဝဇ္ဇေ စာဝဇ္ဇဒဿိနော။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

၃၁၈။ အပြစ်မဟုတ်သည်၌ အပြစ်ဟု အယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသောအယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၉။ ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတွာ၊ အဝဇ္ဇဉ္စ အဝဇ္ဇတော။
သမ္မာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

၃၁၉။ အပြစ်ကို အပြစ်ဟု အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသော အယူရှိကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏။

နှစ်ဆယ့်နှစ်ခုမြောက် နိရယဝဂ် ပြီး၏။

---

## ၂၃-နာဂဝဂ် ၁-အတ္တဒန္တဝတ္ထု

၃၂၀။ အဟံ နာဂေါဝ သင်္ဂါမေ၊
စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊
ဒုဿီလော ဟိ ဗဟုဇ္ဇနော။

၃၂၀။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှ (မိမိအပေါ်သို့)ကျရောက်လာသော မြားကို မတုန်မလှုပ် ခံသကဲ့သို့ ငါဘုရားသည် လွန်ကျူး စော်ကားသော စကားကို သည်းခံအံ့၊ (လောကီဘုံသား) လူအများသည် သီလမရှိသည်သာတည်း။

၃၂၁။ ဒန္တံ နယန္တိ သမိတိံ၊
ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊
ယောတိဝါကျံ တိတိက္ခတိ။

၃၂၁။ ယဉ်ကျေးပြီးသော ဆင် မြင်း စသည်ကိုသာ လူစုလူဝေးရှိရာ ပွဲသဘင်သို့ ဆောင်ကုန်၏၊ ယဉ်ကျေးပြီးသော ဆင် မြင်းစသည်ကိုသာ မင်းသည် စီး၏၊ လွန်ကျူးစော်ကားသော စကားကို သည်းခံနိုင်သော သူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံး ဖြစ်၏။

၃၂၂။ ဝရမဿတရာ ဒန္တာ၊အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊အတ္တဒန္တော တတော ဝရံ။

၃၂၂။ အဿတိုရ် မြင်းတို့သည်ရင်း အာဇာနည်မြင်းတို့သည်ရင်း သိန္ဓောမြင်းတို့သည်ရင်း ကုဉ္ဇရမည်သော ဆင်ပြောင်ကြီးတို့သည်ရင်း ယဉ်ကျေးကုန်မှသာလျှင် မြတ်ကုန်၏၊ ကိုယ် စိတ် နှစ်ပါးကို ဆုံးမယဉ်ကျေးပြီးသူသည် ထိုမြင်းကောင်း ဆင်ကောင်းတို့ထက် လွန်မြတ်၏။

## ၂-ဟတ္ထာစရိယပုဗ္ဗကဘိက္ခုဝတ္ထု

၃၂၃။ န ဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ။
ယထာတ္တနာ သုဒန္တေန၊ ဒန္တော ဒန္တေန ဂစ္ဆတိ။

၃၂၃။ ညှိပြကတေ့သော ဆင်ယာဉ် မြင်းယာဉ် တို့ဖြင့် မရောက်ဘူးသေးသော နိဗ္ဗာန်အရပ်သို့ မရောက်နိုင် သည်သာတည်း၊ (ဝိပဿနာအခိုက်) စက္ခုစသော ဣန္ဒြေတို့ကို

ဆုံးမသဖြင့်ရှင်း (မဂ်အခိုက်)မိမိစိတ်ကို ကောင်းစွာ ဆုံးမ သဖြင့်ရှင်း ယဉ်ကျေးပြီးဖြစ်သူသည်သာ မရောက်ဘူးသေး သော နိဗ္ဗာန်အရပ်သို့ မုချရောက်နိုင်၏။

## ၃-ပရိဇိဏ္ဏဗြာဟ္မဏပုတ္တဝတ္ထု

၃၂၄။ ဓနပါလော နာမ ကုဉ္ဇရော၊
ကဋုကဘေဒနော ဒုန္နိဝါရယော။
ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ၊
သုမရတိ နာဂဝနဿ ကုဉ္ဇရော။

၃၂၄။ ပြင်းထန်စွာ အမုန်ယစ်၍ နှိပ်နင်းရန်ခဲယဉ်းသော ဓနပါလမည်သော ဆင်သည် အဖွဲ့အချည်ခံရသဖြင့် အစား အစာကို မစားနိုင်၊ ဆင်သည် (မိမိနေရာ) ဆင်တော၌သာ မွေ့လျော်ပျော်ပိုက်၏။

## ၄-ပသေနဒီကောသလဝတ္ထု

၃၂၅။ မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ၊
နိဒ္ဒါယိတာ သမ္ပရိဝတ္တသာယီ။
မဟာဝရာဟောဝ နိဝါပပုဋ္ဌော၊
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

၃၂၅။ ငိုက်မျဉ်းလျက် မျောက်မျဉ်းအိပ်ကာ အစား ကြီးလျက် ကျွေးမွေးထားသော ဝက်ကြီးကဲ့သို့ တလူးလူး တလည်းလည်း အိပ်လေ့ရှိသည့် ပညာနည်းသူသည် (အနိစ္စ အစရှိသော လက္ခဏာတို့ကို မဆင်ခြင် နိုင်သောကြောင့်) အဖန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေ နေရ၏။

## ၅-သာနုသာမဏေရဝတ္ထု

၃၂၆။ ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ၊
ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော၊
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။

၃၂၆။ ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိတိုင်း ကောင်းနိုးရာရာ လှည့်လည် ကျက်စားခဲ့လေပြီ၊ ချွန်းကိုင်သော ဆင်ထိန်းသည် အမုန်ယစ်သော ဆင်ကို နှိပ်ဘိသကဲ့သို့ ငါသည် ယခု ထိုစိတ်ကို အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် နှိပ်ပေအံ့။

## ၆-ပါဝေယျကဟတ္ထိဝတ္ထု

၃၂၇။ အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။
ဒုဂ္ဂါ ဥဒ္ဓရထ’တ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

၃၂၇။ မမေ့မလျော့သော အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့၊ ညွန်၌ကျွံနစ်သော ဆင်သည် မိမိကိုယ်ကို ညွန်ပျောင်းမှ ထုတ်သကဲ့သို့ သင်တို့သည် ကိလေသာညွန်ပျောင်းမှ မိမိကိုယ်ကို ထုတ်နုတ်ကြကုန်လော့။

## ၇-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၂၈။ သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေန’တ္တမနော သတီမာ။

၃၂၈။ ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ ရှိသော တည်ကြည်သော အတူ ကျင့်ဖော်(ပညာရှိ)အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန် အားလုံးတို့ကို နှိပ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။

၃၂၉။ နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိဓီရံ။
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂရညေဝ နာဂေါ။

၃၂၉။ ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ ရှိသော တည်ကြည်သော အတူကျင့်ဖော် (ပညာရှိ) အဆွေခင်ပွန်းကို အကယ်၍ မရခဲ့မူ မင်းသည် နိုင်ပြီးသော တိုင်းပြည်ကို စွန့်၍ ထွက်သကဲ့သို့ရင်း မာတင်္ဂ ဆင်မင်းသည် တော၌ တကောင် တည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်း ကျင့်ရာ၏။

၃၃၀။ ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေ န စ ပါပါနိ ကယိရာ၊
အပ္ပေါဿုက္ကော မာတင်္ဂရညေဝ နာဂေါ။

၃၃၀။ တယောက်တည်း ကျင့်ခြင်းသည် မြတ်၏၊ လူမိုက် ၌အဆွေခင်ပွန်းအဖြစ်မျိုးသည် မရှိ၊ မာတင်္ဂ ဆင်မင်းသည် တော၌ တကောင်တည်း ကြောင့်ကြမဲ့ လှည့်လည် သကဲ့သို့ တယောက်တည်း ကြောင့်ကြမဲ့ ကျင့်ရာ၏၊ မကောင်းမှုတို့ကို မပြုရာ။

## ၈-မာရဝဂ္ဂ

၃၃၁။ အတ္ထမှိ ဇာတမှိ သုခါ သဟာယာ၊
တုဋ္ဌီ သုခါ ယာ ဣတရီတရေန။
ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

၃၃၁။ အဆွေခင်ပွန်းရှိခြင်းသည် အရေးကိစ္စပေါ်ပေါက်လာသောအခါ ချမ်းသာ၏၊ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊ ကုသိုလ်ကောင်းမှု ရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏၊ ဆင်းရဲအလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

၃၃၂။ သုခါ မတ္တေယျတာ လောကေ၊
အထော ပေတ္တေယျတာ သုခါ။
သုခါ သာမညတာ လောကေ၊
အထော ဗြဟ္မညတာ သုခါ။

၃၃၂။ လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏၊ ထို့ပြင် အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏၊ လောက၌ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည်ချမ်းသာကြောင်းဖြစ်၏၊ထို့ပြင် မကောင်းမှုမှ အပပြုပြီးသူ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။

၃၃၃။ သုခံ ယာဝ ဇရာ သီလံ၊
သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊
ပါပါနံ အကရဏံ သုခံ။

၃၃၃။ သီလရှိခြင်းသည် အိုသည့်တိုင်အောင်ချမ်းသာ၏၊ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏၊ ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နှစ်ဆယ့်သုံးခုမြောက် နာဂဝဂ် ပြီး၏။

---

## ၂၄-တဏှာဝဂ် ၁-ကပိလမစ္ဆဝတ္ထု

၃၃၄။ မနုဇဿ ပမတ္တစာရိနော၊
တဏှာ ဝဍ္ဍတိ မာလုဝါ ဝိယ။
သော ပ္လဝတိ ဟုရာ ဟုရံ၊
ဖလမိစ္ဆံဝ ဝနသ္မိ ဝါနရော။

၃၃၄။ မေ့မေ့ လျော့လျော့ ကျင့်သော သတ္တဝါအား မာလော(ပေါက်)နွယ်ကဲ့သို့ တဏှာတိုးပွါး၏၊သစ်သီးကို အလို ရှိသော မျောက်သည် တောတွင်း၌ တပင်မှ တပင် ခုန်လွှား ကူးသန်းသကဲ့သို့ ထိုတဏှာတိုးပွါးသူသည် တဘဝမှ တဘဝသို့ ပြေးသွားရာ၏။

၃၃၅။ ယံ ဧသာ သဟတေ ဇမ္မီ၊
တဏှာ လောကေ ဝိသတ္တိကာ။
သောကာ တဿ ပဝဍ္ဎန္တိ၊
အဘိဝဋ္ဌံဝ ဗီရဏံ။

၃၃၅။ ပြိတ်မြက်သည် မိုးရွာသောအခါ ကြီးပွါးသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာညှဉ်းဆဲ ခံရသူအား စိုးရိမ်ကြောင့်ကြမှုဟူသည် ကြီးပွါးကုန်၏။

၃၃၆။ ယော စေတံ သဟတေ ဇမ္မိံ၊
တဏှံ လောကေ ဒုရစ္စယံ။
သောကာ တမှာ ပပတန္တိ၊
ဥဒဗိန္ဒုဝ ပေါက္ခရာ။

၃၃၆။ ရေပေါက်သည် ကြာရွက်မှ လျှောကျ သကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာသော ထိုတဏှာကို ညှဉ်းဆဲနိုင်ခဲ့မူ ထိုပုဂ္ဂိုလ်သဏ္ဌာန်မှ စိုးရိမ်ကြောင့်ကြမှုတို့သည် လျှောကြကုန်၏။

၃၃၇။ တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ယာဝန္တေ’တ္ထ သမာဂတာ။
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ။
မာ ဝေါ နဠံဝ သောတောဝ၊ မာရော ဘဉ္ဇိ ပုနပ္ပုနံ။

၃၃၇။ ထို့ကြောင့် ဤအချပ်၌ အညီအညွတ် စည်းဝေး လာကြကုန်သောသင်တို့အား ငါသည် ကောင်းသောစကားကို ဟောအံ့၊ ပန်းရင်းခေါ် သော ပြိတ်မြက်၏ အမြစ်ကို အလိုရှိသူ သည် ပြိတ်မြက်ပင်ကိုတူးရသကဲ့သို့(နိဗ္ဗာန်ကို အလိုရှိသူသည်) တဏှာ၏ အမြစ်အရင်းကို တူးပစ်ကြကုန်လော့၊ ရေအလျဉ် သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် သင် တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။

## ၂-သူကရပေါတိကာဝတ္ထု

၃၃၈။ ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

၃၃၈။ ခိုင်မြဲသော ရေသောက် မြစ်ကို မဖျက်ဆီးပဲ 'မနုတ်ပဲ' ပင်စည်ကို ဖြတ်သော်လည်း သစ်ပင်သည် တဖန် ပေါက်ရောက်စည်ကား ပြန်သကဲ့သို့ ဤအတူ ကိန်းအောင်း နေသော တဏှာကို မဖျက်ဆီးအပ်သေးသည် ရှိသော် ဤ (ပဋိသန္ဓေနေရခြင်း စသော) ဆင်းရဲသည် အဖန်ဖန် အထပ် ထပ် ဖြစ်ရ၏။

၃၃၉။ ယဿ ဆတ္တိံသတိ သောတာ၊
မနာပသဝနာ ဘုသာ။
မဟာ ဝဟန္တိ ဒုဒ္ဒိဋ္ဌိံ၊
သင်္ကပ္ပါ ရာဂနိဿိတာ။

၃၃၉။ အကြင်ပုဂ္ဂိုလ်အား ပြင်းပြင်းထန်ထန်နှစ်သက်ဖွယ် အာရုံတို့သို့ စီးကုန်သော သုံးဆယ့်ခြောက်ပါးသော တဏှာ ရေအလျဉ်တို့သည် ရှိကုန်၏၊ မှားသောအယူရှိသော ထိုသူကို ရာဂနှင့်စပ်သော အားကြီးသောအကြံအစည်တို့သည် ဆောင် ယူသွားကုန်၏။

၃၄၀။ သဝန္တိ သဗ္ဗဓိ သောတာ၊
လတာ ဥပ္ပဇ္ဇ တိဋ္ဌတိ။
တဉ္စ ဒိသွာ လတံ ဇာတံ၊
မူလံ ပညာယ ဆိန္ဒထ။

၃၄၀။ တဏှာတည်းဟူသော ရေအလျဉ်တို့သည် အလုံးစုံ သော အာရုံတို့၌ ယိုစီးကုန်၏၊တဏှာတည်းဟူသောနွယ်သည် (ဒွါရခြောက်ပါး၌) ဖြစ်၍ (အာရုံခြောက်ပါး၌) တည်၏၊ ထိုပေါက်သောတဏှာတည်းဟူသော နွယ်ကိုမြင်၍ ထိုတဏှာ နွယ်မြစ်ကို မဂ်ပညာဖြင့် ဖြတ်ကြကုန်လော့။

၃၃၁။ သရိတာနိ သိနေဟိတာနိ စ၊
သောမနဿာနိ ဘဝန္တိ ဇန္တုနော။
တေ သာတသိတာ သုခေသိနော၊
တေ ဝေ ဇာတိဇရူပဂါ နရာ။

၃၄၁။ သတ္တဝါ တို့အား အောက်မေ့ခြင်း ချစ်ခြင်း ဝမ်းမြောက်ခြင်း တို့သည် ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် သာယာနှစ်သက်ဖွယ်၌ မှီကုန်လျက် ကာမချမ်းသာကို ရှာမှီးကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မုချကပ်ရောက်ကြရကုန်၏။

၃၄၂။ တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
သံယောဇနသင်္ဂသတ္တကာ၊
ဒုက္ခမုပေန္တိ ပုနပ္ပုနံ စိရာယ။

၃၄၂။ တဏှာဖြင့် ဝန်းဝိုင်းခြံရံ အပ်ကုန်သော သတ္တဝါတို့သည်(မုဆိုး)ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်နေကြရကုန်၏၊ (ကာမ ရာဂစသော) သံယောဇဉ် အစေးဖြင့် ကပ်ငြိကုန်သော သူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ကပ်ရောက်ကြရကုန်၏။

၃၄၃။ တသိဏာယ ပုရက္ခတာ ပဇာ၊
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော။
တသ္မာ တသိဏံ ဝိနောဒယေ၊
အာကင်္ခန္တ ဝိရာဂမတ္တနော။

၃၄၃။ တဏှာဖြင့် ဝန်းဝိုင်း ခြံရံအပ်ကုန်သော သတ္တဝါတို့သည် (မုဆိုး)ကျော့ကွင်း၌ မိသောယုန်ကဲ့သို့ ကြောက်ရွံ့ ထိတ်လန့်နေကြရကုန်၏၊ ထို့ကြောင့် မိမိ၏ ရာဂကင်းခြင်းကို တောင့်တသောသူသည် တဏှာကို ပယ်ဖျောက်ရာ၏။

## ၃-ဝိဗ္ဘန္တဘိက္ခုဝတ္ထု

၃၄၄။ ယော နိဗ္ဗနထော ဝနာဓိမုတ္တော၊
ဝနမုတ္တော ဝနမေဝ ဓာဝတိ။
တံ ပုဂ္ဂလမေထ ပဿထ၊
မုတ္တော ဗန္ဓနမေဝ ဓာဝတိ။

၃၄၄။ အကြင်သူသည် လူ့အဖြစ်၌ နေခြင်းဟူသော တောကိုစွန့်၍ အကျင့်တည်းဟူသောတောသို့ သက်ဝင်ခဲ့၏၊ အိမ်ရာထောင်မှု တဏှာတောမှ လွတ်ပြီးလျက် အိမ်ရာထောင်မှု တဏှာတောသို့ပင် ပြေးဝင်ပြန်၏၊ လာကြကုန်လော့၊ ထိုပုဂ္ဂိုလ်ကို ရှုကြကုန်လော့၊ အိမ်ရာထောင်မှု အနှောင်အဖွဲ့မှ လွတ်ပြီးလျက် အိမ်ရာထောင်မှု အနှောင်အဖွဲ့ သို့သာလျှင် ပြေးဝင်၏။

## ၄-ဗန္ဓနာဂါရဝတ္ထု

၃၄၅။ န တံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ယဒါယသံ ဒါရုဇပဗ္ဗဇဉ္စ။
သာရတ္တရတ္တာ မဏိကုဏ္ဍလေသု
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။

၃၄၆။ ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ၊
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ။
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

၃၄၅-၃၄၆။ သံဖြင့် ပြုလုပ်သော (သံခြေကျဉ်းစသော) အနှောင်အဖွဲ့ သစ်သားဖြင့် လုပ်သော (ထိတ်တုံးစသော) အနှောင်အဖွဲ့ မြက်လျှော်တို့ဖြင့် လုပ်သော ကြိုးစသော အနှောင်အဖွဲ့မျိုးကို ခိုင်မြဲသော အနှောင်းအဖွဲ့ဟု ပညာရှိတို့ မဆိုကြကုန်၊ ပတ္တမြား နားဒေါင်းစသော ရတနာတို့၌ရင်း သားသမီး မယားတို့၌ရင်း အလွန် တပ်နှစ်သက်သော ငဲ့ကွက်မှု တဏှာ အနှောင်အဖွဲ့ မျိုးကိုသာလျှင် ခိုင်မြဲသော အနှောင် အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်၏။ ပညာရှိတို့သည် (အပါယ် လေးပါးတည်းဟူသော) ယုတ်နိမ့်ရာသို့ ဆောင်တတ်သဖြင့် (ဖွဲ့မှန်းမသိ ဖွဲ့သဖြင့်)လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက် နိုင်ရန် ခဲယဉ်းသော ဤတဏှာ တည်းဟူသောအနှောင်အဖွဲ့ကို ရှုန်းဖြတ်၍ မငဲ့ကွက်ပဲ ကာမချမ်းသာကိုစွန့်လျက် တောထွက် ကြကုန်၏။

## ၅-ခေမာထေရီဝတ္ထု

၃၄၇။ ယေ ရာဂရတ္တာ’နုပတန္တိ သောတံ၊
သယံကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။

၄၃၇။ ပင့်ကူသည် မိမိပြုသော ပိုက်ကွန်၌ အိပ်သကဲ့သို့ သတ္တဝါတို့သည် ပြင်းစွာ တပ်မက် ကုန်သည်ဖြစ်၍ မိမိတို့

ပြုသော တဏှာအယဉ်သို့ ကျကုန်၏၊ ပညာရှိတို့သည် ဤ တဏှာကို ဖြတ်၍ မငဲ့ကွက်ပဲ ခပ်သိမ်းသော ဆင်းရဲကို စွန့်လျက် သွားကုန်၏။

## ၆-ဥဂ္ဂသေနဝတ္ထု

၃၄၈။ မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော၊
မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ။
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊
န ပုနံ ဇာတိဇရံ ဥပေဟိသိ။

၃၄၈။ လွန်လေပြီးသော ခန္ဓာ၌ တဏှာကို စွန့်လော့၊ နောင်ဖြစ်ပေါ်မည့် ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလယ် ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလုံးစုံ (ပစ္စုပ္ပန် အတိတ် အနာဂတ်)ခန္ဓာ၌ တဏှာမှ လွတ်သော စိတ်ရှိလျက် ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည် ဖြစ်၍ တဖန် အိုခြင်း နာခြင်းသို့ မကပ်လေလင့်။

## ၇-စူဠဓနုဂ္ဂဟပဏ္ဍိတဝတ္ထု

၃၄၉။ ဝိတက္ကမထိတဿ ဇန္တုနော၊
တိဗ္ဗရာဂဿ သုဘာနုပဿိနော။
ဘိယျော တဏှာ ပဝဍ္ဎတိ၊
ဧသ ခေါ ဒဠှံ ကရောတိ ဗန္ဓနံ၊

၃၄၉။ ကာမဝိတက် နှိပ်စက်အပ်သော ထက်သောရာဂ ရှိသော တင့်တယ်၏ဟု အဖန်ဖန် ရှုသော သတ္တဝါအား တဏှာသည် အလွန် တိုးပွါး လေ၏၊ ဤသူသည် မာရ်၏ အနှောင်အဖွဲ့ကို ခိုင်မြဲအောင် ပြု၏။

၃၅၀။ ဝိတက္ကူပသမေ စ ယော ရတော၊
အသုဘံ ဘာဝယတေ သဒါ သတော။
ဧသ ခေါ ဗျန္တိ ကာဟိတိ၊
ဧသ ဆေစ္ဆတိ မာရဗန္ဓနံ။

၃၅၀။ အကြင် ပုဂ္ဂိုလ်သည် မိစ္ဆာဝိတက် ငြိမ်းခြင်း၌သာ မွေ့လျော်၏၊ သတိရှိသည်ဖြစ်၍ အခါခပ်သိမ်း အသုဘ အာရုံကို ပွါး၏၊ ဤပုဂ္ဂိုလ်သည် မာရ်၏အနှောင်အဖွဲ့ကို ကင်းအောင် ပြု၏၊ မာရ်၏ အနှောင်အဖွဲ့ကို ဖြတ်၏။

ဂ-မာရဝတ္ထု

၃၅၁။ နိဋ္ဌံ ဂတော အသန္တာသီ၊
ဝီတတဏှော အနင်္ဂဏော၊
အစ္ဆိန္ဒိ ဘဝသလ္လာနိ၊
အန္တိမောယံ သမုဿယော။

၃၅၁။ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီး သူသည် ထိတ်လန့်ခြင်း မရှိ၊ တဏှာ ကင်း၏၊ ကိလေသာ ကင်း၏၊ ဘဝသို့ ရောက်ကြောင်း ရာဂ စသော ငြောင့် တံသင်းတို့ကို ဖြတ်ပြီးဖြစ်၏၊ ဤခန္ဓာကိုယ်သည် အဆုံးစွန် ဖြစ်၏။

၃၅၂။ ဝီတတဏှော အနာဒါနော၊
နိရုတ္တိပဒကောဝိဒေါ။
အက္ခရာနံ သန္နိပါတံ၊
ဉာဏ ပုဗ္ဗာပရာနိ စ။
သ ဝေ "အန္တိမသာရီရော၊
မဟာပညော မဟာပုရိသော"တိ ဝုစ္စတိ။

၃၅၂။ တဏှာကင်းသော စွဲလမ်းခြင်းမရှိသော နိရုတ္တိပဋိသမ္ဘိဒါ၌ လိမ္မာသော အက္ခရာတို့၏ အပေါင်းကိုလည်း သိသော ရှေ့နောက် အက္ခရာတို့ကိုလည်း သိသော အဆုံးစွန်ဖြစ်သော ကိုယ်ခန္ဓာ ရှိသောထိုပုဂ္ဂိုလ်ကိုစင်စစ်ကြီးသော ပညာရှိသူ ယောကျ်ားမြတ်ဟူ၍ ခေါ်ဆို အပ်၏။

## ၉-ဥပကာဇီဝကဝတ္ထု

၃၅၃။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟမသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။

၃၅၃။ ငါသည် အလုံးစုံ တရားတို့ကို နှိမ်နင်း၍ တည်၏၊ အလုံးစုံသော တရားသဘောကို သိ၏၊ အလုံးစုံသော သဘောတရားတို့၌ ကပ်ငြိတွယ်တာခြင်း မရှိ၊ အလုံးစုံသော တေဘုမ္မက တရားကို စွန့်၏၊တဏှာကုန်ခန်းရာ အရဟတ္တဖိုလ်၌ ကိလေသာမှ လွတ်၏၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ အဘယ်သူကို(ငါ့ဆရာဟု)ညွှန်ပြရအံ့နည်း။

## ၁၀-သက္ကပဥှဝတ္ထု

၃၅၄။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

၃၅၄။ တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊ တရားအရသာသည် အရသာ အားလုံးကို အောင်

နိုင်၏၊တရား၌ မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံ ဆင်းရဲကို အောင်နိုင်၏။

## ၁၁-အပုတ္တကသေဋ္ဌိဝတ္ထု

၃၅၅။ ဟနန္တိ ဘောဂါ ဒုမ္မေဓံ၊
နော စ ပါရဂဝေသိနော။
ဘောဂတဏှာယ ဒုမ္မေဓော၊
ဟန္တိ အညေဝ အတ္တနံ။

၃၅၅။ စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏၊ (နိဗ္ဗာန်တည်းဟူသော)တဖက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်၊ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

## ၁၂-အင်္ကုရဝတ္ထု

၃၅၆။ တိဏဒေါသာနိ ခေတ္တာနိ၊
ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၆။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါ အပေါင်းကို ရာဂသည် ဖျက်ဆီး၏၊ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၇။ တိဏဒေါသာနိ ခေတ္တာနိ၊
ဒေါသဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၇။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို ဒေါသသည် ဖျက်ဆီး၏၊ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၈။ တိဏဒေါသာနိ ခေတ္တာနိ၊
မောဟဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတမောဟေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၈။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို မောဟသည် ဖျက်ဆီး၏၊ ထို့ကြောင့် မောဟကင်းသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၉။ တိဏဒေါသာနိ ခေတ္တာနိ၊
ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃၅၉။ လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို အလိုရမက်သည် ဖျက်ဆီး၏၊ ထို့ကြောင့် အလိုရမက် ကင်းသောပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(တိဏဒေါသာနိ ခေတ္တာနိ၊
တဏှာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတတဏှေသု၊
ဒိန္နံ ဟောတိ မဟပ္ဖလံ။)

(လယ်ယာတို့ကို မြက်ပေါင်းတို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါအပေါင်းကို တဏှာသည် ဖျက်ဆီး၏၊ ထို့ကြောင့် တဏှာ ကင်းသော ပုဂ္ဂိုလ် တို့၌ ပေးလှူ ခြင်းသည် အကျိုးကြီး၏။[၁])

နှစ်ဆယ့်လေးခုမြောက် တဏှာဝဂ် ပြီး၏။

---

## ၂၅-ဘိက္ခုဝဂ် ၁-ပဉ္စဘိက္ခုဝတ္ထု

၃၆၀။ စက္ခုနာ သံဝရော သာဓု၊
သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊
သာဓု ဇိဝှါယ သံဝရော။

၃၆၀၊ အကုသိုလ် မဖြစ်ရန် စက္ခုဒွါရ၌ စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏၊ သောတဒွါရ၌ စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏၊ ဃာနဒွါရ၌ စောင့်စည်းပိတ်ဆို့ မှုသည် ကောင်း၏ ဇိဝှါဒွါရ၌ စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏။

---

၁။ နိုင်ငံခြားစာမူတို့၌မရှိ၊ အဋ္ဌကထာ၌လည်းမပါ။

**၃၆၁။** ကာယေန သံဝရော သာဓု၊
သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊
သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊
သဗ္ဗဒုက္ခာ ပမုစ္စတိ။

၃၆၁။ ကာယဒွါရ၌ စောင့်စည်း ပိတ်ဆို့ မှုသည် ကောင်း၏၊ ဝစီဒွါရ၌ စောင့်စည်းပိတ်ဆို့မှုသည်ကောင်း၏၊ မနောဒွါရ၌ စောင့်စည်း ပိတ်ဆို့ မှုသည် ကောင်း၏၊ အလုံးစုံသော ဒွါတို့၌ စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏၊ အလုံးစုံသော ဒွါရတို့၌ စောင့်စည်းပိတ်ဆို့နိုင်သော ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်မြောက်နိုင်၏။

## ၂-ဟံသဃာတကဘိက္ခုဝတ္ထု

၃၆၂။ ဟတ္ထသံယတော ပါဒသံယတော၊
ဝါစာသံယတော သံယတုတ္တမော။
အဇ္ဈတ္တရတော သမာဟိတော၊
ဧကော သန္တုသိတော တမာဟု ဘိက္ခုံ[၁]။

၃၆၂။ အကြင်သူသည် လက်ကို စောင့်စည်း၏၊ ခြေကို စောင့်စည်း၏၊ နှုတ်ကို စောင့်စည်း၏၊ တကိုယ်လုံးကို စောင့်စည်း၏ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်ကာ တည်ကြည်သော စိတ်ရှိ၏၊တယောက်တည်းနေ၍ (ရရသမျှဖြင့်) ရောင့်ရဲနိုင်၏၊ ထိုသူကို ရဟန်းဟူ၍ ဆိုကုန်၏၊

၁။ ပါဠိတော်၌ တမာဟု ဘိက္ခု-ရှိရမည့် အရာ တမာဟု ဘိက္ခုံ ရှိနေသည်။

## ၃-ကောကာလိကဝတ္ထု

၃၆၃။ ယော မုခသံယတော ဘိက္ခု၊
မန္တဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊
မဓုရံ တဿ ဘာသိတံ။

၃၆၃။ အကြင် ရဟန်းသည် နှုတ်ကို စောင့်စည်း၏၊ ပညာဖြင့် ဆင်ခြင်၍ ပြော်ဆိုလေ့ရှိ၏၊ မပျံ့လွင့်သော စိတ်ရှိ၏၊ အနက်အဓိပ္ပါယ်ကိုရင်း ပါဠိကိုရင်း ဟောပြတတ်၏၊ ထိုရဟန်းဟောပြသော စကားသည် ချိုမြိန်သာယာ၏။

## ၄-ဓမ္မာရာမတ္ထေရဝတ္ထု

၃၆၄။ ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ။
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ။

၃၆၄။ တရားလျှင် မွေ့လျော်ရာရှိသော တရား၌ မွေ့လျော်တတ်သော တရားကို အဖန်ဖန် ကြံစည်တတ်သော တရားကို အဖန်ဖန် အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

## ၅-ဝိပက္ခသေဝကဘိက္ခုဝတ္ထု

၃၆၅။ သလာဘံ နာတိမညေယျ၊
နာညေသံ ပိဟယံ စရေ။
အညေသံ ပိဟယံ ဘိက္ခု၊
သမာဓိံ နာဓိဂစ္ဆတိ။

၃၆၅။ မိမိရမည့် လာဘ်လာဘကို (မတရားရှာမှီးသော အားဖြင့်)စက်ဆုပ်ဖွယ် မဖြစ်စေရာ၊ သူတပါးတို့၏ လာဘ် လာဘကို မနှစ်သက် မတောင့်တရာ၊ သူတပါးတို့၏ လာဘ် လာဘကို နှစ်သက်တောင့်တသော ရဟန်းသည် တည်ကြည်မှု 'သမာဓိ'ကို မရနိုင်။

၃၆၆။ အပ္ပလာဘောပိ စေ ဘိက္ခု၊
သလာဘံ နာတိမညတိ။
တံ ဝေ ဒေဝါ ပသံသန္တိ၊
သုဒ္ဓါဇီဝိံ အတန္ဒိတံ။

၃၆၆။ ရဟန်းသည် လာဘ်လာဘနည်းသော်လည်း မိမိ လာဘ်လာဘကို (မတရားရှာမှီးသော အားဖြင့်) အကယ်၍ စက်ဆုပ်ဖွယ် မဖြစ်စေခဲ့မူ အသက်မွေးစင်ကြယ်၍ မပျင်းမရိ လုံ့လရှိသော ထိုရဟန်းကို နတ်တို့သည် ကေန် ချီးမွမ်းကုန်၏။

## ၆-ပဥ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု

၃၆၇။ သဗ္ဗသော နာမရူပသ္မိံ၊
ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊
သ ဝေ “ဘိက္ခူ”တိ ဝုစ္စတိ။

၃၆၇။ အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရား အား လုံး၌ (ငါ ငါ၏ဥစ္စာဟု) မြတ်နိုးစွဲလမ်းမှုမရှိ၊ (ထို)နာမ်ရုပ် ပျက်စီးသော်လည်း မစိုးရိမ်၊ထိုပုဂ္ဂိုလ်ကို “ဘိက္ခု”အစစ် ဟူ၍ ဆိုအပ်၏။

## ၇-သမ္မဟုလဘိက္ခုဝဂ္ဂ

၃၆၈။ မေတ္တာဝိဟာရီ ယော ဘိက္ခု၊
ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊
သင်္ခါရူပသမံ သုခံ။

၃၆၈။ မေတ္တာတရားကို ပွါးများလေ့ရှိသော မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုသော ရဟန်းသည် သင်္ခါရတို့၏ငြိမ်းရာ ငြိမ်သက်ချမ်းသာအေးသော နိဗ္ဗာန်ကို ရနိုင်၏။

၃၆၉။ သိဉ္စ ဘိက္ခု ဣမံ နာဝံ၊
သိတ္တာ တေ လဟုမေဿတိ။
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ၊
တတော နိဗ္ဗာနမေဟိသိ။

၃၆၉။ ရဟန်း ဤ(ခန္ဓာကိုယ် တည်းဟူသော) လှေမှ (မိစ္ဆာဝိတက် ဟူသောရေကို) ပက်ထုတ်လော့၊ ထိုသို့ ပက်ထုတ်လျှင် သင်၏ (ခန္ဓာကိုယ် တည်းဟူသော) လှေသည် လျင်စွာ သွားနိုင်လတ္တံ့၊ ရာဂ ဒေါသကို ပယ်ဖြတ်နိုင်လျှင် နိဗ္ဗာန်သို့ ရောက်လတ္တံ့။

၃၇၀။ ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊
ပဉ္စ စုတ္တရိ ဘာဝယေ။
ပဉ္စသင်္ဂါတိဂေါ ဘိက္ခု၊
"ဩဃတိဏ္ဏော"တိ ဝုစ္စတိ၊

၃၇၀။ (အောက်ပိုင်း သံယောဇဉ်)ငါးပါးကို ဖြတ်ရာ၏၊ (အထက်ပိုင်း သံယောဇဉ်)ငါးပါးကို စွန့်ရာ၏၊(သဒ္ဓါစသော) ငါးပါးသောတရားတို့ကို အလွန်ပွါးရာ၏၊ (လောဘစသော)

ငြိတွယ်ခြင်း ငါးပါးမှ လွန်မြောက်သော ရဟန်းကို "သံသရာဝဲသြဃကို ကူးမြောက်ပြီးသူ"ဟူ၍ ဆိုအပ်၏။

၃၇၁။ ဈာယ ဘိက္ခု မာ ပမာဒေါ၊
မာ တေ ကာမဂုဏေ ရမေဿု စိတ္တံ။
မာ လောဟဂုဠံ ဂိလီ ပမတ္တော၊
မာ ကန္ဒိ "ဒုက္ခမိဒ"န္တိ ဒယှမာနော။

၃၇၁။ ရဟန်း(အနိစ္စ စသည်ဖြင့်)ရှုလော့၊ မမေ့မလျော့လင့်၊ သင်၏ စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်စေလင့်၊ မေ့လျော့၍ သံတွေခဲကို မမျိုလင့်၊ လောင်သည်ရှိသော် ဤသို့ အလောင်ခံရခြင်းသည် "ဆင်းရဲလေစွ"ဟု မငိုကြွေးလင့်။

၃၇၂။ နတ္ထိ ဈာနံ အပညဿ၊ ပညာ နတ္ထိ အဈာယတော။
ယမှိ ဈာနဉ္စ ပညာ စ၊ သ ဝေ နိဗ္ဗာနသန္တိကေ။

၃၇၂။ ပညာမရှိသူအား (သမာဓိ) ဈာန်မရှိ၊ သမာဓိဈာန်မရှိသူအား ဝိပဿနာပညာမရှိ၊ အကြင်ပုဂ္ဂိုလ်၌ သမာဓိဈာန်သည်ရင်း ဝိပဿနာပညာသည်ရင်း(ရှိ၏)၊ ထိုသူသည် နိဗ္ဗာန်နှင့် ကေန်နီးတော့၏။

၃၇၃။ သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

၃၇၃။ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရောက်၍ ကောင်းစွာ တရားကို ရှုမှတ်သော ငြိမ်သက်သော စိတ်ရှိသော ရဟန်းအား လူ(သာမန်)တို့နှင့် မထိုက်သော ဝိပဿနာဈာန်စသော တရား၌ မွေ့လျော်ခြင်းသည် ဖြစ်၏။

၃၇၄။ ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

၃၇၄။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း သုံးသပ်ဆင်ခြင်တိုင်း နှစ်သက်မှု 'ပီတိ' ဝမ်းမြောက်မှု 'ပါမောဇ္ဇ'ကိုရ၏၊ ထိုနှစ်သက် ဝမ်းမြောက်မှုသည် ပင် တရားမှန်ကိုသိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင်တည်း။

၃၇၅။ တတြာယမာဒိ ဘဝတိ၊ ဣဓ ပညဿ ဘိက္ခုနော။
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော။

၃၇၅၊ ဤသာသနာတော်၌ ဣန္ဒြေကို စောင့်ထိန်းမှု (အာဇီဝ ပစ္စယနှစ်ပါး၌) ရောင့်ရဲမှု ပါတိမောက္ခ သီလ၌ စောင့်စည်းမှု (စတုပါရိသုဒ္ဓိသီလ) လေးပါးသည် ပညာရှိရဟန်းအတွက် ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်၌ အဦးအစ ဖြစ်၏။

၃၇၆။ မိတ္တေ ဘဇဿု ကလျာဏေ၊
သုဒ္ဓါဇီဝေ အတန္ဒိတေ။
ပဋိသန္ထာရဝုတျဿ၊
အာစာရကုသလော သိယာ။
တတော ပါမောဇ္ဇဗဟုလော၊
ဒုက္ခဿန္တံ ကရိဿတိ။

၃၇၆။ စင်ကြယ်သော အသက်မွေးခြင်းရှိ၍ မပျင်းရိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့၊ အာမိသဓမ္မ ပဋိသန္ထာရနှစ်ပါးတို့နှင့် ပြည့်စုံစေရာ၏၊ ကျင့်ဝတ်သီလတို့၌

လိမ္မာရာ၏၊ ထိုဆိုခဲ့ပြီးသော အကြောင်းတို့ကြောင့် ဝမ်းမြောက်မှုများသည်ဖြစ်၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့။

## ၈-ပဥ္စသတဘိက္ခုဝတ္ထု

၃၇၇။ ဝဿိကာ ဝိယ ပုပ္ဖါနိ၊ မဒ္ဒဝါနိ ပမုဥ္စတိ။
ဧဝံ ရာဂဥ္စ ဒေါသဥ္စ၊ ဝိပ္ပမုဥ္စေထ ဘိက္ခဝေါ။

၃၇၇။ ရဟန်းတို့ မုလေးပန်းပင်တို့သည် ရင့်ရော် ညှိုးနွမ်းကုန်သော ပန်းပွင့်တို့ကို စွန့်လွှတ်ဘိသကဲ့သို့ ဤအတူ သင်တို့သည် ရာဂကိုရင်း ဒေါသကိုရင်း စွန့်လွှတ်ကြကုန်လော့။

## ၉-သန္တကာယတ္ထေရဝတ္ထု

၃၇၈။ သန္တကာယော သန္တဝါစော၊
သန္တဝါ သုသမာဟိတော။
ဝန္တလောကာမိသော ဘိက္ခု၊
"ဥပသန္တော"တိ ဝုစ္စတိ။

၃၇၈။ ကောင်းစွာ တည်ကြည်သည် ဖြစ်၍ ငြိမ်သက်သောကိုယ် ငြိမ်သက်သောနှုတ် ငြိမ်သက်သောစိတ် ရှိသော လောကီစည်းစိမ် အရှိန်အစော်စသည်ကို ထွေးအန်ပြီးသော ရဟန်းကို ငြိမ်းအေးသော ရဟန်းဟူ၍ ဆိုအပ်၏။

## ၁၀-နင်္ဂလကုလတ္ထေရဝတ္ထု

၃၇၉။ အတ္တနာ စောဒယတ္တာနံ၊
ပဋိမံသေထ အတ္တနာ။
သော အတ္တဂုတ္တော သတိမာ၊
သုခံ ဘိက္ခု ဝိဟာဟိသိ။

၃၇၉။ ရဟန်း မိမိကိုယ်တိုင် စောကြောစစ်ဆေးလေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် ဆင်ခြင်လေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် စောင့်ရှောက်သည်ဖြစ်၍ သတိရှိသော သင်သည် ချမ်းသာစွာ နေရလတ္တံ့။

၃၈၀။ အတ္တာ ဟိ အတ္တနော နာထော၊
(ကော ဟိ နာထော ပရော သိယာ)[၁]
အတ္တာ ဟိ အတ္တနော ဂတိ။
တသ္မာ သံယမမတ္တာနံ၊
အဿံ ဘဒြံဝ ဝါဏိဇော။

၃၈၀။ မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာ ဖြစ်၏၊ တပါးသောသူသည် အဘယ်မှာ ကိုးကွယ်ရာ ဖြစ်နိုင်အံ့နည်း၊ မိမိသည်သာလျှင် မိမိ၏ လည်းလျှောင်းရာ ဖြစ်၏၊ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းမြင်းကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်လေလော့။

## ၁၁-ဝက္ကလိတ္ထေရဝတ္ထု

၃၈၁။ ပါမောဇ္ဇဗဟုလော ဘိက္ခု၊
ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊
သင်္ခါရူပသမံ သုခံ။

၃၈၁။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုမြတ်နိုး၍ ဝမ်းမြောက်ခြင်းများသော ရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာ ငြိမ်သက်ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏။

---

၁။ နိုင်ငံခြားမူများ၌ မရှိ။

## ၁၂-သုမနသာမဏေရဝတ္ထု

၃၈၂။ ယော ဟဝေ ဒဟရော ဘိက္ခု၊
ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သော'မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

၃၈၂။ အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်း မြတ်စွာဘုရားသာသနာတော်၌ စင်စစ် လုံ့လကြိုးကုတ် အားထုတ်၏၊ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သော လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

နှစ်ဆယ့်ငါးခုမြောက် ဘိက္ခုဝဂ် ပြီး၏။

---

## ၂၆-ဗြာဟ္မဏဝဂ် ၁-ပသာဒဗဟုလဗြာဟ္မဏဝတ္ထု

၃၈၃။ ဆိန္ဒ သောတံ ပရက္ကမ္မ၊
ကာမေ ပနုဒ ဗြာဟ္မဏ။
သင်္ခါရာနံ ခယံ ဉတွာ၊
အကတညူသိ ဗြာဟ္မဏ။

၃၈၃။ သူတော်ကောင်း-တဏှာတည်းဟူသော အယဉ်ကို ဖြတ်လော့၊ လုံ့လပြု၍ ကာမတို့ကို ပယ်လော့၊ သင်္ခါရတို့၏ ကုန်ရာကိုသိ၍ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိလော့၊ ရဟန္တာ ဖြစ်လေလော့။

## ၂-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၈၄။ ယဒါ ဒွယေသု ဓမ္မေသု၊
ပါရဂူ ဟောတိ ဗြာဟ္မဏော။
အထဿ သဗ္ဗေ သံယောဂါ၊
အတ္ထံ ဂစ္ဆန္တိ ဇာနတော။

၃၈၄။ သူတော်ကောင်းသည် နှစ်ပါးသော သမထဝိပဿနာတရားတို့၌ ကမ်းတဖက်သို့ ရောက်၏၊ ထိုအခါ တရားမှန်ကို သိသော သူတော်ကောင်းအား အလုံးစုံသော ကာမရာဂသံယောဇဉ်စသည်တို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။

## ၃-မာရဝတ္ထု

၃၈၅။ ယဿ ပါရံ အပါရံ ဝါ၊ ပါရာပါရံ န ဝိဇ္ဇတိ။
ဝီတဒ္ဒရံ ဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၈၅။ အကြင်ပုဂ္ဂိုလ်အား (စက္ခုစသော အတွင်းအာယတနခြောက်ပါးတည်းဟူသော) ကြမှာဘက်ကမ်းသည်ရင်း (ရူပါရုံစသော အပြင်အာယတန ခြောက်ပါးတည်းဟူသော) ထိုမှာဘက်ကမ်းသည်ရင်း ထိုမှာဘက် ကြမှာဘက်ကမ်းနှစ်ပါးသည်ရင်း မရှိ၊ ပူပန်ခြင်း ကင်းသည်ဖြစ်၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူ၏။

## ၄-အညတရဗြာဟ္မဏဝတ္ထု

၃၈၆။ ဈာယိံ ဝိရဇ'မာသီနံ၊ ကတကိစ္စ'မနာသဝံ။
ဥတ္တမတ္ထ'မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၈၆။ အနိစ္စသော လက္ခဏာကို ရှု၍ ကိလေသာမှု ကင်းလျက်(တကိုယ်တည်း)နေလေ့ရှိသော ရဟန်းကိစ္စ ပြီးပြီးသော အာသဝေါကင်း၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူ၏။

## ၅-အာနန္ဒတ္ထေရဝတ္ထု

✓ ၃၈၇။ ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိံမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

၃၈၇။ နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏၊ လမင်းသည် ညဉ့်အခါ၌သာ တင့်တယ်၏၊မင်းသည် မင်းမြောက်တန်ဆာ ဆင်မှသာလျှင် တင့်တယ်၏၊ ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်၏၊ အမှန်သော်ကား မြတ်စွာဘုရားသည်သာ တန်ခိုးတော်ဖြင့် အလုံးစုံသော နေ့ညဉ့်ပတ်လုံး တင့်တယ်၏။

## ၆-အညတရဗြာဟ္မဏပဗ္ဗဇိတဝတ္ထု

✓ ၃၈၈။ ဗာဟိတပါပေါတိ ဗြာဟ္မဏော၊
သမစရိယာ "သမဏော"တိ ဝုစ္စတိ။
ပဗ္ဗာဇယမတ္တနော မလံ၊
တသ္မာ "ပဗ္ဗဇိတော"တိ ဝုစ္စတိ။

၃၈၈။ မကောင်းမှုကို အပပြုပြီးဖြစ်သောကြောင့် ဗြာဟ္မဏဟု ခေါ်ဆိုအပ်၏၊ မကောင်းမှုကို ငြိမ်းစေတတ်သော အကျင့်ရှိသောကြောင့် သမဏ ဟု ခေါ်ဆိုအပ်၏၊ မိမိ၏ ကိလေသာ အညစ်အကြေးကို ထုတ်ပယ်သောကြောင့် ပဗ္ဗဇိတ ဟု ခေါ်ဆိုအပ်၏။

## ၇-သာရိပုတ္တတ္ထေရဝတ္ထု

၃၈၉။ န ဗြာဟ္မဏဿ ပဟာရေယျ၊
နာဿ မုဉ္စေထ ဗြာဟ္မဏော။
ဓိ ဗြာဟ္မဏဿ ဟန္တာရံ၊
တတော ဓိ ယဿ မုဉ္စတိ။

၃၈၉။ သူတော်ကောင်း (ဗြာဟ္မဏ)ကို မပုတ်ခတ်ရာ၊ သူတော်ကောင်းသည် မိမိကို ပုတ်ခတ်သော ထိုသူအား အမျက်မထွက်ရာ၊ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ် ဖြစ်၏၊ ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထို့ထက်သာ၍ပင် စက်ဆုပ်ဖွယ်ဖြစ်၏။

၃၉၀။ န ဗြာဟ္မဏဿေ'တဒကိဉ္စိ သေယျော၊
ယဒါ နိသေဓော မနသော ပိယေဟိ။
ယတော ယတော ဟိံသမနော နိဝတ္တတိ၊
တတော တတော သမ္မတိမေဝ ဒုက္ခံ။

၃၉၀။ ချစ်နှစ်သက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ကို မတားမြစ်နိုင်ခဲ့မူ ထိုမတားမြစ်နိုင်ခြင်းသည် သူတော်ကောင်းအတွက် အနည်းငယ်မျှပင် မမြတ်၊ အကြင်

အကြင်ဝတ္ထုမှ ညှဉ်းဆဲလိုသော စိတ်သည် ဆုတ်နစ်၏၊ ထိုထို ဝတ္ထုမှ ဆင်းရဲမှု ငြိမ်းသည်သာတည်း။

## ၈-မဟာပဇာပတိဂေါတမီဝတ္ထု

၃၉၁။ ယဿ ကာယေန ဝါစာယ၊
မနသာ နတ္ထိ ဒုက္ကဋံ။
သံဝုတံ တီဟိ ဌာနေဟိ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၁။ အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်ဖြင့်ရင်း မကောင်းမှု ပြုခြင်း မရှိ၊ ကိုယ် နှုတ် စိတ် သုံးပါးတို့ဖြင့် စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

## ၉-သာရိပုတ္တတ္ထေရဝတ္ထု

၃၉၂။ ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။

၃၉၂။ အကြင်ဆရာထံမှ မြတ်စွာဘုရား ဟောကြားအပ်သော တရားကို သိရာ၏၊ ပုဏ္ဏားသည် မီးကို ပူဇော်သကဲ့သို့ ထိုဆရာကို ရိုသေစွာ ရှိခိုးရာ၏။

## ၁၀-ဇဋိလဗြာဟ္မဏဝတ္ထု

၃၉၃။ န ဇဋာဟိ န ဂေါတ္တေန၊
န ဇစ္စာ ဟောတိ ဗြာဟ္မဏော။
ယမှိ သစ္စဉ္စ ဓမ္မော စ၊
သော သုစီ သော စ ဗြာဟ္မဏော။

၃၉၃။ ဆံကျစ်ထုံးခြင်းတို့ဖြင့်၎င်း အနွယ်အားဖြင့်၎င်း ဇာတ်အားဖြင့်၎င်း ဗြာဟ္မဏ မဖြစ်နိုင်၊ သစ္စာဉာဏ်နှင့် လောကုတ္တရာတရားရှိသူသည်သာ စင်ကြယ်သူလည်း ဖြစ်၏၊ ဗြာဟ္မဏလည်း ဖြစ်၏။

## ၁၁-ကုဟကဗြာဟ္မဏဝတ္ထု

၃၉၄။ ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊
ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရံ တေ ဂဟနံ၊
ဗာဟိရံ ပရိမဇ္ဇသိ။

၃၉၄။ ပညာမရှိသောရသေ့-သင့်အား ဆံကျစ်ထုံးခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သစ်နက်ရေဝတ်ခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း၊ သင်၏ ကိုယ်တွင်း၌ ကိလေသာတောရှိသည်ဖြစ်လျက်ပြင်ပကိုသာ သုတ်သင်ဘိ၏။

## ၁၂-ကိသာဂေါတမီဝတ္ထု

၃၉၅။ ပံသုကူလဓရံ ဇန္တုံ၊
ကိသံ ဓမနိသန္ထတံ။
ဧကံ ဝနသ္မိံ ဈာယန္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၅။ ပံသုကူသင်္ကန်းကို ဆောင်သော ကြုံလှီ၍အကြောပြိုင်းပြိုင်းထသော တယောက်တည်း တောထဲ၌ ဈာန်ဝင်စားလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၃-ကေဗြာဟ္မဏဝတ္ထု

၃၉၆။ န စာဟံ ဗြာဟ္မဏံ ဗြူမိ၊
ယောနိဇံ မတ္တိသမ္ဘဝံ။
ဘောဝါဒီ နာမ သော ဟောတိ၊
သစေ ဟောတိ သကိဉ္စနော။
အကိဉ္စနံ အနာဒါနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၆။ ပုဏ္ဏားမျိုး၌ဖြစ်သော ပုဏ္ဏေးမမှ ဖြစ်သောသူကို ဗြာဟ္မဏဟု ငါဘုရားမဟော၊ ထိုပုဏ္ဏားသည် ရာဂစသော ကြောင့်ကြမှု ကိလေသာရှိခဲ့မူ ဘောဝါဒီအမည်ရှိ၏၊ ကြောင့်ကြမှု ကိလေသာလည်း မရှိ၊ စွဲလမ်းမှုလည်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၄-ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု

၃၉၇။ သဗ္ဗသံယောဇနံ ဆေတွာ၊
ယော ဝေ န ပရိတဿတိ။
သင်္ဂါတိဂံ ဝိသံယုတ္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၇။ အကြင်ပုဂ္ဂိုလ်သည် အနှောင်အဖွဲ့ 'သံယောဇဉ်' အားလုံးကို ဖြတ်၍ ထိတ်လန့်ပူပန်မှုမရှိ၊ ကပ်ငြိတတ်သည့် ကိလေသာကို လွန်သော ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၅-ဒွေပြာဟ္မဏဝတ္ထု

၃၉၈။ ဆေတွာ နဒ္ဓိံ ဝရတ္တဉ္စ၊ သန္ဒာနံ သဟနုက္ကမံ။
ဥက္ခိတ္တပလိဃံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၈။ (ဒေါသတည်းဟူသော)နှောင်ကြိုးကိုရင်း(တဏှာတည်းဟူသော) လွန်ကြိုးကိုရင်း (ကိန်းအောင်းနေသော ကိလေသာနှင့် တကွသော)မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးတည်း ဟူသော ထူးကြိုးကိုရင်း ဖြတ်၍ အဝိဇ္ဇာ တံခါးကျည်မင်းတုပ်ကို နုတ်ပယ်ပြီးလျှင် သစ္စာလေးပါးကို သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၆-အက္ကောသကဘာရဒွါဇဝတ္ထု

၃၉၉။ အက္ကောသံ ဝဓဗန္ဓဉ္စ၊ အဒုဋ္ဌော ယော တိတိက္ခတိ။
ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၃၉၉။ အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း ပုတ်ခတ်ညှဉ်းဆဲခြင်း နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ပဲ သည်းခံ၏၊ သည်းခံခြင်း အားတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၇-သာရိပုတ္တတ္ထေရဝတ္ထု

၄၀၀။ အက္ကောဓနံ ဝတဝန္တံ၊
သီလဝန္တံ အနုဿဒံ။
ဒန္တံ အန္တိမသာရီရံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၀။ အမျက်လည်းမထွက် (ဓုတင်) အကျင့်လည်းရှိ သီလနှင့်လည်း ပြည့်စုံသော တဏှာ ပြန့်ပြောခြင်းလည်းမရှိ ယဉ်ကျေး၍ အဆုံးစွန်သော ကိုယ်ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၁၈-ဥပ္ပလဝဏ္ဏာတ္ထေရိဝတ္ထု

၄၀၁။ ဝါရိ ပေါက္ခရပတ္တေဝ၊
အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၁။ ကြာဖက်၌ ရေမတင်သကဲ့သို့ရင်း (ပွတ်ဆောက်) စူးဖျား၌ မုန်ညင်းစေ့ မတည်နိုင်သကဲ့သို့ရင်း ကာမတို့၌ မလိမ်းကျံ မကပ်ငြိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၁၉-အညတရဗြာဟ္မဏဝတ္ထု

၄၀၂။ ယော ဒုက္ခဿ ပဇာနာတိ၊
ဣဓေဝ ခယမတ္တနော။
ပန္နဘာရံ ဝိသံယုတ္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၂။ အကြင်ပုဂ္ဂိုလ်သည် ဤဘဝ၌ပင် မိမိဆင်းရဲ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို သိ၏၊ ချအပ်သော ခန္ဓာဝန်ရှိ၍ ကိလေသာနှင့်မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၂၀-ခေမာဘိက္ခုနီဝတ္ထု

၄၀၃။ ဂမ္ဘီရပညံ မေဓာဝိံ၊
မဂ္ဂါမဂ္ဂဿ ကောဝိဒံ။
ဥတ္တမတ္ထံ အနုပ္ပတ္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၃။ နက်နဲသော ပညာရှိသော ထက်မြက်သော ပညာရှိသော လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၁-ပဗ္ဘာရဝါသီတိဿတ္ထေရဝတ္ထု

၄၀၄။ အသံသဋ္ဌံ ဂဟဋ္ဌေဟိ၊ အနာဂါရေဟိ စူဘယံ။
အနောကသာရိံ အပ္ပိစ္ဆံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၄။ လူတို့နှင့်ရင်း ရဟန်းတို့နှင့်ရင်း နှစ်ပါးစုံသော သူတို့နှင့် မရောယှက်သော တဏှာကင်းကြောင်း အကျင့်ရှိသည်ဖြစ်၍ အလိုနည်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၂-အညတရဘိက္ခုဝတ္ထု

၄၀၅။ နိဓာယ ဒဏ္ဍံ ဘူတေသု၊
တသေသု ထာဝရေသု စ။
ယော န ဟန္တိ န ဃာတေတိ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၅။ အကြင်ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော(ပုထုဇဥ် သေက္ခ) ပုဂ္ဂိုလ်တို့၌၎င်း မကြောက်မလန့် တည်တံ့သော (ရဟန္တာ)ပုဂ္ဂိုလ်တို့၌၎င်း တုတ်လက်နက်ကို ပယ်ချထားပြီး ဖြစ်၍မိမိလည်း မသတ် သူတပါးကိုလည်း မသတ်စေ၊ထိုပုဂ္ဂိုလ် ကိုဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၂၃-သာမဏေရာနံဝတ္ထု

၄၀၆။ အဝိရုဒ္ဓံ ဝိရုဒ္ဓေသု၊
အတ္တဒဏ္ဍေသု နိဗ္ဗုတံ။
သာဒါနေသု အနာဒါနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၆။ ဆန့်ကျင်ဖက်ပြုသူတို့၌ မဆန့်ကျင်သော ဓား တုတ်ရှိသော သူတို့၌ ဓားတုတ် ချထားပြီးသည်ဖြစ်၍ ရန်ငြိမ်း သော စွဲလမ်းအပ်သောအရာတို့၌ စွဲလမ်းခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၄-မဟာပန္ထကတ္ထေရဝတ္ထု

၄၀၇။ ယဿ ရာဂေါ စ ဒေါသော စ၊
မာနော မက္ခော စ ပါတိတော။
သာသပေါရိဝ အာရဂ္ဂါ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၇။ မုန့်ညင်းစေ့သည်(ပွတ်ဆောက်)စူးဖျားမှ လျှော ကျသကဲ့သို့ စွဲမက်မှု'ရာဂ'အမျက်ထွက်မှု'ဒေါသ' ထောင်လွှား မှု'မာန' သူတပါး၏ဂုဏ်ကို ဖျက်ဆီးမှု 'မက္ခ'တို့ ကင်းပလျှော ကျပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၅-ပိလိန္ဒဝစ္ဆတ္ထေရဝတ္ထု

၄၀၈။ အကက္ကသံ ဝိညာပနိံ၊ ဂိရံ သစ္စံ မုဒီရယေ။
ယာယ နာဘိသဇေ ကဉ္စိ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၈။ နူးညံ့ပြေပြစ်၍ သဘောအဓိပ္ပါယ် ပေါ်လွင်စေသော မှန်သောစကားကို ပြောဆိုရာ၏၊ မည်သည့် တစုံတယောက်ကိုမျှ အမျက်ဒေါသဖြင့် မထိခိုက် မငြိစွန်းစေရာ၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၆-အညတရတ္ထေရဝတ္ထု

၄၀၉။ ယောဓ ဒီဃံ ဝ ရဿံ ဝါ၊
အဏုံ ထူလံ သုဘာသုဘံ။
လောကေ အဒိန္နံ နာဒိယတိ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၀၉။ လောက၌ ပိုင်ရှင်မပေးသော ဥစ္စာကို ရှည်သည်ဖြစ်စေ တိုသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ မခိုးယူသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၂၇-သာရိပုတ္တတ္ထေရဝတ္ထု

၄၁၀။ အာသာ ယဿ န ဝိဇ္ဇန္တိ၊
အသ္မိံ လောကေ ပရမှိ စ။
နိရာသာသံ ဝိသံယုတ္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၀။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌ရင်း တမလွန်လောက၌ရင်း မက်မောမှု တဏှာတို့ မရှိကုန်၊ မက်မောမှု အာသာကင်း၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၂၈-မဟာမောဂ္ဂလ္လာနတ္ထေရဝတ္ထု

၄၁၁။ ယဿာလယာ န ဝိဇ္ဇန္တိ၊ အညာယ အကထံကထီ။
အမတောဂဓံ'မနုပ္ပတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၁။ အကြင်ပုဂ္ဂိုလ်အား ကပ်ငြိတွယ်တာခြင်းတို့ မရှိကုန်၊ တရားမှန်ကိုသိ၍ သို့လော သို့လောဟု တွေးတောခြင်း မရှိ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၂၉-ရေဝတတ္ထေရဝတ္ထု

၄၁၂။ ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂ'မုပစ္စဂါ။
အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၂။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်ကံနှစ်ပါးစုံ တို့ကိုရင်း ကပ်ငြိတတ်သော တဏှာကိုရင်း လွန်မြောက်၏၊ စိုးရိမ်ခြင်းမရှိသော ကိလေသာ မြူကင်းသော စင်ကြယ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၀-စန္ဒာဘတ္ထေရဝတ္ထု

၄၁၃။ စန္ဒံဝ ဝိမလံ သုဒ္ဓံ၊ ဝိပ္ပသန္န'မနာဝိလံ။
နန္ဒီဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၃။ အညစ်အကြေးကင်းသော လမင်းကဲ့သို့ ကိလေသာ မရှိ၍ စင်ကြယ်သော အထူးသဖြင့် ကြည်လင်သော နောက်ကျုခြင်းမှ ကင်းလျက် ဘဝတို့၌ နှစ်သက်တတ်သည့် တဏှာ ကုန်ခန်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၃၁-သီဝလိတ္ထေရဝတ္ထု

၄၁၄။ ယောမံ ပလိပထံ ဒုဂ္ဂံ၊
သံသာရံ မောဟမစ္စဂါ။
တိဏ္ဏော ပါရဂ်တော ဈာယီ၊
အနေဇော အကထံ ကထီ။
အနုပါဒါယ နိဗ္ဗုတော၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၄။ အကြင်ပုဂ္ဂိုလ်သည် ရာဂတည်းဟူသော ဘေးကိုရင်း ကိလေသာတည်းဟူသော အသွားခက်သည့် ခရီးကိုရင်း သံသရာဟူသော အကူးခက်သည့် သမုဒ္ဒရာကိုရင်း မောဟတည်းဟူသော အမိုက်မှောင်ကိုရင်း လွန်မြောက်ပြီး၊ သြဃလေးပါးကို ကူးမြောက်ပြီး ဖြစ်၍ နိဗ္ဗာန် တည်းဟူသော ကမ်းတဖက်သို့ ရောက်၏၊ ကိလေသာတို့ကို ရှို့မြိုက်လေ့ရှိ၏၊ တဏှာကင်း၍ သို့လော သို့လော တွေးတောမှုမရှိ၊ အစွဲအလမ်း ကင်း၍ ငြိမ်းအေး၏၊ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၃၂-သုန္ဒရသမုဒ္ဒတ္ထေရဝတ္ထု

၄၁၅။ ယောဓ ကာမေ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
ကာမဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၅။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမတို့ကို ပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောကာမ ကုန်ပြီးသောဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၃၃-ဇဋိလတ္ထေရဝတ္ထု

၄၁၆။ ယော'ဓ တဏှံ ပဟန္တွာန၊
အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၆။ ဤလော၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောတဏှာ ကုန်ပြီး သော ဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၄-ဇောတိကတ္ထေရဝတ္ထု

၄၁၇။ ယော'ဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၇။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ် ၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏၊ ကုန်ပြီးသောတဏှာ ကုန်ပြီး သော ဘဝရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၃၅-နဋပုတ္တကတ္ထေရဝတ္ထု

၄၁၈။ ဟိတွာ မာနုသကံ ယောဂံ၊ ဒိဗ္ဗံ ယောဂံ ဥပစ္စဂါ။
သဗ္ဗယောဂဝိသံယုတ္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၇။ အကြင်ပုဂ္ဂိုလ်သည် လူ၌ဖြစ်သော အစီးအပွါးကို ပယ်စွန့်၍ နတ်၌ဖြစ်သော အစီးအပွါးကို လွန်မြောက်၏၊ အလုံးစုံ အစီးအပွါးနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၆-နဋပုတ္တကတ္ထေရဝတ္ထု

၄၁၈။ ဟိတွာ ရတိံ စ အရတိံ စ၊
သီတိဘူတံ နိရူပဓိံ ။
သဗ္ဗလောကာဘိဘုံ ဝီရံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၁၈။ (ကာမဂုဏ်၌) မွေ့လျော်ခြင်း (ဆိတ်ငြိမ်ရာ၌) မမွေ့လျော်ခြင်းကို ပယ်စွန့်၍ ငြိမ်းအေးပြီးသော ဥပဓိမရှိသော အလုံးစုံသော လောကကို လွှမ်းမိုး၍တည်သော ရဲရင့်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၇-ဝင်္ဂီသတ္ထေရဝတ္ထု

၄၂၀။ စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဉ္စ သဗ္ဗသော။
အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၂၀။ အကြင်ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းကိုရင်း ပဋိသန္ဓေနေခြင်းကိုရင်း အလုံးစုံအားဖြင့် သိ၏၊ ကပ်ငြိတွယ်တာခြင်းမရှိသော သူတော်ကောင်းအကျင့်ကို ကောင်းစွာကျင့်၍ (သစ္စာလေးပါးကို) သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

၄၂၁။  ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမာနုသာ။
ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၂၁။  အကြင်ပုဂ္ဂိုလ်၏လားရာ 'ဂတိ'ကို နတ် ဂန္ဓဗ္ဗနတ် လူတို့သည် မသိကုန်၊ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၈-ဓမ္မဒိန္နာတ္ထေရီဝတ္ထု

၄၂၂။  ယဿ ပုရေ စ ပစ္ဆာ စ၊
မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။
အကိဉ္စနံ အနာဒါနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၂၂။  အကြင်ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌ရှင်း အနာဂတ်ခန္ဓာ၌ရှင်း ပစ္စုပ္ပန်ခန္ဓာ၌ရှင်း ကြောင့်ကြမှုမရှိ၊ ကြောင့်ကြမှုမရှိသော စွဲလမ်းမှုကင်းသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၃၉-အင်္ဂုလိမာလတ္ထေရဝတ္ထု

၄၂၃။  ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

၄၂၃။  ရှေ့ဆောင်နွားလား ဥသဘနှင့်တူသော မြတ်၍ လုံ့လရှိသော သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသော မာရ်သုံးပါးကိုအောင်သော တဏှာကင်းသော ကိလေသာ အညစ်အကြေးကို ဆေးကြော၍ပြီးသော သစ္စာလေးပါးကိုသိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

## ၄၀-ဗြာဟ္မဏဝဂ္ဂ

၄၂၃။ ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊
သဂ္ဂါပါယဉ္စ ပဿတိ။
အထော ဇာတိက္ခယံ ပတ္တော၊
အဘိညာဝေါသိတော မုနိ။
သဗ္ဗဝေါသိတဝေါသာနံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

၄၂၃။ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ ဖြစ်ဘူးသော ခန္ဓာ အစဉ်ကို သိ၏၊နတ်ပြည် ငရဲပြည်ကိုလည်း မြင်၏၊ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထူးသောဉာဏ်ဖြင့် သိ၍ နိဗ္ဗာန်သို့ရောက်ပြီးသော ရဟန်းဖြစ်၏၊ အလုံးစုံသော ကိလေသာတို့၏ ကုန်ကြောင်း အကျင့်ကို ကျင့်သုံးအပ်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

နှစ်ဆယ့်ခြောက်ခုမြောက် ဗြာဟ္မဏဝဂ် ပြီး၏။

# ဓမ္မပဒပါဠိတော် မြန်မာပြန် ပြီး၏။



葉松　差し出た右側の下枝がよく利いていて、懸崖風の樹型である。左右相称の